စိတ်ကူးချိုချိုစာအုပ် (၄၀)

# အမှန်တရား မြတ်နိုးခြင်း

## သောင်းထိုက်

၂၀၀၁ ခုနှစ် ဇွန်လ
ဒုတိယအကြိမ်

စကားသစ္စာ
မှန်သော ပါဠိတော်၊
ကြိုးစားလေးနက်
ပေါ်ပေါက်တတ်ရှိ
နှယ်မြတ်သစ်ပင်
ဆေးတက်ဝင်ဆီ

(ရှင်မဟာသီလဝံသ)

# မာတိကာ


| | | | |
|---|---|---|---|
| - ပထမအကြိမ်ထုတ်ဝေခြင်း အမှာစာ | | | |
| - ဒုတိယအကြိမ်ထုတ်ဝေခြင်း အမှာစာ | | | |
| ၁။ အမှန်တရားမြတ်နိုးခြင်း | (၁) | ... | ၁၁ |
| ၂။ အမှန်တရားမြတ်နိုးခြင်း | (၂) | ... | ၁၅ |
| ၃။ အမှန်တရားမြတ်နိုးခြင်း | (၃) | ... | ၂၃ |
| ၄။ အမှန်တရားမြတ်နိုးခြင်း | (၄) | ... | ၂၈ |
| ၅။ အမှန်တရားမြတ်နိုးခြင်း | (၅) | ... | ၂၉ |
| ၆။ အမှန်တရားမြတ်နိုးခြင်း | (၆) | ... | ၃၅ |
| ၇။ အမှန်တရားမြတ်နိုးခြင်း | (၇) | ... | ၄၃ |
| ၈။ အမှန်တရားမြတ်နိုးခြင်း | (၈) | ... | ၄၇ |
| ၉။ မဇ္ဈိမ ပဋိပဒါလမ်းစဉ် | | ... | ၅၃ |
| ၁၀။ အတ္တနှင့် အနတ္တ | | ... | ၅၉ |
| ၁၁။ အာဝဇ္ဇနသမယညာဏ်နှင့် မသိစိတ် | | ... | ၆၉ |
| ၁၂။ ပေါက်တရားဆို | | ... | ၇၉ |
| ၁၃။ ဗုဒ္ဓသာသနာနှင့် သိပ္ပံရှုထောင့် | | ... | ၈၅ |
| ၁၄။ ပြည်တွင်းသာသနာပြုရေး | | ... | ၉၅ |
| ၁၅။ တရားသူနှင့် သစ္စာရှိခြင်း | | ... | ၁၀၃ |
| ၁၆။ သမိုင်းအမြင် | | ... | ၁၀၇ |
| ၁၇။ လူချွန်လူမွန် မျိုး ပျိုးထောင်နည်း | | ... | ၁၁၅ |
| ၁၈။ ခေါင်းမာခြင်း | | ... | ၁၂၅ |
| ၁၉။ သဒ္ဓါ | | ... | ၁၃၁ |
| ၂၀။ တမတ်ခြင်းနှင့် ကိုယ်တွေ့အကျိုး | | ... | ၁၃၇ |
| ၂၁။ ပထမထောင်မြင်ချက်နှင့် စမ်းကြည့်ခြင်း | | ... | ၁၄၃ |
| ၂၂။ တရားသူနှင့် နှိမ့်ချစိတ် | | ... | ၁၅၁ |
| ၂၃။ အလုပ်ရက် | | ... | ၁၅၅ |
| ၂၄။ ဝစ္စမာန ကျွန်ုပ်တို့ပေထောင် | | ... | ၁၆၃ |
| ၂၅။ အချိန်နှင့်နေရာ | | ... | ၁၆၉ |

# ပထမအကြိမ်ထုတ်ဝေခြင်း

# စာရေးသူ၏အမှာ

နိုင်ငံကျော် စာရေးဆရာ၊ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်က သူအမြတ်နိုးဆုံး၊ အကြိုက်နှစ်သက်ဆုံး စာအုပ်ဟာ Queed ဆိုတဲ့ သတင်းစာဆရာတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိစာအုပ် ဖြစ်ကြောင်း ရေးခဲ့တာ ကျွန်တော်ဖတ်ဖူးပါတယ်။

ကျွန်တော် ဖတ်ဖူးသမျှထဲက အကြိုက်နှစ်သက်ဆုံး စာအုပ် တစ်အုပ်ပြပါဆိုရင်တော့ စကော့တ်လူမျိုး စာရေးဆရာကြီး သောမတ်စ်ကာလိုင်း ရေးသားခဲ့တဲ့ Hero and Heroworship စာအုပ်ကို ဖော်ပြမှာဖြစ်ပါတယ်။ ဒီစာအုပ်အကြောင်းကို အတွေးအမြင် စာဆောင်မှာ ဆောင်းပါး ၇-ပုဒ်ရေးဖူးပြီး ဒီဆောင်းပါးစုက ခုထုတ်ဝေ လိုက်တဲ့စာအုပ်ရဲ့ မဏ္ဍိုင်ပါပဲ။

ပထမပိုင်း ပထမဆုံး ဆောင်းပါးဟာ စစ်ပြန်မှာအကြောင်း တိုက်ဆိုင်လို့ ကျွန်တော်ရေးခဲ့တဲ့ အမှန်မြတ်နိုးခြင်းဆောင်းပါး ဖြစ်ပြီး သူနဲ့အတူ အတွေးအမြင်က အမှန်တရားမြတ်နိုးခြင်း ဆောင်းပါး ၆ပုဒ်ဖော်ပြထားတယ်။

ဒုတိယပိုင်းက ဗုဒ္ဓဘာသာနဲ့ သိပ္ပံရှုထောင့်ကို စာရေးသူ ခံယူ ချက်နဲ့ အယူအဆတွေ တင်ပြထားတာဖြစ်ပြီး နောက်ဆုံးပိုင်းက မြန်မာလူငယ်များ ကြီးပွားတိုးတက်ရေးတွက် ရည်စူးရေးသားခဲ့တာ တွေထဲက ကောင်းနိုးရာရာ ဆောင်းပါးတွေကို စစ်ပြန်နဲ့အတွေး အမြင်က ကောက်နုတ်ရွေးချယ်တင်ပြထားခြင်းပဲ ဖြစ်ပါတယ်။ အပိုင်း သုံးပိုင်းစလုံးမှာ အဓိကရည်ရွယ်ချက်က မြန်မာလူငယ်များ တိုးတက် ကြီးပွားရေး ဘဝခံယူချက် မှန်ကန်ရေးပဲဖြစ်ပါတယ်။ တကယ်တန်း တိုးတက်ကြီးပွားဖို့ဆိုရင် မှန်တာလုပ် မှန်တာပြောဖို့လိုပြီး Sincere ဖြစ်ရပါမယ်။ Sincere သည်နှင့်အမျှ ကြီးပွားတိုးတက်မှာ ဖြစ်ပါတယ်။ တကယ့်ကို အမှန်တရား မြတ်နိုးလာပြီးဆိုလျှင် (ကျွန်တော်တို့တွေက ဗုဒ္ဓဘာသာတွေလဲဖြစ်တာမို့ ကံလည်းပါရင် ပေါ့လေ) ကမ္ဘာမှာကို လူချွန်လူမွန်တွေဖြစ်လာမယ်လို့ ပြောလို့ရပါတယ်။

စိတ်ကူးချိုချို

ဒီစာအုပ်ကို ဖတ်လို့ မြန်မာလူငယ်များ စိတ်အားတက်ကြွ ထက်သန်လာပြီး စိတ္တသတ္တိ မွေးမြူလာနိုင်တယ်ဆိုရင် စာအုပ်ထုတ်ဝေရကျိုး၊ စာရေးရကျိုးနပ်ပြီလို့ ယူဆပါတယ်။

အတွေးအမြင် အဖွဲ့သားအားလုံး၊ စစ်ပြန်အဖွဲ့သားအားလုံးနဲ့ ရေတမာစာပေ အဖွဲ့သားလုံးကို အထူးကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ခေတ်မှာ ပထမဆုံးပေါ်ထွန်းခဲ့တဲ့ တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရဃဘိဝံသဟာ မြန်မာနိုင်ငံသာမက ထေရဝါဒ နိုင်ငံအားလုံးမှာပါ တစ်ခေတ်တစ်ပါး ပေါ်ပေါက်တဲ့ပုဂ္ဂိုလ်ထူးလို့ ခေါ်ဆိုရမှာပါ။ ဆရာတော်ဘုရားရဲ့ သာသနာပြုသမိုင်းလို့ ခေါ်ဆိုနိုင်တဲ့ ပထမ သုံးနှစ်ခရီး၊ ဒုတိယခရီး စသည်ဖြင့် စာအုပ်ကြီးများ ပုံနှိပ်ထုပ်ဝေခဲ့ရာ စာရေးသူရဲ့ သာသနာပြု ဆောင်ပါးဟာ တတိယသုံးနှစ်ခရီးမှာ ပါဝင်ခဲ့ပြီး ယင်းစာအုပ်မှ ပြန်လည်ကူးယူတင်ပြထားခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ပျံလွန်တော်မူပြီး ဖြစ်သည့် တိပိဋကဓရ ဆရာတော်ကြီး၏ ခြေတော်အစုံကို ဦးခိုက်ပူဇော်၍ တတိယသုံးနှစ်ခရီး စာအုပ်ကြီးကို တာဝန်ခံထုပ်ဝေသူများအား အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။

ကျွန်တော်စာရေးဖြစ်အောင် အစစ ကူညီအားပေးခဲ့တဲ့ ဇနီး ဒေါ်သောင်းသောင်းလေးနဲ့သားသမီး မိသားစုအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ မူလဆောင်းပါးများရေးစဉ် စာမူချောကူးပေးတဲ့ သမီး မထူးထူးသန်းနှင့်တကွ မြေးများဖြစ်တဲ့ ကျော်စိုးမိုးနဲ့ မောင်မြတ်မင်း(ပုံ့ပုံ့)အပြင် ကျွန်တော်သွားလိုရာ ကားမောင်းပို့ပေးတဲ့ မြေးကြီး မျိုးသိန်းထိုက်ကိုပါ အထူးကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါတယ်။ ကျွန်တော်စာမူ အားလုံးလိုလိုကို လက်နှိပ်စက်ရိုက်ပေးသူ ရဲဘော်ကြီး ကိုချစ်စိန် (စာပေဗိမာန်နဲ့ သတင်းစာအတတ်သင်ကျောင်းမှ ဝန်ထမ်းဟောင်း)ကိုလည်း အထူးပဲကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါတယ်။

သောင်းထိုက်

(၇-၁၀-၉၃)

## ဒုတိယအကြိမ်ပုံနှိပ်ခြင်းအတွက်
## စာရေးသူ၏အမှာစာ

'အမှန်တရားမြတ်နိုးခြင်း' မှာ ကျွန်တော်အစောဆုံး ရေးသားထုတ်ဝေခဲ့သော စာအုပ်တစ်အုပ်ဖြစ်ပါသည်။ စကော့တ်လူမျိုး စာရေးဆရာကြီး သောမတ်စ်ကာလိုင်း Thomas Carlyle ရေးသားခဲ့သော Hero and Hero Worship စာအုပ်မှ မြန်မာမှုပြုခဲ့သော ဆောင်းပါး (၆)ပုဒ်မှာ ယခုစာအုပ်၏ မဏ္ဍိုင်ပင်ဖြစ်ပါသည်။ မူလစာရေးဆရာကြီး သောမတ်စ်ကာလိုင်းက ကမ္ဘာ့ထိပ်သီး လူကြီးလူကျယ် (၂၀) ခန့်ကို လေ့လာခဲ့၍ သူတို့အားလုံးတွင် တွေ့ရသော အရေးကြီးဆုံး အရည်အချင်းမှာ အမှန်တရားမြတ်နိုးခြင်း Sincerity ပင်ဖြစ်သည်ဟု ရေးသားခဲ့ပါသည်။ မူရင်းစာအုပ်ကို ကျွန်တော်အထူးကြိုက်နှစ်သက်သွားပြီး အတွေးအမြင် စာစောင်များတွင် 'အမှန်တရားမြတ်နိုးခြင်း' ခေါင်းစဉ်ဖြင့် ဆောင်းပါးများရေးဖြစ်ခြင်းဖြစ်ပါသည်။ ဆရာကြီး သောမတ်စ်ကာလိုင်း၏ မူရင်း (Hero and Hero Worship) စာအုပ်မှာ ယခုအထိ ကျွန်တော်အကြိုက်နှစ်သက်ဆုံး စာအုပ်ဖြစ်ပါသည်။ အလားတူပင် ကျွန်တော်မြန်မာမှုပြုခဲ့သည့် 'အမှန်တရားမြတ်နိုးခြင်း' စာအုပ်မှာ

လည်း ကျွန်တော်ရေးသားပြီးသမျှ စာအုပ်များတွင် ကျွန်တော် စိတ်တိုင်းအကျဆုံး စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ထို့ကြောင့် ယခု စိတ်ကူးချိုချိုစာပေမှ ဦးစန်ဦးက အမှန်တရားမြတ်နိုးခြင်းကို ဒုတိယ အကြိမ် ပုံနှိပ်ထုတ်ဝေလိုက်၍ ဦးစန်းဦးနှင့်စိတ်ကူးချိုချိုစာပေ အဖွဲ့ သားများအား အထူးကျေးဇူးတင်ရပါမည်။

ကျွန်တော်စာရေးဖြစ်အောင် ဝိုင်းဝန်းဖန်တီးပေးသည့် ချစ်ဇနီး ဒေါ်သောင်းသောင်းလေးနှင့် မိသားစုအားလည်း အထူးပင် ကျေးဇူး တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

သောင်းထိုက်
၁၉၉၉-ခုနှစ်၊ ဩဂုတ်လ(၅)ရက်
ကြာသာပတေးနေ့
ဖုန်း - ၆၆၃၇၄၉ (အိမ်)

အမှန်တရား မြတ်နိုးသူဟာ သူမှန်တယ်လို့ ယုံကြည်
ထားတာကို ဘာကြီးဖြစ်သွားသွား ပြောရဲတယ်၊ လုပ်ရဲ
တယ်။ ဘယ်တော့မှ ဟန်မဆောင်ဘူး။ ခေတ္တခဏ
အသာစံရမှာကို မမြင်ဘူး၊ ဂရုမစိုက်ဘူး။ လူပေါ်တွေ၊
လူ့ဗာလတွေ ချီးကျူးတာ ချီးမြှောက်တာလဲမမှုဘူး။

## အမှန်တရား မြတ်နိုးခြင်း (၁)

လူတစ်ယောက် ကြီးပွားတိုးတက်ဖို့ လိုအပ်ချက်တွေထဲမှာ အမှန်တရား မြတ်နိုးခြင်းဟာ အဓိကအခန်းက ပါဝင်နေပါတယ်။

မှန်တာ ပြောရဲရမယ်။

မှန်တာ လုပ်ရဲရမယ်။

အမှန်တရား မြတ်နိုးပြီးတော့ မှန်တာကို ပြောရဲတာ၊ မှန်တာကို လုပ်ရဲတာကို အင်္ဂလိပ်လိုတော့ Sincerity လို့ ခေါ်တယ်။

ဒီအရည်အချင်း ဘယ်လောက် အရေးကြီးတယ်ဆိုတာကို ကမ္ဘာကျော် စာရေးဆရာကြီး သောမတ်စ်ကာလိုင်း[၁]က ဒီဘာသာရပ်နဲ့ ပတ်သက်ပြီး အခန်းဆက် မိန့်ခွန်းရှည်ကြီး ပေးခဲ့ဖူးပါတယ်။

အခန်းဆက် မိန့်ခွန်းရှည်ကြီးဆိုတာကတော့ ဒီဘာသာရပ်ကိုပဲ အကြိမ်ကြိမ် (၆ ကြိမ် ထင်တယ်) မိန့်ခွန်းပြောခဲ့ခြင်းပဲ ဖြစ်ပါတယ်။ မိန့်ခွန်းတွေပြောကြားပြီး ပရိသတ်တောင်းဆိုမှုကြောင့် သူ့မိန့်ခွန်းတွေကို စုပေါင်းပြီး စာအုပ်ထုတ်ဝေတဲ့အခါ စာအုပ်ဟာ လူကြိုက်အလွန်များပြီး အကြိမ်ကြိမ် ပြန်လည်ထုတ်ဝေခဲ့ရပါတယ်။

စာရေးသူထံမှာရှိတဲ့ စာအုပ်ဟာ ဝါရော်နေပြီး အဖုံးတွေ စုတ်နေလို့ ထုတ်ဝေတဲ့နှစ်နဲ့ ထုတ်ဝေတဲ့အကြိမ်တောင် မပါတော့ဘူး။ ကာလိုင်းရဲ့ လူချွန်လူမွန် ပထမဆုံးမိန့်ခွန်းကို ၁၈၉၀ ခုနှစ် မေလ

---

၁၊ Thomas Carlyle

၅ရက်၊ အင်္ဂါနေ့မှာ ပေးခဲ့တာဖြစ်ပါတယ်။

သောမတ်စ်ကာလိုင်းက အမှန်တရားမြတ်နိုးခြင်း Sinceriy နဲ့ ပတ်သက်လို့ ဒီလိုပြောခဲ့ပါတယ်။

“ကမ္ဘာမှာကြီးကျယ်ပေ့ဆိုတဲ့ လူတွေကို လေ့လာရင် သူတို့အားလုံးမှာတွေ့ရတဲ့ အရည်အချင်းဟာ အမှန်တရားမြတ်နိုးခြင်းပဲ ဖြစ်တယ်။”

“ဒီအရည်အချင်းဟာ လူကြီးလူကျယ်တွေ၊ ဆင်ဆိုတဲ့ လူကြီးတွေရဲ့ အမှတ်တံဆိပ်[၁] ပဲ” တဲ့။

ကာလိုင်းက အလုပ်အမျိုးမျိုးက လူတွေကိုရွေးချယ်ပြောသွားတာဖြစ်ပါတယ်။ သူတို့လုပ်ငန်း အသီးသီးမှာ ထိပ်ဆုံးတန်းရောက်ခဲ့ကြတဲ့ လူချွန်လူမွန်တွေကို နမူနာယူဖွယ် ကာလိုင်းက ပြောသွားခဲ့ခြင်း ဖြစ်ပါတယ်။

ဥပမာ-ဟိုရှေးခေတ်က တော်လွန်းလို့၊ အရည်အချင်းရှိလွန်းလို့ လူ ဘုရားအဖြစ်ကိုးကွယ်ခံခဲ့ရတဲ့ (နော်ဝေ၊ဆွီဒင်၊ဒိန်းမတ်)ဘက်က အိုဒင်[၂]၊ ကဗျာဆရာထဲက ဒန်တေ[၃]နဲ့ ရှိတ်စပီးယား၊ တရားဟောဆရာ ဘုန်းတော်ကြီးထဲက မာတင်လူသာ[၄]နဲ့ နောက်စ်[၅]၊ စာရေးဆရာကြီးတွေအဖြစ် ဂျွန်ဆင်[၆]၊ ရူဆိုး[၇]နဲ့ ဘန်းစ်[၈]၊ စစ်ဘုရင်တွေထဲက ကရွန်မ်ဝဲလ်နဲ့ နပိုလီယန်တို့ကို ထုတ်နုတ်ပြီး စာရေးဆရာကြီးကာလိုင်းက ပြောသွားခဲ့တာ ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်ကျော်ကြီးတွေက အားလုံးမှာတွေ့ရတဲ့ အရည်အချင်းကတော့ အမှန်တရားမြတ်နိုးခြင်းပဲတဲ့။

---

၁။ Hall Mark

၂။ Odin

၃။ Dante

၄။ Martin Luther

၅။ John Knox

၆။ Johnson

၇။ Rousseau

၈။ Burns

အမှန်တရား မြတ်နိုးသူဟာ သူမှန်တယ်လို့ ယုံကြည်ထားတာကို ဘာကြီးဖြစ်သွားသွား ပြောရဲတယ်၊ လုပ်ရဲတယ်။ ဘယ်တော့မှ ဟန်မဆောင်ဘူး။ ခေတ္တခဏ အသာစံရမှာကို မမြင်ဘူး။ ဂရုမစိုက်ဘူး။ လူပေါ်တွေ၊ လူ့ဗာလတွေ ချီးကျူးတာ ချီးမြှောက်တာလဲမမှုဘူး၊ ဘယ်တော့မှလဲ မိုးခါးရေမသောက်ဘူး။ ဘယ်တော့မှလဲ ရောယိမ်းလိုက် ဘသား ယိမ်းလိုက် မလုပ်ဘူး။

ဒီတော့ ဒီလူမျိုးဟာ တစ်ခါတစ်ရံ လူ့ခွစာ ဖြစ်နေတယ်။ ကာလိုင်းပြောခဲ့တဲ့ လူတွေကိုတော့ စာဖတ်သူများ စာရေးဆရာကြီး သောမတ်စ် ကာလိုင်းရဲ့ Hero And Hero Worship ဆိုတဲ့ မူရင်းစာအုပ်ကို ရှာဖတ်ကြပါလို့ ညွှန်းချင်ပါတယ်။ မူရင်းစာအုပ် ရှာမရသူများ စာရေးသူ ဒီအကြောင်းအရာနဲ့ပတ်သက်လို့ “အတွေးအမြင်” မှာ အခန်းဆက်ဆောင်းပါးတွေ ရေးဖူးလို့ ရှာဖတ်ကြစေချင်ပါတယ်။ ။

**Sincerity** ဆိုသည်မှာ သစ္စာ၊ အမှန်တရား မြတ်နိုးမှု (ယင်းတွင် မုသားမပြောခြင်း၊ အမှန်ကို သာပြောခြင်း ပါသွားပြီ) မှန်သည်ကို (ဘာ ကြီးဖြစ်သွားသွား)လုပ်ရဲ ကိုင်ရဲခြင်းနှင့် ဟန်ဆောင်မှုကင်းခြင်း၊ ဟန်ဆောင်ခြင်း ကို စက်ဆုပ်မှုတို့ ပါဝင်လေသည်။

# အမှန်တရား မြတ်နိုးခြင်း (၂)

'အတွေးအမြင်'တွင် ဆရာကြီးဦးသော်ဇင်ရေးသားနေသည့် သစ္စာ တရားဆောင်းပါးများမှာ အထူးပင် မှတ်သားဖွယ် ဖြစ်ပါသည်။ ဆက်လက်ဖွင့်ဆို ရေးသားသည်ကို စောင့်ဖတ်ရပါဦးမည်။

ကျွန်တော်ဖတ်ဖူးသည့် စာအုပ်များအနက် သဘော အကျဆုံး၊ အနှစ်ခြိုက်ဆုံး စာအုပ်တစ်အုပ်မှာ အမှန်တရားကို မြတ်နိုးခြင်းနှင့် ပတ်သက်သဖြင့် ဆရာကြီး ရေးသားနေသော သစ္စာတရားနှင့် အကျုံး ဝင်မည် ယူဆပါသည်။

ယင်းစာအုပ်အကြောင်း မဖော်ပြမီ စာအုပ်စတင်ဖတ်ဖူးပုံ၊ စာအုပ်ကိုမည်သို့ စွဲသွားပုံကို တင်ပြပါဦးမည်။

၁၉၅၁ ခုမှ ၅၃ ခုနှစ်အတွင်း စာရေးသူ ဗြိတိန်နိုင်ငံ ဆဲင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ် တက်ရောက်နေစဉ် စစ်တက္ကသိုလ် စာကြည့်တိုက်မှ ယင်းစာအုပ်ကို ငှားဖတ်ရခြင်းဖြစ်၏။

စာအုပ်အမည်မှာ Hreo And Hero Worship ဖြစ်၍ ဆရာကြီး Thomas Carlyle Sincerity ရေးသားသော စာအုပ် ဖြစ်လေသည်။

စာအုပ်အမည်မှာ ကြည့်ရုံနှင့်တော့ ခေတ်မမီတော့။ သူ့ရဲ ကောင်းကိုးကွယ်မှု၊ သူရဲကောင်းဝါဒဖြန့် စာအုပ်ဟု ထင်ဖွယ်ဖြစ်၏။

လုံးဝမဟုတ်ရပါ။ ဆရာကြီး ယခုတိုင် အသက်ထင်ရှား ရှိနေ လျှင်လည်း ယခုအမည်ကို ပေးမည်မဟုတ်ဟု ကျွန်တော်ယုံကြည် ပါသည်။

စာအုပ်မှာ အမှန်တရားမြတ်နိုးခြင်း အကြောင်းဖြစ်လေသည်။ စာအုပ်တစ်အုပ်လုံးကို စကားလုံး တစ်လုံးတည်းဖြင့် ချုံ၍ ပြောပါဆိုလျှင် ဖြောင့်မှန်ခြင်း Sincerity တစ်လုံးတည်းဖြင့် ပြော၍ရ၏။ တစ်အုပ်လုံးမှာ ဖြောင်မှန်ခြင်း Sincerity အကြောင်း ရေးသားထားခြင်း ဖြစ်လေသည်။

(ယင်း အင်္ဂလိပ်စာလုံးကို မြန်မာစာလုံး တစ်လုံးတည်းနှင့် ဘာသာပြန်မရပါ။ ယင်းကို အဓိပ္ပါယ် ခြုံမိငုံမိသော မြန်မာစကားလုံး ကျွန်တော်တော့ စဉ်းစားမရပါ။ ထို့ကြောင့်အနီးစပ်ဆုံးဟု ယူဆသော 'ဖြောင့်မှန်ခြင်း' ဟူ၍ သုံးနှုန်းလိုက်ပါသည်။)

Sincerity ဆိုသည်မှာ သစ္စာ၊ အမှန်တရားမြတ်နိုး(ယင်းတွင် မုသားမပြောခြင်း၊ အမှန်ကိုသာ ပြောခြင်းပါသွားပြီ) မှန်သည်ကို (ဘာကြီးဖြစ်သွားသွား) လုပ်ရဲကိုင်ရဲခြင်းနှင့် ဟန်ဆောင်မှုကင်းခြင်း၊ ဟန်ဆောင်ခြင်းကို စက်ဆုပ်မှုတို့ ပါဝင်လေသည်။

ယင်းစာအုပ်ကို ကျွန်တော်စွဲသွားပြီး လန်ဒန်သို့ခွင့်ဖြင့်လာစဉ် ရအောင် ရှာပါတော့သည်။

ကျွန်တော်ပိုင်စာအုပ်ဖြစ်ရမည်။တကယ်ကောင်းသည့်စာအုပ် မှန်လျှင် မိမိစာအုပ်စင်၊ ကိုယ်ပိုင်စာကြည့်တိုက်တွင် ရှိကိုရှိရမည်။

ကျွန်တော်ပိုင် စာအုပ် ဖတ်ပြီးဆိုလျှင်(အင်္ဂလိပ်စာအုပ်ဖြစ်စေ မြန်မာစာအုပ်ဖြစ်စေ) ဖောင်တိန် သို့မဟုတ် ဘောပင်တစ်ချောင်းကိုင်ထားမြဲဖြစ်၏။ ကြိုက်နှစ်သက်သည့် စာကြောင်းစာပိုဒ် တွေ့လျှင် အောက်ချေမျဉ်းသားပြီး နံဘေးကို ကြယ်ပွင့်၊ ခရေပွင့်စသည် ပြလိုက်၏။ တစ်ခါတစ်ရံ မိမိထင်မြင်ချက် မှတ်စုတို့ကို စာအုပ်နံဘေး လွတ်ရာတွင် တစ်ခါတည်းရေးချလိုက်၏။ စာကြည့်တိုက်က စာအုပ် သူများစာအုပ်များကို မိမိကြိုက်သလို လုပ်၍မရ။

ထို့ကြောင့် စာအုပ်ကောင်းပြီ၊ မိမိ တကယ်ကြိုက်ပြီဆိုလျှင် ကိုယ်ပိုင်ဝယ်ပြီး စိတ်ပါလက်ပါဖတ်၊ စိတ်ရှိလက်ရှိမျဉ်းသား၊ ရေးချင်တာရေးထည့် လုပ်ရ၏။ ဤကဲ့သို့ မိမိဖတ်ထားသည့် စာအုပ်ကို (မည်မျှဟောင်းနေပါစေ) စာအုပ်အသစ်နှင့် မလဲနိုင်တော့။

ကောင်းသည့်အချက်၊ မှတ်သားသင့်သည့် အချက်ဆိုလျှင်

ဘယ်စာအုပ်၊ ပထမဆုံး သုံးပုံတစ်ပုံလောက် ဘယ်ဘက်အထက်နားမှာ ယင်းစာပိုဒ်ပါသည် စသည်ဖြင့် သေသေချာချာမှတ်မိသွားပါတော့ သည်။

စာအုပ်အကြောင်း ဆက်ပါဦးမည်။

လန်ဒန်တွင် စာအုပ်ရှာရာ၌ စာအုပ်ဆိုင်ကြီးများအနား မသီနိုင်ပါ။ ဗိုလ်လောင်းလခမှာ မဖြစ်လောက်ပါ။ ထို့ကြောင့်စာအုပ် အဟောင်းဆိုင်များတွင် ရှာရ၏။

လန်ဒန် ချဲရင်းကရော့စ်မှ ဖွိုင်း (Foyles)စာအုပ်ဆိုင်ကြီးမှာ နိုင်ငံအသီးသီးတွင် ကျွန်တော်တွေ့ဖူးသမျှ အကြီးအကျယ်ဆုံး စာအုပ်ဆိုင်ကြီး ဖြစ်လေသည်။

ချဲရင်းကရော့စ်နှင့် အခြားလမ်း ၃ လမ်း ဘလောက်တစ်ခုလုံး မှာ စာအုပ်ဆိုင်ကြီး ဖြစ်လေသည်။ စာပွဲများပေါ်တွင် စာအုပ်များ ပြန့်ကျဲထားလျက် အချို့က ကြိုက်ရာယူ ၂သျှီလင်၊ အချို့က ၃ သျှီလင် စသည်ဖြင့်. . .

ကြိုက်ရာရွေး၊ ငွေပေးသွင်းသည့် ကောင်တာတွင် ငွေချေရုံပဲ ဖြစ်၏။ စာအုပ်အဟောင်းများရော အသစ်များပါ ရနိုင်သော စာအုပ် ဆိုင်ကြီး ဖြစ်လေသည်။ ကိုယ်လိုချင်သော စာအုပ်ရှာမရပါက အရောင်းစာရေးမများ မေးလိုက်လျှင် မိနစ်ပိုင်းအတွင်း ယင်းစာအုပ် ကို ရှာပေးလိမ့်မည်။

ဤနည်းဖြင့် ဆရာကြီးသောမတ်စ်ကာလိုင်း၏ 'သူရဲကောင်း' စာအုပ် ကျွန်တော် ပိုင်ဆိုင်ခဲ့ပါပြီ။ ဆဲင်းဟတ်စ် တက်နေဆဲပင် ယင်း စာအုပ်ကို အထပ်ထပ် ဖတ်ဖြစ်၏။ မြန်မာပြည် ပြန်ရောက်သောအခါ အခင်မင်ဆုံး စာသမား သူငယ်ချင်းတစ်ဦးအား ယင်းစာအုပ်ငှားမိရာ ပြန်မရတော့ပါ။ ပျောက်သွားသည် ဆို၏။

သူ့ကို အပြစ်မဆိုပါ။ သည်လောက် ကောင်းသည့်စာအုပ်ကို ငှားမိသော ကျွန်တော့်အပြစ်သာ ဖြစ်ပါသည်။ မည်သို့မျှ ဝယ်မရ သည့် စာအုပ်မျိုးကို ဤသို့မဖြောင်လျှင် သူ့အတွက်ရရန် နည်းမရှိ တော့။ ကံကောင်းချင်တော့ ၁၉၆၃ ခုနှစ်တွင် အလုပ်သမား ညွှန်ကြား ရေးမှူးချုပ် ဒုဗိုလ်မှူးကြီးထွန်းတင် (နောက်ပိုင်း ဝန်ကြီးချုပ် သူရ

ဦးထွန်းတင်)နှင့်အတူ ကျွန်တော် ဂျီနီဗာ နိုင်ငံတကာ အလုပ်သမား ညီလာခံတက်ခဲ့ရပါသည်။

နံနက်စောစောတစ်ဦးတည်းလမ်းထလျှောက်ရင်း ဆရာကြီး သောမတ်စ်ကာလိုင်း စာအုပ်များကို စာအုပ်အဟောင်းဆိုင်တစ်ဆိုင်တွင် တွေ့ခဲ့ရပါသည်။ ယင်းစာအုပ်များတွင် ကျွန်တော်အလွန်လိုချင်နေသည့် 'သူရဲကောင်းစာအုပ်ပါ၏။ လန်ဒန်တွင် ၁၆ ကြိမ်မြောက် ပုံနိပ်ထုတ်ဝေ သော စာအုပ်ဖြစ်၏။

ဈေးမေးကြည့်ရာ ဆရာကြီးရေးသည့် အခြားသုံးအုပ်တွဲ (ပြင်သစ်တော်လှန်ရေး အကြောင်းဖြစ်၏)နှင့် အားလုံးပေါင်း ၄ အုပ်စလုံးယူမှ ရောင်းမည်ဆို၏။ မတတ်နိုင်တော့။ အခြားသုံးအုပ်ကို စိတ်မဝင်စားလှသောလည်း သူရဲကောင်းစာအုပ်ကိုလိုချင်၍ သူပြောသည့်ဈေးဖြင့်ပင် စာအုပ် ၄ အုပ်ဝယ်ယူခဲ့လေသည်။

စာအုပ်ခေါင်းစဉ်က ခေတ်နှင့်မလျှော်ညီတော့သော်လည်း စာအုပ်တွင်ပါဝင်သော အချက်အလက်များမှာ မည်သည့်ခေတ် မည်သည့် လူမျိုးနှင့်မဆို ကိုက်ညီသောအချက်များဖြစ်ပါသည်။

သောမတ်စ်ကာလိုင်း အာဘော်ကို ကျွန်တော်နားလည်သလို အကျဉ်းတင်ပြပါမည်။

လောကသမိုင်းတစ်လျှောက်လုံးတွင် ထိပ်ဆုံးသို့ရောက်ခဲ့ သူများကို လေ့လာကြည့်ရာ ခေါင်းဆောင်ကြီးတိုင်း (ဘာသာရေး ခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်၊ စာရေးဆရာကြီးများ စသည်) တွင်တွေ့ရသော အရေးကြီးဆုံး အရည်အချင်းတစ်ရပ်ကို ကာလိုင်း တွေ့ခဲ့ရလေသည်။ ယင်းကိုဆရာကြီးက ထိပ်တန်းခေါင်းဆောင်ကြီး များ၏ (Hall Mark) ဟုခေါ်၏။

ခေါင်းဆောင်ကြီးများ၏ အမှတ်တံဆိပ်ဖြစ်၏။ ထိပ်သီး ခေါင်းဆောင်မှန်လျှင် ယင်းအရည်အချင်းရှိကိုရှိရမည်။

ထိုအရည်အချင်းကာ (Sincerity) ဖြစ်၏။ ကျွန်တော်အထက် တစ်နေရာတွင်ဖော်ပြခဲ့သည့်အတိုင်း'ဆင်ဆီးယား'ဖြစ်သူသည်အမှန်ကို မြတ်နိုးသည်၊ မှန်လျှင်လုပ်ရဲသည်၊ ဟန်ဆောင်မှုကို စက်ဆုပ်၏။ သူကိုယ်တိုင်လည်းဘယ်တော့မှဟန်မဆောင်၊ဘယ်တော့မှညာမပြော။

ယင်းတို့အားလုံး ဆင်းဆီးယားဖြစ်သူတွေ တွေ့ရမည်။ သစ္စာတရားမြတ်နိုးသူ၊အမှန်တရားမြတ်နိုးသူဟုခေါ် ဆိုနိုင်မည်ထင်ပါသည်။

ခေါင်းဆောင်းရွေးချယ်ရာ၌ သောမတ်စ်ကာလိုင်းသည် နိုင်ငံအသီးသီးမှ ခေါင်းဆောင်များကိုရွေးချယ်ခဲ့၏။

ဥပမာ - ဘာသာရေးခေါင်းဆောင်ဆိုလျှင် ကမ္ဘာ့မြောက်ပိုင်းနောဒစ်နိုင်ငံများ၊ (နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန်)မှ အိုဒင်[၁] အရှေ့အလယ်ပိုင်းမှ မိုဟာမက်၊ (ဗုဒ္ဓကို သောမတ်စ်ကာလိုင်း မလေ့လာ ဖူးဟုယူဆရ၏) စစ်ခေါင်းဆောင်အဖြစ် ပရပ်ရှား (ဂျာမနီ) မှ မဟာဖရက်ဒရစ် ဘုရင်ကြီး၊ ပြင်သစ်မှနပိုလီယံဘိုနာပတ်၊ စာရေးဆရာကြီးများမှ အင်္ဂလန်မှ ရှိတ်စပီးယားနှင့်မီလ်ကန်တို့ ပါဝင်လေသည်။

ထိုသူတို့အားလုံးတွင်သစ္စာတရားမြတ်နိုးသည့်အရည်အချင်း[၂] ရှိ၏။ ဟန်မဆောင်တတ်၊ ရယ်စရာရှိလျှင် ဟက်ဟက်ပက်ပက်ရယ်ပစ်လိုက်မည်။ ငါးသလောက်ပြုံးမပြုံး၊ သရော်ပြုံးမပြုံး၊ မှန်တယ်ထင်လျှင် ဘာကြီးဖြစ်သွားသွား လုပ်ပြစ်လိုက်မည်။ အမှန်နှင့်အမှားရွေးရတော့မည်ဆိုလျှင် မည်သူက ဘာထင်ထင် မည့်သူမျက်နာမှမထောက်၊ မှန်သည့်ဘက်မှရပ်တည်မည်။

ခေါင်းဆောင်ကြီးများသည် ဝါသနာပါရာ လေ့လာလုပ်ဆောင်ရင်း သစ္စာတရားမြတ်နိုးမှုကြောင့် (ဆင်းဆီးယားဖြစ်၍) ထိပ်တန်းသို့ရောက်လာခြင်းဖြစ်၏။

ဆိုလိုသည်မှာ နပိုလီယံသည် စစ်ဘက်ဝါသနာမပါပဲစာပေဝါသနာပါလျှင် စာပေနယ်၌ တကယ့်ကမ္ဘာကျော် ပုဂ္ဂုလ်ကြီးမျိုး ဖြစ်လာမည်။ ဆင်းဆီးယားဖြစ်သောကြောင့်ဖြစ်၏။ သူပြုစုပြဋ္ဌာန်းခဲ့သော ဥပဒေများကို ယခုခေတ်အထိ ဥရောပနိုင်ငံတိုင်းလိုလိုက အသုံးပြုကြဆဲဖြစ်သည်က သက်သေခံနေ၏။

အလားတူပင်မီလ်တန်သည် စာပေဝါသနာမပါပဲ စစ်ဘက်ဝါသနာပါက တကယ့်ကမ္ဘာကျော် စစ်ခေါင်းဆောင်းကြီး ဖြစ်လာမည်။

---

၁။ Odin

၂။ Sincerity

မုချဟု ဆရာကြီးက ရေးသားခဲ့လေသည်။

အချို့စာပိုဒ်များ ဖတ်ရင်း ယခုအထိ ကြက်သီး တဖြန်းဖြန်း ထရပါသည်။ မကြာခဏ ကျွန်တော်တို့ ခေါင်းတောင်းကြီး ဗိုလ်ချုပ်အောင်ဆန်းကို သွားသတိရမိ၏။

လူပုံအလယ်တွင် လိုအပ်လာပြီးဆိုလျှင် အပေါ်အင်္ကျီချွတ်၍ စွပ်ကျယ်အပြဲနှင့်နေရဲသူ။ လူထုဟောပြောပွဲ၌ 'ဖာနိုင်ငံ' 'ပြဲနေအောင် လုပ်နိုင်မှ' ဟူသည့်အသုံးအနှုန်းများ သုံးရဲသူ၊ ကက်ဗိနက် ထိုင်နေစဉ် 'ကြည်ရေ . . . . ပဲပြုပ်နဲ့ နံပြားစားချင်တယ်' စာရေးခဲ့သူမှာ တကယ့် သစ္စာတရားမြတ်နိုးသူ၊ ဟန်မဆောင်တတ်သူ ဆင်းဆီးယားဖြစ်သည့် ခေါင်းဆောင်ကြီး မဟုတ်ပါလော။

သစ္စာတရားမြတ်နိုးမှုမှာ ဗုဒ္ဓဘာသာရှုထောင့်မှ ကြည့်လျှင်လည်း အရေးကြီးဆုံးအချက်ဟု ယူဆရပါသည်။ သစ္စာတရား မမြတ်နိုးသူ နိဗ္ဗာန်မရောက်နိုင်ဟု ဆိုနိုင်မည်ထင်၏။

မိမိခန္ဓာကိုယ်ကို မလိုချင်တော့အောင် ကျင့်ရမည့်ကျင့်စဉ်ကို သစ္စာတရား မြတ်နိုးသူမဟုတ်လျှင် ယင်းအချက်များကို မည်သူ လိုက်နာ ကျင့်ကြံနိုင်မည်နည်း။ ခန္ဓာတရစပ် ပျက်နေသည်ကို သိမှ၊ ယင်းကိုလက်ခံနိုင်မှ နိဗ္ဗာန်ရောက်နိုင်မည်မဟုတ်လော။ သစ္စာတရား မြတ်နိုးသူမဟုတ်လျှင် ယင်းအချက်များကိုဘယ်တော့မှ လက်ခံမည် မဟုတ်။ ခန္ဓာကိုယ်ကို တသ,တည်း သ,နေမည်၊ နံစောနေခြင်းကို အမွှေးနံ့သာဖြင့်ဖုံးထားမည်။ ထို့ကြောင့် သစ္စာတရား မြတ်နိုးသူ မဟုတ်လျှင် နိဗ္ဗာန်မရနိုင်ဟု ကျွန်တော်ပြောရဲပါသည်။

ကျွန်တော်တင်ပြလိုက်သည်မှာ ပင်လယ်ထဲမျောလာသည့် ရေခဲတောင်ကြီး ရေပေါ် ပေါ်နေသည့် အဖျားအနားမျှသာ ဖြစ်၍ စာအုပ်အရသာ အပြည့်အဝခံစားနိုင်ရန် ဆရာကြီးသောမတ်စ် ကာလိုင်း၏ စာအုပ်ကို မတွေ့တွေ့အောင်ရှာပြီး ဖတ်ဖြစ်အောင် ဖတ်ကြပါဟု တင်ပြလိုက်ရပါသည်။ ။

အမှန်တရား မြတ်နိုးသူသည် တရားမျှတမှုကိုလည်း
တန်ဖိုးထား၏။ မတရားတာ လုံးဝမလိုလားရုံမက မိမိရှေ့
တွင် မတရားသည်ကို တွေ့လျှင်လည်း တရားမျှတမှု
ဘက်ကပင် ရပ်တည်လိုက်ချင်၏။

# အမှန်တရား မြတ်နိုးခြင်း (၃)

ကောင်းမြတ်သည့် အရာများအနက် သင်အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံး အရာကို ညွှန်ပြပါမည်ဆိုလျှင် အမှန်တရား မြတ်နိုးမှု၊ သစ္စာတရား မြတ်နိုးမှုကို ဖော်ပြရမည်။

အမှန်တရား မြတ်နိုးနေရုံနှင့်မပြီးသေး။ အမှန်တရားရောက်အောင်၊ အမှန်ဖြစ်အောင် လုပ်ရဲသည့် သတ္တိလည်းရှိရမည်။

အမှန်တရားမြတ်နိုးသူသည် တရားမျှတမှုကိုလည်း တန်ဖိုးထား၏။ မတရားတာ လုံးဝမလိုလာရုံမက မိမိရှေ့တွင် မတရားသည်ကို တွေ့လျှင်လည်း တရားမျှတမှုဘက်ကပင် ရပ်တည်လိုက်ချင်၏။

အမှန်ဘက်က ဝင်ရပ်တည်ခဲ့မှုကြောင့် ကျွန်တော် ခံခဲ့ရပေါင်းများပါပြီ။ ထို့ကြောင့် ယခုလို ဘဝနေဝင်ချိန် ရောက်တော့မှ ကျွန်တော် ဘာကြောင့် ဤသို့ဖြစ်နေရသည်၊ မတရားလျှင် မဟုတ်လျှင် မခံချင်စိတ် ဘာကြောင့် ဤမျှပြင်းပြနေသည်ကို မိမိဘာသာ ပြန်လည်ဆန်းစစ်ခဲ့မိပါသည်။

အဖြေမှန်ကို တွေ့သည် ကျွန်တော် ထင်ပါသည်။ ဤကဲ့သို့ မိမိစိတ်ကို မိမိပြန်လည် ဆန်းစစ်နိုင်၍ အကျိုးရှိခဲ့ပုံကိုပါ ဤဆောင်းပါးတွင် တင်ပြလိုပါသည်။

မိမိဘာသာဆန်းစစ်ခြင်းများ ဖော်ပြခြင်းမပြုမီတရားမျှတမှုကို ငယ်စဉ်ကစ၍ ကျွန်တော်မည်မျှ မြတ်နိုးခဲ့ပုံ၊ မိမိစွမ်းအား ရှိသမျှ တရားမျှတအောင် ဝင်ရောက်လုပ်ဆောင်ခဲ့ပုံ သာဓကတစ်ရပ် တင်ပြ

ပါဦးမည်။

ကျွန်တော် ၁၀နှစ်သားခန့်က မြင်းခြံမြို့တွင် ဖြစ်ခဲ့သည့်ဖြစ်ရပ် ဖြစ်ပါသည်။

မိခင်ကြီးက ညနေတွင် ဟင်းချက်ရန် အသားကိုင်နေ၏။ ဤကဲ့သို့ မိခင်ကြီး သားငါးခုတ်ထစ်နေစဉ် သူ့အနီးတွင် အိမ်မွေးခွေးများ ဝိုင်းနေမြဲဖြစ်၏။ စပယ်နီယယ် ခွေးမျိုးကောင်းများဖြစ်သည့် ဂျက်ကီ၊ ဘရောင်နီ၊ မေရီတို့အပြင် မြန်မာခွေး ကြံစုံကြီးပါ မေမေ့အနီးတွင် အရိုးမျှော်နေကျ ဖြစ်၏။

မေမေကလည်း ကြက်၊ ဝက် အရိုးများကို ခွေးတစ်ကောင်စီဘက် အလှည့်ကျ ပစ်ပေးနေကျ ဖြစ်ပါသည်။ ကျွန်တော်က နံဘေးက စာအုပ်တစ်အုပ်နှင့် စာဖတ်လိုက်၊ မေမေ ခွေးတွေ အရိုးကျွေးသည်ကို လှည့်ကြည့်လိုက် နေရသည်ကိုပင် ပျော်နေပါသည်။

ထိုနေ့ကအရိုးမများသောကြောင့်လော၊ မေမေအမှတ်မဲ့ ဖြစ်သွားသောကြောင့်လော မပြောတတ်ပါ။ အခြား အမွေးဖွားဖွား စပယ်နီယယာ ခွေးများအရိုးကိုယ်စီနှင့် ဖြစ်နေသော်လည်း ကြံစုံကြီး အရိုးမရသေးသည်ကို ကျွန်တော်တွေ့နေရ၏။

မေမေ့စဉ်းနီးတုံးကို ကြည့်လိုက်ရာ အရိုးမကျန်တော့။ မေမေက အသားတွေ ကြိတ်လှီးနေ၏။ ကြံစုံကြီး လှည့်ကြည့်လိုက်ရာ မျှော်လင့်ကြီးစွာဖြင့် မေမေ့ကို တစ်လှည့်၊ စဉ်းနီးတုံးကိုတစ်လှည့် ကြည့်၍ သွားရည်တများများ ဖြစ်နေလေသည်။

တခြား ခွေးသုံးကောင်က အရိုးကိုယ်စီနှင့် . . . ။

ကျွန်တော် ကြည့်မနေနိုင်တော့။ ကပျာကယာ ထလိုက်ကာ မီးဖိုထဲ ထျန်းလျက်ဖြူဆုပ် ပုံးထဲမှ တစ်လုံးယူကာ ကြံစုံကြီးဘက် ပစ်ကျွေးလိုက်၏။

ကြံစုံက လောဘတကြီးနှင့် ဟပ်မျိုချလိုက်ပါလိမ့်မည်။ ထန်းလျက်ဖြူဆုပ် လည်ချောင်းတွင် တစ်၍ ခွေးကြီး ဝုန်းခနဲလဲကျသွားတော့၏။

"မေမေ ခွေးကြီး ဘယ့်နှယ်လုပ်လိုက်လဲ"

ကျွန်တော်က ရှေ့လောတကြီး မေးလိုက်မိ၏။

"ဟဲ့ . . . တိရစ္ဆာန်လေး၊ နင့်ခွေး ငါဘာလုပ်ရမှာလဲဟဲ့" ဟု ပြောပြောဆိုဆို မေမေက ရေတစ်ခွက်ခပ်ပြီး ကြံစုံကြီးပါးစပ်ထဲရေ လောင်း ထည့်တော့၏။

ကံအားလျော်စွာ ကြံစုံကြီး မျိုချထားသောထန်းလျက်ဖြူဆုပ် ပျော်ကျသွားပြီး ခွေးကြီး အသက်ချမ်းသာရာ ရခဲ့ပါသည်။

အမှန်တရားမြတ်နိုး၍အမှန်ဖြစ်အောင်ဝင်ရောက်လုပ်ဆောင် ရာ၌ ကန့်သတ်ချက်ရှိပါသည်။ အချို့ ကိစ္စများတွင် လျစ်လျူရှုတန် ရှုရ၏။ ဥပေက္ခာ ပြုတန်ပြုရ၏။ မဟုတ်တာတွေ့တိုင်း၊ မမှန်တာ တွေ့တိုင်း မိမိဝင်နေပါက လောကကြီးတွင် ရန်ဖြစ်၍ ဆုံးတော့မည် မဟုတ်။

ဤသင်ခန်းစာကြီးကို ကျွန်တော် ဘဝနေဝင်ချိန်ကျမှ သိရှိ လာခြင်းဖြစ်ပါသည်။ ကျွန်တော့်ဘဝ တစ်လျှောက်လုံး မဟုတ်မခံ ဇာဇာလန် ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ပေးဆပ်ရသည့်တန်ဖိုးကလည်း ကြီးလှပါသည်။

ကျွန်တော်ဘာကြောင့် ဤမျှ မခံချင်စိတ်များနေရသနည်း။ ဘာကြောင့် ထစ်ခနဲရှိလျှင် ကိုယ်ပါ ပါချင်ရသနည်း။

ငယ်စဉ်က မိမိကိုယ်တိုင်မတရားမှုဖိနှိပ်မှုခံရလွန်း၍ ဤသို့ ဖြစ်နေရသည်ဟု အဖြေမှန်တွေ့ရသည်ဟု ဆိုနိုင်ပါလိမ့်မည်။

ကျွန်တော်လေးနှစ်သားတွင် ဖေဖေဆုံးသွားရာ ညီအစ်ကို သုံးယောက်နှင့် အစ်မကြီးတစ်ယောက်၊ ပေါင်း မောင်နှမလေးဦး ကျန်ခဲ့ပါသည်၊ ကျွန်တော်က အငယ်ဆုံးပါ။ အဲဒါက ကျွန်တော့် အတွက် ပြဿနာ. . . .။

မေမေက ဘုရားတရား အလွန်ကြည်ညိုသည်။ စိတ်ကောင်း အလွန်ရှိသည်။ သင်္ဂြိုဟ် ၉ပိုင်းတွင် ၆ ပိုင်းကိုအလွတ်ပြန်ဆိုနိုင်သူ ဖြစ်၏။ သို့သော် အိမ်ထောင်စုတစ်ခုကို ဦးစီးပြီး ရှာဖွေကျွေးနိုင်သည့် အရည်အချင်း မေ့မေ့တွင် မရှိဟုကျွန်တော်ထင်ပါသည်။ ထို့ကြောင့် ပို၍ လူရည်လည်ပြီး လောကအကြောင်းပိုသိသော ဒေါ်ဒေါ် (ဖေ့ဖေ့ ညီမ) က အိမ်ထောင်ဦးစီးဖြစ်လာ၏။

ဖေဖေအတွက် ထုတ်ရသည့် အသက်ပေါင်ငွေကို အရင်း

တည်ကာ ဒေါ်ဒေါ်က မြင်းခြံဈေးကြီးထဲတွင် အထည်ဆိုင်နှစ်ဆိုင် (ဒေါ်ဒေါ်နှင့် ကျွန်တော့် အစ်မကြီးမမတင်တို့ ရောင်းသည်) ဖွင့်လှစ် ရောင်းချ၍ အိမ်ထောင်ကို ဦးစီးအုပ်ချုပ်ခဲ့လေသည်။

မေမေက အလိုအလျောက် နောက်ဖေးမီးဖိုဆောင် ရောက်သွား၏။ ဤသည်ကို ကျွန်တော်မကျေနပ်။ မေမေတစ်ယောက်တည်း တစ်အိမ်သားလုံး စားဖို့သောက်ဖို့ ချက်ပြုတ်နေရသည်ကို ကျွန်တော် မကြည့်ရက်။

ထို့ကြောင့် သိတတ်သည့်အရွယ်မှစ၍ ကျွန်တော်မေမေ့အား အိမ်မှုကိစ္စ ကူညီလုပ်ကိုင်ပေးခဲ့ပါသည်။

ကျွန်တော်အဖိအနှိပ်အခံရဆုံးမှာ ကျွန်တော့်ထက် တစ်နှစ်ခွဲသာ ကြီးသော အစ်ကိုနှင့် ပတ်သက်၏။

ငယ်စဉ်က ကျွန်တော်တို့ညီအစ်ကို အလွန်ရန်ဖြစ်၏။ ရန်ဖြစ်တိုင်း ကျွန်တော်ကရန်ဖြစ်သည့် အလျောက် ကျွန်တော်ပဲခံရ၏။ ခံရသည့်အပြင် ဒေါ်ဒေါ်တို့ ဝါဒက အကြီးနှင့် အငယ်ရန်ဖြစ်လျှင် မည်သူမှန်သည်၊ မှားသည်တွက်မနေတော့၊ အငယ်ကိုနှိမ်၏။

"အငယ်လေးနာနာ လုပ်စမ်း၊ အငယ်လေးနာနာနှိမ်"။ ယင်းမှာကျွန်တော့်တို့အိမ် 'ဝါဒ' ဖြစ်လာလေပြီ။ ကျွန်တော်ကျောင်းသားဘဝ တစ်လျှောက်လုံး ဤကဲ့သို့ အနှိမ်ခံခဲ့ရလေသည်။ ဤသည်ကို မတရားမှန်းသိလျက် ငုံ့ခံခဲ့ရလေသည်။

"ခင်ဗျားတို့မတရားဘူး" ဟုကျွန်တော်က ပြန်ပြောသည့် အခါ ပိုအရိုက်ခံရသည်။

ထို့ကြောင့် ဖြစ်မည်ထင်သည်။ ကျွန်တော် ကြီးပြင်းလာသည့် အခါ မတရားမှုကို လုံးဝကြည့်မရ။ ကိုယ်နှင့်တိုက်ရိုက် ပတ်သက်သည့် ကိစ္စများ မပြောနှင့်၊ မိမိရှေ့တွင် တစ်စုံတစ်ဦး မတရားခံနေရလျှင် ကျွန်တော်က မတရားခံရသည့် ဘက်က ဝင်ရပ်တည်ခဲ့သည်သာ ဖြစ်ပါသည်။ ။

"ကြီးမြတ်သူတစ်ဦး" တွင် စစ်မှန်မှု၊ မှန်ကန်
တည်ကြည်မှု၊ ရှိကိုရှိရမည်ဟု ဆိုပါရစေ။ ယင်းမှာ
သူ့အခြေခံဖြစ်၏။ သူ့တွင်ရှိသည့် အရည်အချင်း
များအနက် ယင်းသည် အရေးကြီးဆုံး ဖြစ်တော့၏။

## အမှန်တရား မြတ်နိုးခြင်း (၄)

ကျွန်တော် ယခင်က 'အတွေးအမြင်' (စာစဉ် ၁၄) တွင် တင်ပြခဲ့ဖူးသလို ဆရာကြီးသောမတ်စ်ကာလိုင်း၏ စာအုပ်[၁] တစ်အုပ်လုံးကို အမှန်တရားမြတ်နိုးခြင်း၊ ဖြောင့်မှန်ခြင်း (Sincerity) တစ်လုံးတည်းဖြင့် အကျဉ်းချုံး ဖော်ပြနိုင်မည်ဖြစ်ပါသည်။

ယင်းအရည်အချင်း မည်မျှအရေးကြီးပုံ၊ ယင်းကို ဆရာကြီးကာလိုင်း မည်မျှတန်ဖိုးထားပုံကို တင်ပြပါမည်။ ကာလိုင်းက ဤသို့ရေးသားခဲ့၏။

'ကြီးမြတ်သူတစ်ဦး'[၂] တွင် စစ်မှန်မှု၊ မှန်ကန်တည်ကြည်မှု ရှိကိုရှိရမည်ဟု ဆိုပါရစေ။ ယင်းမှာသူ့အခြေခံဖြစ်၏။ သူ့တွင်ရှိသည့် အရည်အချင်းများအနက် ယင်းသည် အရေးကြီးဆုံး အရည်အချင်းဖြစ်တော့၏။

'မိုင်းရေးဘိုး* ၊နပိုလီယံ၊ ဘန်းစ်၊ ကရွမ်းဝဲလ်တို့ကဲ့သို့ အရေးပါသူ လူချွန်လူမွန် မှန်သမျှ အမှန်တရားကို မြတ်နိုး၏။ သူတို့ကို အမှန်တရားမြတ်နိုးသူများ** ဟု ကျွန်ုပ်ခေါ်ဆိုပါမည်။

"အမှန်တရားမြတ်နိုးမှု၊ တကယ်လေးနက်ကြီးကျယ် စစ်မှန်

၁။ Heroes and Hero Worship by Thomas Carlyle-Richard Clay & Sons Ltd,London and Bungay 1894

၂။ A Great Man

*Mirabeu, Honore (1749-91) **Sincere Men
ပြင်သစ်တော်လှန်ရေး ခေါင်းဆောင်ကြီး

သည့် အမှန်တရားမြတ်နိုးမှုမှာ သူရဲကောင်းတစ်ဦးအတွက် ပထမဆုံး ရှိရမည့် အရည်အချင်းဖြစ်ပေ၏။”[၁]

အမှန်တရားကိုမြတ်နိုးပါသည်ဟု ပါးစပ်ကပြောနေရုံဖြင့် မပြီးသေး။ ပါးစပ်ကသာ ပြောပြီး အလုပ်မပါလျှင် ဘာတန်ဖိုးမှ မရှိ။ စင်စစ် ဟန်မဆောင်တတ်ခြင်း၊ ဟန်ဆောင်မှု မုန်းတီးခြင်းမှာ တကယ့် ဆင်းဆီးယားဖြစ်သူ(အမှန်မြတ်နိုးသူ)၏ လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ဆရာကြီးကာလိုင်းအာဘော်ကို တင်ပြပါဦးမည်။

“မည်ကဲ့သို့ အမှန်တရားမြတ်နိုးမှု၊ ဖြောင့်မတ်မှုမျိုးကို ဆိုလိုပါသနည်း။

ဖြောင့်မတ်မှု မည်ကာမတ္တမဟုတ်၊ ကြီးမြင့်သူတစ်ဦးသည် သူ၏ ဖြောင့်မတ်မှုကို ဋီကာဖွဲ့၍ကြွားဝါပြောဆိုနေမည်မဟုတ်။ ယင်းသည် သူ၏အရေးကြီးဆုံး အရည်အချင်းဖြစ်သည်ကို သူသိချင်မှပင် သိပေမည်။”

“သို့သော် မစစ်မှန်ခြင်း၊လိမ်ညာခြင်း၊ပရိယာယ်ဆင်လာလျှင်မူ ကြီးမြင့်သူကချက်ချင်းသိ၏။ ဖြောင့်မတ်ခြင်း၊ အမှန်တရားမြတ်နိုးခြင်းမှာ သူ၏ မွေးရာပါ အရည်အချင်းဖြစ်၏။ ယင်းကြောင့်သာလျှင် သူ ကြီးမြင့်လာရခြင်း ဖြစ်တော့၏။”

“ထို့ကြောင့် အမှန်တရားမြတ်နိုးခြင်း၊ ဖြောင့်မတ်ခြင်းသည် ကြီးမြင့်သူတစ်ဦး၏ မှတ်ကျောက်ပင် ဖြစ်တော့၏။ ယင်းသည် သူ၏ အဓိကအရည်အချင်းဟု ကျွန်ုပ်ပြောလိုပါ၏။ သည်အရည်အချင်း မရှိလျှင် ကြီးမြင့်သူတစ်ဦး၊ လူကြီးလူကျယ်တစ်ဦး ဘယ်တော့မှ ဖြစ်မလာနိုင်ဟု ကျွန်ုပ် တင်ပြလိုပါသည်။”

“ယင်းလူစားမျိုးကို ပင်ကို လူစား[၂] (မူလ လူသား)ဟု ကျွန်ုပ် ခေါ်ဆိုပါမည်။ အမှန်တရား၊ သစ္စာတရားဖြန့်ဖြူးပေးရန် လောကကြီးထဲ ရောက်လာသူဖြစ်၍ သူပြောသမျှ (ရေးသမျှ) စကားများမှာ အများနှင့် မတူသည်ကို သင်တို့ သတိပြုမိကြပေလိမ့်မည်။”

---

၁။ ထို စာ ၄၁-၄၂။ ၂။ Original Man

"သူသည် ကဗျာဆရာ၊ သို့မဟုတ် တရားဟောဆရာ၊ သို့မဟုတ် စစ်ခေါင်းဆောင်တစ်ဦး ဖြစ်ချင်ဖြစ်မည်၊ သူ လူဖြစ်လာသည့် ခေတ်အပေါ်မူတည်၏။"

"သူသည် အတွင်းအကျဆုံးမှသစ္စာတရားကို ဖော်ထုတ်ပေးသူဖြစ်၏။"

"မုသားပြောမှု၊ လီဆယ်ပြောဆိုမှုကို[၂] သူမုန်း၏။ သူသည် ဟန်မဆောင်တတ်၊ သူ့တွင် မရှိသည်ကို ရှိပါသည်ဟု ဘယ်တော့မှ မပြော။"

"သူပြောသမျှမှာ နှလုံးသားမှ တိုက်ရိုက်လာသော စကားများ မှန်ကန်သော သစ္စာ၊ တရားမျှတသော အရာများသာဖြစ်ချေ၏။"[၃]

ဤနေရာတွင် သောမတ်စ်ကာလိုင်း အာဘောများနှင့်နှိုင်းယှဉ်ကြည့်နိုင်ရန် ယခုခေတ်တွင် နာမည်ကြီးလှသည့် အုပ်ရေ သန်းချီ ရောင်းရသော အရောင်းရအသွက်ဆုံး စာအုပ်တစ်အုပ်ကို ဖော်ပြလိုပါသည်။

'လူပေါ်လူဇော်လုပ်နည်း' အမည်ဖြင့် မြန်မာပြန်ထားသည့် ဒေးလ်ကာနက်ဂျီ၏ (How to Win Friends and Influence People) စာအုပ်ဖြစ်ပါသည်။ '(လူမြင်လျှင် စိတ်ပါပါ မပါပါ)ပြုံးပြပါ' အစချီသည့် လူပေါ်လူဇော် လုပ်နည်းများတည်း။

ယင်း စာအုပ်တွင်လည်း ကောင်းသည့် အချက်များ အတော်များများပါလိမ့်မည်။ ထို့ကြောင့် သန်းချီရောင်းရခြင်း ဖြစ်ပေမည်။

သို့သော်ဆရာကြီးကာလိုင်း၏ သူရဲကောင်းများမှာတော့ ယင်းကဲ့သို့လူစားမျိုးမဟုတ်သည်မှာ သေချာ၏။ ထို့ကြောင့်လူပေါ်လူဇော် လုပ်နည်းစာအုပ်သည် (သန်းချီ ဖတ်ရှုကြစေကာမူ)ယခုရေးသား ဖော်ပြနေသော အမှန်တရားမြတ်နိုးမှုနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်ဟု တင်ပြပါရစေ။ ။

---

၁။ From the Inner Fact of Things

၂။ Cant

၃။ ထိုစာ ၆၆၊ ၆၇

ထိတ်ထိတ်ကြဲ လူစားမျိုးအတွက် အပြစ်ရှိလျှင် ရှိသည်
ဝန်ခံရဲသလို အပြစ်မရှိပါဘဲ ဘယ်တော့မှ မိမိတွင် အပြစ
ရှိပါသည် ပြောမည် မဟုတ်။

## အမှန်တရား မြတ်နိုးခြင်း (၅)

အမှန်တရားမြတ်နိုးသူသည် သတ္တိရှိ၏။ အထူးသဖြင့် စိတ္တသတ္တိ[၁] အရာတွင် သူမတူအောင် ထူးချွန်သူ ဖြစ်ပေသည်။

ယင်းအချက်နှင့် စပ်လျဉ်း၍ဆရာကြီးကာလိုင်းက သူ့စာအုပ် အစပိုင်းတွင်ပင် ဖော်ပြခဲ့လေသည်။ နတ် ဘုရားအဖြစ်ကိုးကွယ်ခြင်း ခံခဲ့ရသည့် အိုဒင်[၂] အကြောင်းကိုရေးသားရာတွင် ကာလိုင်းက ဤကဲ့သို့ ဖော်ပြခဲ့လေသည်။

သတ္တိရှိသူ ဒင်ဒင်မြည်များသာ နတ်ဘုရား အိုဒင်၏ ခန်းမ[၃] ထဲဝင်ခွင့်ရကြ၏။ သတ္တိနည်းသူများ၊ ယုတ်ညံ့သူများ ငရဲလားကြရ လေသည်။

ဤသည်မှာ မြောက်ပိုင်းနိုင်ငံများ၊ ဘာသာရေး* ၏အဆီ အနှစ်ဟု ကျွန်ုပ်ယူဆပါသည်။ သူတို့အတွက် မရဲရင့်၍ မဖြစ်၊ သတ္တိ ကောင်းမှ ဘဝတွင် ရပ်တည်နိုင်မည်ဟု စိတ်ထဲနှလုံးထဲက ယုံကြည် ထားပုံရလေသည်။

အိုဒင်၏ဘာသာရေးကလည်း မကြောက်တရားကို ဟောပြော ထားလေသည်။

ပင်လယ်ကို လွှမ်းမိုးသည့် မြောက်ပိုင်းနိုင်ငံ ဘုရင်များသေခါ

---

၁ ။ (Moral Courage)

၂ ။ Odin-Hero as Divinity

၃ ။ The Hall of Odin

* The Norse Belife …နော်ဝေး၊ ဆွီဒင်၊ ဒင်းမတ်၊ ဖင်လန် နိုင်ငံများကို ဆိုလို၏။

နီးတွင် မင်းမြောက်တန်ဆာ အပြည့်အစုံဝတ်ဆင်ပြီး သင်္ဘောပေါ်တင်၊ ရွက်လွှင့်၍ ပင်လယ်ထဲမျှောရလေသည်။ သင်္ဘောပေါ်၌ ဖြည်းဖြည်းချင်း လောင်ကျွမ်းသည့် မီးဖိုပေးလိုက်ကြ၏။ ပင်လယ်ပြင်တွင် သင်္ဘောကြီးမီးလောင်၍ဘုရင်ကြီးကိုပါ တစ်ပါတည်းမီးသင်္ဂြိုဟ်လိုက်ကြခြင်း ဖြစ်လေသည်။

'ယင်းသတ္တိမျိုးကို အိုဒင်အားပေးလေသည်။'[၁]

တကယ့်ပင်ကိုယ်အတွေးအခေါ်[၂] ကို ရေးသားရာ၌ သောမတ်စ်ကာလိုင်းသည် အလွန်ပေါ်လွင်အောင် ရေးသားခဲ့သည်ကို တွေ့ရပါသည်။ ကာလိုင်းက ဤသို့ရေးသားခဲ့၏။

'အတွေးသစ် အမြင်သစ်၊ ပင်ကိုအတွေးအခေါ်စစ်မှန်ပြီးဆိုလျှင်လူကြီးလူကျယ် တစ်ဦး၏ဦးနှောက်တွင် သန္ဓေတည် ဖြစ်ပေါ်ရခြင်း ဖြစ်သည့်အလျောက် သူတစ်ဦးတည်း ယုံကြည်မှုမှ စတင်ရ၏။'

'ထို့ကြောင့် မဲခွဲကြစတမ်းဆိုလျှင် သူ့ဘက်ကသူ့မဲတစ်မဲသာရမည် ဖြစ်လေသည်။တစ်ကမ္ဘာလုံးတွင် ယင်းအတွေးအခေါ်မျိုး သူ့ဦးနှောက်တွင်သာ ဖြစ်ပေါ်သဖြင့်သူကတစ်ဘက်၊ ကျန်ကမ္ဘာသူကမ္ဘာသားများက တစ်ဘက် ဖြစ်ရလေသည်။'

'ဤတိုက်ပွဲမျိုးတွင် သဘာဝတရားကြီးက ခုံသမာဓိဖြစ်၍ သဘာဝသည် မည်သည့်အခါမှ မှားသည်၊ မျက်နှာလိုက်သည် မရှိချေ။ ထို့ကြောင့် သဘာဝတရားအပေါ် နက်ရှိုင်းစွာ အခြေပြုထားသည့် သစ္စာတရားက နောက်ဆုံးတွင် အနိုင်ရသည်မှာ မုချဖြစ်လေသည်။'*

မည်မျှ မှန်ကန်သည့် အဆိုပါနည်း။

ကျွန်တော်တို့ ဗုဒ္ဓဘာသာများအနေနှင့် တစ်ချက်တည်းမဟာလူသားဗုဒ္ဓကို သွားမြင်လိုက်မည် မုချဖြစ်၏။

တစ်လောကလုံး အတ္တသမားတွေချည်း ဖြစ်နေစဉ် အနတ္တ

---

၁။ သူရဲကောင်း စာအုပ် စာ ၂၉။

၂။ Original Idea, Originality * ထိုစာ ၅၅

တရားကို ထိုးထွင်းသိမြင်လာသူမှာ ဗုဒ္ဓသာလျှင် မဟုတ်လော။

ထိုစဉ်က မဲခွဲကြစတမ်းဆိုလျှင် ဗုဒ္ဓက တစ်မဲတည်းသာ* ရမည်ဖြစ်၏။

သို့သော် တစ်မဲတည်းဟု နောက်တွန့်နေသည်မဟုတ်။ မိမိသိမြင်သည့် အနတ္တတရားတော်ကိုဟောကြားသွန်သင်ခဲ့၍ တစ်လောကလုံး အမှောင်ခွင်း၍ အလင်းဆောင်နိုင်ခဲ့သည် မဟုတ်လော။

ယခုဆိုလျှင် ကမ္ဘာပေါ်တွင် အနတ္တတရားတော်ကို နှစ်နှစ်ခြိုက်ခြိုက် လက်ခံသူ သန်းပေါင်းများစွာ ရှိနေပေပြီ။

ကာလိုင်းက စစ်မှန်သူ အနှစ်နှင့် မစစ်မှန်သူ အကာ၊ အဖြုန်းဖွဲ၊ ဖွဲကြမ်း[၁] ကိုခွဲခြား၏။ မစစ်မှန်သူ၊ ဟန်ဆောင်သူ၊ အပေါ်ယံအဆောင်အယောင်ကိုသာ မြတ်နိုးသူများ၊ ပုံစံကိုသာ အလေးထားသူများက ဖွဲကြမ်း ဖြစ်၍အမှန်တရားမြတ်နိုးသူ၊ အစစ်အမှန်ကိုသာ တန်ဖိုးထားသူ၊ အမှန်တရားကို လက်ကိုင်ပြု၍ တစ်ကမ္ဘာလုံးနှင့် ရင်ဆိုင်ရဲသူမှာ သူရဲကောင်းများ၊ လူချွန်လူမွန်များ၊ ကောင်းကင်တမွတ် ကြယ်ကိုဆွတ်မည့်သူများတည်း။[၂]

ဆရာကြီးကာလိုင်း ကဗျာဆရာကြီးဒန်တေ (၁၂၆၅-၁၃၂၁) ဘဝကို တင်ပြထားသည်မှာ တကယ့်ကြေကွဲစရာတည်း။ သို့သော် ဒန်တေ မှာ တကယ့်သူရဲကောင်းကြီး စင်စစ်ဖြစ်၏။

၁၂၆၅ခုနှစ် ဖလော်ရင့်စ်တွင် မွေးဖွားခဲ့သူ ဒန်တေသည် လူငယ်ဘဝက ကလေးမလေး တစ်ဦးနှင့်ချစ်ကြိုက်ခဲ့ပြီး စစ်မှန်သူဖြစ် သည့်အလျောက် သူ့အချစ်မှာလည်း တကယ့်အချစ်စစ် အချစ်မှန်ဖြစ်တော့၏။

အချစ်စစ် လမ်းခရီးမှာ ဖြောင့်ဖြူးခြင်း မရှိသည့်အလျောက် ကလေးမ ကလေးသည် အခြားသူတစ်ဦးနှင့် လက်ထပ်လိုက်ရကာ မကြာမီ အနိစ္စရောက်ခဲ့ရလေသည်။ သူ့ကဗျာများတွင် သူ့အချစ်ဦးက လွှမ်းမိုးခဲ့၏။

---

* A Minority of One ဟု ကာလိုင်း ဆို၏။

၁။ Chaff ၂။ ထို စာ ၅၇

နိုင်ငံရေးတွင်လည်း ဒန်တေကံဆိုးခဲ့၏။ နိုင်ငံရေး ပြစ်မှုကြောင့် ပြည်နှင်ဒဏ်ခံရပြီး သူ့ဘဝ တစ်လျှောက်လုံး ခြေသလုံး အိမ်တိုင် ဘဝဖြင့် ပြီးခဲ့ရ၏။ သို့သော် ဤကဲ့သို့ မရပ်မနား သွားလာ လှည့်လည် နေခဲ့ရစဉ်မှာပင် ကမ္ဘာကျော် ဒိုင်းကော်မဒီ* ကဗျာရှည်ကြီးကို ဒန်တေရေးသားပြုစု နိုင်ခဲ့လေသည်။

သူရေးသားခဲ့သည့် နတ်ပြည်ခန်း၊ ငရဲခန်းတို့မှာ အထူး ပေါ်လွင် ပီပြင်လှ၏။ သူကိုယ်တိုင်ကလည်း တစ်ချိန်လုံး လှည့်လည် သွားလာနေ၍ လူပုံ မပေါက်တော့။ ထို့ကြောင့် သူ့ကဗျာရှည်ကြီးကို ဖတ်ဖူးသူများက ဒန်တေကိုကြည့်ကာ 'ဟိုမှာဟော့... ငရဲပြည်ကို အရှင်လတ်လတ်ရောက်ခဲ့ဖူးတဲ့ သူပေါ့'ဟု ပြောကြသော ဟူ၏။

သူ့ကဗျာကြီးကို ကာလိုင်းက 'အဖြောင့်မှန်ဆုံး၊ သစ္စာတရားနှင့် အနီးစပ်ဆုံး ကဗျာဖြစ်သည်။ ၁ ကဗျာတွင်လည်းရင်တွင်းမှ ခံစားမှုကို အစစ်မှန်ဆုံး ရေးစပ်နိုင်ဖို့ လို၏။ ယင်းမှာ ကဗျာတန်ဖိုးပင် ဖြစ်ပေ၏'ဟု ကာလိုင်းက ရေးသားခဲ့လေသည်။

ဒန်တေ၏ ဒိုင်း ကော်မဒီကို ကဗျာဝေဖန်သူများက ဤသို့ရေးသား ချီးကျူးခဲ့ကြ၏။ 'ဥရောပမှာ နန်းတော်ကြီးတွေ၊ ရဲတိုက်ကြီးတွေ၊ ဘုရားရှိခိုးကျောင်းကြီးတွေနဲ့ အဆောက်အအုံတွေ အမျိုးမျိုး ပေါ်ပေါက်ခဲ့ကြပေမယ့် သမိုင်းမှာအကြာရှည်ဆုံး၊ သမနီ အရှည်ဆုံး ခံမှာကတော့ ဒန်တေရဲ့ဒိုင်းကော်မဒီကဗျာရှည်ကြီး ဖြစ်ပေတယ်'ဟု ပညာရှိများက ဒန်တေ၏ ကဗျာတို့ဝေဖန်ချီးကျူး ထောပနာပြုခဲ့ကြလေသည်။ ဒန်တေ၏အကြောင်းကို ယခုကျွန်ုပ်တို့ဖော်ပြခဲ့သည်ထက် နှောင်းလူတို့များစွာပို၍မသိကြရပါ။ သို့သော် လူ့စွမ်းရည်သတ္တိ၊ ဖြောင့်မှန်သည့်စိတ်ထားနှင့် ဘဝ၏ ဆုံးဖြတ်ချက်ကိုပေါ်လွင်စေသည့် ဒန်တေပြောစကား တစ်ရပ်တော့ သမိုင်းတွင်ကျန်ရစ်ခဲ့ပေ၏။ ဒန်တေကဤသို့ပြောခဲ့လေသည်။

'ကျွန်ုပ်တွင်အပြစ်မရှိပါဟု မပြောဆိုနိုင်သမျှ ကျွန်ုပ်မွေးရပ်မြေသို့ မပြန်တော့ပြီ'

---

* Divine Comedy

၁။ It is at bottom the sincerest of all Poems

ထိတ်ထိတ်ကြဲလူစားမျိုးအတွက် အပြစ်ရှိလျှင် ရှိသည် ဝန်ခံရဲသလို အပြစ်မရှိပါပဲ ဘယ်တော့မှ မိမိတွင် အပြစ်ရှိပါသည် ပြောမည်မဟုတ်။

ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်မွေးရပ်မြေတွင် အိုးမကွာ အိမ်မကွာ ဇိမ်နှင့်မနေရလျှင် နေပါစေ။ တစ်မြို့တစ်ရွာတွင်သာ သွားလာလှည့်လည် နေတော့မည်။

လှေခွက်ချည်းကျန်ပါစေ အလံမလှဲတော့ပြီ။

ဒပိုင်း ကော်မဒီကို ဒန်တေသည် မိမိနှလုံးသားမှ စိမ့်ထွက်သည့် သွေးနှင့်ရေးခဲ့သည် ဆိုနိုင်၏။ စာအုပ်ကြီးပြီးစီးပြီး မကြာမီ ဒန်တေအသက် ၅၆ နှစ် အရွယ်၌ကွယ်လွန်ခဲ့ရလေသည်။

သူကွယ်လွန်ပြီး နှစ်ပေါင်းတစ်ရာအကြာ ဒပိုင်းကော်မဒီ အလွန် နာမည်ကြီးလာတော့မှ ဖလောရင့်စ် မြို့သူမြို့သားများက ဒန်တေရုပ်ကလာပ် အကြွင်းအကျန်များကို သူကွယ်လွန်ရာ ရာဗေနာမြို့မှ ပြန်လည် တောင်းခံကြသေး၏။ ရာဗေနာမြို့သူ မြို့သားများက ပြန်မပေးတော့ချေ။

ဤနည်းဖြင့် မိမိတစ်ကိုယ် ကောင်းစားရေးကို စွန့်လွှတ်၍ ဒန်တေသည် ခြေသလုံးအိမ်တိုင် သွားလာလှည့်လည်နေရင်း ကမ္ဘာကျော်ကဗျာကြီးကို ပြုစုရေးသားနိုင်ခဲ့လေသည်။ ။

ဖြောင့်မှန်၍ စိတ်ထဲနှလုံးထဲက နှစ်နှစ်ကာကာယုံကြည်
လုပ်ဆောင်သည့် အမှန်တရားမြတ်နိုးသူထက် ကြီးကျယ်
ခွန်အားကောင်းသူ သာလွန်သူဟူ၍ မရှိနိုင်ချေ။

# အမှန်တရား မြတ်နိုးခြင်း (၆)

အမှန်တရားကို တကယ်မြတ်နိုးသူသည် မိမိလုပ်ဆောင်မည့် လုပ်ငန်းတစ်စုံတစ်ရာကို နှစ်နှစ်ကာကာ ယုံကြည်၏။ ဤကဲ့သို့ စိတ်ထဲနှလုံးထဲက နှစ်နှစ်ကာကာ ယုံကြည်မှုမရှိဘဲ တကယ် ဖြောင့်မတ်သူ လူချွန်လူမွန်တစ်ဦး ဖြစ်မလာနိုင်ချေ။ ဤအချက်ကို သောမတ်စ်ကာလိုင်းက မာတင်လူသာနှင့် နောက်စ်[၁] တို့အကြောင်း တင်ပြရာ၌ ဖော်ပြခဲ့လေသည်။

ဆရာကြီးကာလိုင်းက ဤသို့ရေးခဲ့၏။

'ယုံကြည်မှု လျော့ပါးလာသည့်အခါ မသေမချာ ဖြစ်လာပြီး လက်တွေ့ လုပ်ဆောင်ရာ၌ အဆီအငေါ် မတည့်တော့ချေ။ ထိုအခါ အမှားများ၊ မတရားမှုများ၊ မျက်နှာလိုက်မှုများ၊ ဘက်လိုက်မှုများ၊ ပေါ်ပေါက်လာတော့၏။'

'မည်သည့်ခေတ်တွင်မဆို တစ်စုံတစ်ရာကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန် မိမိလုပ်ဆောင်နေသည့် လုပ်ငန်းအပေါ်၌ နှစ်နှစ်ကာကာ ယုံကြည်ထားရန် လိုလေသည်။'[၂]

မိမိလုပ်ဆောင်သည့် လုပ်ငန်းက စစ်မှန်မှု၊ မှန်ကန်မှုလည်း ယင်းကို တကယ် နှစ်နှစ်ကာကာ ယုံကြည်လာနိုင်မည် ဖြစ်လေသည်။

ကာလိုင်းက ဤသို့ ဆက်လက်ဖော်ပြခဲ့၏။

'မည်သည့်ခေတ်မည်သည့်နေရာတွင်မဆိုသူရဲကောင်း၏မူလတာဝန်သည် အစစ်အမှန်တရား[၃]သို့ ပြန်လည်ရောက်ရှိရေးဖြစ်ခဲ့၏။'

---

၁။ Martin Luther and Knox_Hero as Priest

၂။ သူရဲကောင်းစာအုပ်၊ စာ ၁၁၀။ ၃။ Reality

'သူသည်အစစ်အမှန်တရား အပေါ်မှာသာ ရပ်တည်ပြီး အတုအယောင် ဟန်ဆောင်မှု အားလုံးကို ရွံမုန်း၏။[၁]

'ခရစ်ယာန်သာသနာ ပြုပြင်ပြောင်းလဲရေး[၂] မှာ အမှားနှင့်အတုအယောင်ကိုပစ်ပယ်ပြီး သစ္စာတရား၊ အစစ်အမှန်တရား ပြန်လည်ပေါ်ထွန်းရေးပင် ဖြစ်တော့၏။'

'စစ်မှန်သူသည် လုံးဝဥဿုံဆုံးဖြတ်ချက်ချပြီးမှ ရဲရဲဝင့်ဝင့်ယုံကြည်ခြင်းဖြစ်၏။ မစစ်မှန်သူ၊ အမှားအပေါ် ရပ်တည်သူသည် ဘာကိုမှ လေးလေးနက်နက် ယုံကြည်ခြင်းမရှိ။ တစ်စုံတစ်ရာကို သူယုံကြည်နေပါသည်ဟု ယုံကြည်နေသူသာ ဖြစ်လေသည်။'

'အစစ်အမှန် ဖြစ်ပါ၊ အမှန်တရားကို မြတ်နိုးပါ၊ သူရဲကောင်းသည် တစ်စုံတစ်ရာကို ယုံကြည်မိပြီဆိုလျှင် သူ့စိတ်အားလုံး တုံးတုံးချ ပုံချယုံကြည်ခြင်း ဖြစ်၏။[၃]

မာတင်လူသာကို ၁၄၈၃-ခုနှစ် နိုဝင်ဘာလ ၁၀-ရက်နေ့၌ ဆက်ဇုံနီနယ်၊ အိုက်ဆယ်ဘင်တွင် မွေးဖွားခဲ့၏။ လူသာ လူပျိုပေါက်အရွယ် အာဖတ်မြို့အဝင်တွင် သူ့သူငယ်ချင်း အလက်ဆီသည် လူသာ ရှေ့မှောက်မှာပင်မိုးကြိုးခ၍ သေဆုံးခဲ့ရ၏။ ယင်းအဖြစ်အပျက်က သူ့ဘဝတစ်လျှောက်လုံးကို ပြုပြင်လွှမ်းမိုး ခဲ့လေသည်။ ထိုအချိန်မှစ၍ လူသာသည် ဘုရားသခင် အမှုတော်ကိုသာ ထမ်းဆောင်မည်၊ သစ္စာတရားဘက်ကသာ ရပ်တည်တော့မည်ဟု ဆုံးဖြတ်ခဲ့လေသည်။

အာဖတ်ဩဂတ်စ်တင် ကွန်ဗင့်ကျောင်းမှပင် မိဘဆွေမျိုးများ ဝိုင်းဖျက်ကြသည့်ကြားက မာတင်လူသာ ရဟန်းပြုခဲ့လေသည်။ အာဖတ်ကျောင်းတော် စာကြည့်တိုက်၌ လက်တင်ဘာသာဖြင့် ရေးသားထားသည့် သမ္မာကျမ်းစာအုပ်ကို တွေ့ပြီး လူသာသည် အငမ်းမရ ဖတ်တော့၏။

ပုပ်ရဟန်းမင်းကြီး တပည့်များက ဝိုက်တင်ဘက်တွဲမြစ်ဒဏ်မှ ခွင့်လွှတ်သည့်လက်မှတ်များကို ရောင်းချငွေရှာကြ၏။ ငွေတတ်နိုင်သူ၊

---

၂။ ထိုစာ-၁၁၄ ၃။ Refrmation ၄။ ထိုစာ-၁၁၆

ရဟန်းမင်းကြီးတပည့်များကို ငွေထိုးနိုင်သူများ ငရဲမကျရဟု ပြောင် ပြောင် ဟောပြော ငွေရှာကြခြင်းကို မာတင်လူသာက ဆန့်ကျင်ရင်း ခရစ်ယာန် သာသနာ ပြုပြင်ပြောင်းလဲရေး (Reformation)ပေါ်ပေါက် လာခြင်း ဖြစ်လေသည်။

၁၅၂၁-ခုနှစ် ဧပြီလ ၁-ရက်နေ့ ဝမ်းစ်တွင် ကျင်းပခဲ့သည့် ဒိုင်ယက်လွှတ်တော်စည်းဝေးပွဲကြီး[၁] မှာ ခေတ်သစ်ဥရောပသမိုင်းတွင် အကြီးအကျယ်ဆုံးအဖြစ်အပျက်ဖြစ်သည်ဟု သောမတ်စ်ကာလိုင်းက ရေးသားခဲ့၏။

ဝမ်းစ် စည်းဝေးပွဲတွင် ပဥ္စမမြောက် ဧကရာဇ်ဘုရင် ချားစ်နှင့် မှူးကြီးမတ်ကြီးများ၊ ခရစ်ယာန်သာသနာ့ဝန်ထမ်းများ စုံရာတွင် မာတင် လူသာက သူ့ဘာသာရေးလုပ်ဆောင်ချက်၊ ပြောဟောချက်များကို ဝန်ချတောင်းပန်မည်လော ခရစ်ယာန်တစ်လောကလုံးက စောင့်မျှော် နေကြ၏။

ဝမ်းစ် စည်းဝေးပွဲ၌ မာတင်လူသာ သူ့ဘာသာရေးအမြင်များ ကို သာသနာရေးမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအား နှစ်နာရီကြာမျှ အောက်ပါ အချက်များကို ရှင်းပြခဲ့လေသည်။

'ကျွန်ုပ် ဆိုခဲ့သည်တို့ မှားယွင်းသည်ဟုကျမ်းဂန်အကိုးအကား ဖြင့် သို့မဟုတ် ကျိုးကြောင်းပြ၍ သက်သေထုတ်ပြပါ။ ဤသို့ မပြနိုင် သမျှ ကျွန်ုပ်မှားပါသည်ဟု ဝန်မခံနိုင်ပါ။ ကျွန်ုပ် ဆိုခဲ့သည်ကို ပြန်မရုပ် သိမ်းနိုင်ပါ။'

'အကြောင်းမူကား မိမိလိပ်ပြာ၊ ပင်ကို အသိနှင့်ဆန့်ကျင်ပြုမူ လုပ်ဆောင်ခြင်းသည် မလုံခြုံ၊ ရုံမျှမက ပညာနှင့်ယှဉ်၍ လုပ်သည် မမည်ပါ။ ကျွန်ုပ်သည်လိုပင် ရပ်တည်ပါသည်။ ကျွန်ုပ်အမှန်တရားမှ သွေဖည်၍ အခြားတစ်နည်း မလုပ်ဆာင်နိုင်ပါ။ ဘုရားသခင် ကျွန်ုပ် အား စောင်မပါစေသတည်း'[၂]

ယင်းမိန့်ခွန်းကို ကာလိုင်းက ဤသို့ဆက်လက်ရေးသားခဲ့၏။

'ကျွန်ုပ် (ကာလိုင်း) ဖော်ပြခဲ့သလို ထိုမိန့်ခွန်းမှာ သမိုင်း၏

---

၁။ Diet of Worms ၂။ ထိုစာ ၁၂၅

အကြီး အကျယ်ဆုံးသော ဖြစ်ရပ်ပင် ဖြစ်တော့၏။'

'အင်္ဂလိပ်ပြူရီတန်ဘာသာ၊ အင်္ဂလန်နှင့်ပါလီမန်၊ အမေရိက တိုက်ကြီးနှင့် ယင်းစွမ်းဆောင်မှုများနှင့် ပြင်သစ်တော်လှန်ရေးအားလုံး သည် ယင်းမိန့်ခွန်းတွင် သန္ဓေတည်ခဲ့ပေ၏။'

ထိုနေ့ကသာ မာတင်လူသာ ထိုမိန့်ခွန်း မပြောဖြစ်ခဲ့ဘဲ ဝန်ချ တောင်းပန်လိုက်ပါက အထက်ဆိုခဲ့သည်တို့ ဖြစ်ပေါ်လာစရာ အကြောင်းမရှိချေ။

'ဘာသာရေးပြုပြင်ပြောင်းလဲမှုကြီးအပြီး စစ်ကြီးများ၊ အချင်း ချင်း တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့ရာ ယခုအချိန်အထိ အတော မသတ်သေး။ ယင်းတို့အားလုံးကို ဘာသာပြုပြင်ပြောင်းလဲရေး အပေါ်ပုံချ၍ မဖြစ်။'

'ဟာကြူလီ ဩဂီယာ ဘုရင်ကြီး၏ မြင်းဇောင်းကို မြစ်ကြီးစီး ဆင်းစေ၍ ရှင်းလင်းပစ်စဉ်က ဤကဲ့သို့ပင် အုတ်အော်သောင်းနင်း ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့မည် မုချဖြစ်၏။ ယင်းသည် ဟာကြူလီအပြစ် မဟုတ်'။[၁]

ဝမ်းစ် စည်းဝေးပွဲ၌ မာတင်လူသာ တင်ပြပုံကို ကာလိုင်းက ဤသို့ရေးသားခဲ့ပါသည်။

'အလွန်ရိုးသားဖြောင့်စင်းပြီး ပရိယာယ်စကားတန်ဆာ လုံးဝ မပါချေ။ မိမိရင်တွင်းမှ ရှိသည်ကို အရင်းအတိုင်း ဖွင့်ချ၍ ပြောဆိုပုံ ကြမ်းတမ်း၏[၂] ကျောက်ဆောင်မှ ပန်းထွက်သော စမ်းရေသဖွယ် တည်း။[၃]'

'အောင်ဆန်း အရိုင်း' နှင့်နှိုင်းယှဉ်ကြည့်ရန် ဖြစ်၏။

ခရစ်ယာန်သာသနာ ပြုပြင်ပြောင်းလဲရေးအောင်မြင်သွားခြင်း နှင့် ပတ်သက်၍ ကာလိုင်းကဤသို့ရေးခဲ့ပါသည်။

'ဤလောကကြီးတွင် အစစတိုက်၍ အောင်ပန်းဆွတ်ခူး ယူရ၏။ အင်အားက အဆုံးအဖြတ်ပေး၏။ မှန်ကန်ပါစေ၊ ကလေး ငယ်ထက် အင်အားသေးငယ်သည့် အရာဖြစ်ပါစေ၊ မှန်ကန်ပါက၊

---

၁။ ထိုစာ ၁၂၅ ၂။ Homely Rude in Utterance
၃။ ထိုစာ ၁၃၀

စစ်မှန်ပါက ယင်းသည် တဖြည်းဖြည်း အင်အားကြီးမား လာပြီး အောင်ပန်းဆွတ်ခူးနိုင်မည်မှုချဖြစ်၏။'[၁]

ဖြောင့်မှန်၍ စိတ်ထဲနှလုံးထဲက နှစ်နှစ်ကာကာယုံကြည်လုပ်ဆောင်သည့် အမှန်တရားမြတ်နိုးသူထက် ကြီးကျယ်ခွန်အားကောင်းသူ၊ သာလွန်သူဟူ၍ မရှိနိုင်ချေ။[၂]

လူသာ ဝမ်းစ် အစည်းအဝေးသို့တက်ရောက်အောင်မြင်သွားသည်ကို လူတိုင်းသိ၏။ သို့သော်အောင်မြင်မှု ဆုံးရှုံးမှုကြားနယ်ပယ်သည် အလွန်ကျဉ်းမြောင်းလှ၏။ မျဉ်းတစ်ဖက်က အောင်မြင်မှုဖြစ်ပြီး အခြားဖက်နင်းလိုက်မိက ဆုံးရှုံးမှုနှင့် ရင်ဆိုင်တိုးရတော့မည် ဖြစ်၏။

ဤနည်းဖြင့် ခရစ်ယာန်သာသနာ ပြုပြင်ရေးသမား ဟတ်စ်[၃] ရေတိမ်နစ်ခဲ့ရလေသည်။

လူသာအလျင်ခေတ်က ဖြစ်၏။ ဟတ်စ်အား ဤကဲ့သို့ပင် အစည်းအဝေးတစ်ခုသို့ အန္တရာယ် မရှိစေရပါ အာမခံချက်နှင့် ခေါ်ယူလိုက်ပြီး ၃ပေ-၆ပေ-၇ပေ ကျောက်လှိုဏ်ဂူထဲ အကျဉ်းချထားကာ မီးရှို့သတ်ပစ်ခဲ့ပြီမဟုတ်လော။

ထို့ကြောင့်ဆရာကြီး ကာလိုင်းက ဘာကိုမှမှုမနေပဲ ဤကဲ့သို့ အမှန်တရားဘက်မှ ရပ်တည်ရဲသည့် သတ္တိမျိုးကို ဤသို့ချီးကျူးရေးသားခဲ့လေသည်။

'အနှီလူသားကို ကျွန်ုပ်က တစ်ကယ်ကြီးမြတ်သူဟု ခေါ်ဆိုပါမည်။ ဉာဏ်ပညာ၊ သတ္တိ၊ယုံကြည်စိတ်ချနိုင်မှု အရာရာတွင် ကြီးကျယ်သူဖြစ်၏။ ချစ်စရာအကောင်းဆုံး တန်ဖိုးရှိဆုံးလူသားတည်း။'

'လေးမြောင့်ကျောက်တိုင်လို ထုလုပ်ပြုပြင် သွန်းလုပ်ထားသည့် အရာမျိုးမဟုတ်။ အယ်ပိုင်တောင်ထွတ်လို ပုဂ္ဂိုလ်မျိုးတည်း။ ရိုးသား၏။ ဖြောင့်မှန်၏။ မည်သူကိုမှခေါင်းငုံ့အရှုံးမပေးသည့် ကျောက်သားပကတိဖြစ်ပြီး ကောင်းကင်ကို ငွားငွားစွင့်စွင့် ထိုးထွက်နေသည့် တောင်တွက်မျိုးတည်း။' ။

---

၁။ ထိုစာ ၁၃၃ ၂။ ထိုစာ ၁၃၇ ၃။ Huss

သူရဲကောင်းသည် အတွင်းအနှစ်၊ အစစ်အမှန်နှင့်နေသူ
ဖြစ်၏၊ အစစ်အမှန်တရား၊ ပင်ကိုဖြစ်မှုတို့ကို လေးစား
မြတ်နိုးပြီး ယာယီ၊ အတုအယောင် အပြင်ပန်းကိစ္စ
အားလုံးကိုစက်ဆုပ်၏။

## အမှန်တရားမြတ်နိုးခြင်း (၇)

သူရဲကောင်း စာပေသမား[၁]အဖြစ် ဆရာကြီး သောမတ်စ်ကာလိုင်းက ဂျွန်ဆင်၊ ရူးဆိုးနှင့် ဘန်းစ်[၂]တို့ကို ရွေးချယ်ခဲ့လေသည်။

ကာလိုင်းက ဤသို့ရေးခဲ့၏။

'စစ်မှန်သည့် စာပေသမားရှိသလို မစစ်မှန်သည့် အတုအယောင် စာပေသမားလည်းရှိ၏။ စစ်မှန်သူကို သူရဲကောင်းဟု ကျွန်ုပ်တို့ခေါ်ဆိုပါက စစ်မှန်သော စာပေသမားသည် လူသားများအတွက် ဂုဏ်သိက္ခာအရှိဆုံးသော အဆင့်အတန်းအမြင့်ဆုံး တာဝန်ကို ထမ်းဆောင်သူပင် ဖြစ်တော့၏။'

သူသည် တစ်စုံတစ်ရာက လှုံ့ဆော်၊ စေ့ဆော်ခံရသည့်အတိုင်း[၃] သူ့ခံစားမှုကို သစ္စာရှိစွာရေးချ၏။ လှုံ့ဆော်၊ စေ့ဆော်ခြင်းခံရသည်ဟု ကျွန်ုပ်ဆိုခဲ့၏။ ကျွန်ုပ်တို့ ယခင်အကြိမ်ကြိမ် ရေးသားပြောဆိုခဲ့သည့် 'ပင်ကိုဖြစ်မှု'၊ 'ဖြောင့်မတ်မှု၊ အမှန်တရားမြတ်နိုးမှု'၊ 'ပါရမီရင့်သန်မှု'[၄] စသည့် အရည်အချင်းများမှာ သူရဲကောင်းကို လှုံ့ဆော်ပေးသည့် စေ့ဆော်ပေးသည့် အရာများပင် ဖြစ်ချေ၏။

'သူရဲကောင်းသည် အတွင်းအနှစ်၊ အစစ်အမှန်နှင့်နေသူဖြစ်၏။ အစစ်အမှန်တရား၊ ပင်ကိုဖြစ်မှုတို့ကို လေးစားမြတ်နိုးပြီး ယာယီ၊ အတုအယောင်၊ အပြင်ပန်းကိစ္စအားလုံးကို စက်ဆုပ်၏။'[၅]

---

၁။ Hero as Man of Letters

၂။ Johnson, Rousseau and Burns. ၃ ။ Inspired.

၄။ Originality, Sincerity, Genius, ၅ ။ သူရဲကောင်းစာအုပ်၊စာ-၁၄၄။

ဂျာမန် ဒဿနိကပညာရှင်ဖစ်တီ[၁]က စာပေသမား သဘာဝ[၂] ကို ဟောပြောခဲ့ဖူး၏။ ဖစ်တီးပြောခဲ့သည်ကို ကာလိုင်းက အောက်ပါအတိုင်း ကိုးကားရေးသားခဲ့လေသည်။ (စင်စစ် ကာလိုင်းကလည်း သူ၏ သူရဲကောင်းများအကြောင်းကို ခြောက်ကြိမ်ခွဲ၍ ဟောပြောခဲ့ခြင်းဖြစ်ပြီး ယခု ဖော်ပြနေသော် စာအုပ်မှာ ဆရာကြီးကာလိုင်း လက်ချာများကို စုပေါင်းရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။)

အပေါ်ယံ အပြင်ပန်းအားလုံး၏ အောက်ခြေ၌ အစစ်အမှန်တည်ရှိ၏။ လူအများစုကတော့ အစစ်အမှန်ကို မမြင်ဘဲ အပေါ်ယံ အပြင်ပန်းကို[၃]ကိုသာမြင်ကြပြီး အပေါ်ယံနှင့်သာ ကျေနပ်နှစ်သိမ့်ရောင်ရဲနေကြ၏။

‘စာပေသမား အစစ်က အပေါ်ယံလွှာများကို ဖယ်ရှာပစ်ပြီး အစစ်အမှန်က ဘာဖြစ်သည်၊ ဘယ်ဟာကမှ တကယ့်အမှန်တရားဖြစ်သည်ကို ဖော်ထုတ် ညွှန်ပြပေးပေ၏။’

ကာလိုင်းရွေးချယ်သော စာပေသမား သုံးဦးစလုံးမှာ ဘဝတွင် အောင်မြင်သူများ မဟုတ်။ ရဲရဲရင့်ရင့် တိုက်ခိုက်ရင်း ကျဆုံးသွားရရှာသူများဖြစ်၏။ သို့သော် သူတို့သည် တကယ့်သူရဲကောင်းများတည်း။ ကာလိုင်းက ဤသို့ဆို၏။

‘စစ်မှန်သူအတွက် ဆင်းရဲခြင်းသည် မကောင်းသည့်အရာ မဟုတ်။. . . ဂျွန်ဆင်ကို ကြည့်ပါ။ သူသည် ဆင်းရဲချို့တဲ့၏။ ထို့ကြောင့် ပင်လျှင် သူ့အရည်အချင်းသည် ပိုမိုတောက်ပြောင်လာ၏။ သူ့ဘဝ ရည်မှန်းချက်မှာ ငွေကြေးချမ်းသာရန် မဟုတ်။ ချမ်းသာကြွယ်ဝသူဖြစ်လာရန် မဟုတ်. . .။’

‘ဂျွန်ဆင် အောက်စ်ဖို့ဒ်တက္ကသိုလ်တွင်နေစဉ်ကဆောင်းတွင်းကြီး ဖိနပ်ပေါက်ကြီး စီး၍သွားလာနေသည်ကို မကြည့်ရက် သူ စေတနာရှင်တစ်ဦးက သူ့အခန်းဝတွင် ဖိနပ် အသစ် တစ် ရန်လာထားသွားသည်ကို သင်တို့ သိကြပြီးဖြစ်မည်။’

---

၁။ Fichte. ၂။ On the Nature of Liteary Men

၃။ Appearance.

'ဂွန်ဆင်က ဖိနပ်အသစ်ကို ကောက်ယူကာ ပြတင်းမှ လွှင့်ပစ်လိုက်၏။ အေးပါစေ။ ချမ်းပါစေ၊ ခြေထောက်က ကျဉ်ထုံနေပါစေ၊ သူတောင်းစားလိုတော့ ဘယ်တော့မှ မပြုမူ။ ဂွန်ဆင်၏ ပင်ကို ရိုင်းစိုင်း ခေါင်းမာမှုမျိုး သည်မှာတွေ့ရ၏။'[၁]

ဂွန်ဆင်ကို ဖော်ပြရင်း ဆရာကြီးကာလိုင်းက ပင်ကိုဖြစ်မှုကို ဤသို့ ရှင်းလင်းပြခဲ့၏။

'ပင်ကိုဖြစ်မှု၏ အနှစ်သာရမှာ ဆန်းသစ်ခြင်း မဟုတ်။ အမှန်တကယ် စစ်မှန်ခြင်း၏။ အမှန်တရားကို နှစ်နှစ်ကာကာ မြတ်နိုးခြင်း ဖြစ်၏။'[၂]

ဂွန်ဆင်သည် စာပေအမြောက်အမြား ပြုစုရေးသားခဲ့၍ သူရေးသမျှတွင် အမှန် တရားမြတ်နိုးသည့် စစ်မှန်သော အရည်အချင်းကိုတွေ့ကြရမည်။ အခြားဘာစာပေမှ မပြုစုခဲ့ သည့်တိုင် သူ့အဘိဓာန်ကြီးနှင့်ပင် ဂွန်ဆင်၏ ကြီးမြင့်မှု၊ စစ်မှန်မှုကို နှောင်းလူတို့ သိရှိကြရမည်ဖြစ်ပါသည်။ အဘိဓာန် တစ်ခုတည်းနှင့်ပင် ဂွန်ဆင်သည် စာပေနယ်ပယ်၌ မြင့်မားသည့် နေရာကိုရရှိပြီး ဖြစ်ပါသည်။

ဘန်းစ်ကို ဖော်ပြရာတွင် အမှန်တရား မြတ်နိုးခြင်းနှင့် ပင်ကို အရိုင်းစိတ်ဓာတ် ဆက်သွယ်ပုံကို သောမတ်စ်ကာလိုင်းက အရှင်းလင်းဆုံး၊ အပေါ်လွင်ဆုံး ရေးသားနိုင်ခဲ့၏။

ကာလိုင်းက ဤသို့ ရေးသားခဲ့ပါသည်။

'ဘန်းစ်၏ အဓိက အရည်အချင်းမှာ အမှန်တရား မြတ်နိုးခြင်းဖြစ်၏။ သူ့ဘဝ သူ့ကဗျာများတွင် ယင်းအရည်အချင်းကို တွေ့ကြရမည် ဖြစ်လေသည်။ သူစပ်ဆိုသည့် ကဗျာများမှာအပေါ်ယံကြောလှပသည့် စကားလုံးများကိုသာရွေးချယ်စပ်ဆိုထားသည်များ မဟုတ်။ တကယ်ခံစားမှု အပြည့်နှင့်စပ်ဆိုဖော်ကျူးထားခြင်းဖြစ်လေသည်။'[၃]

'သူကဗျာများတွင်လည်းကောင်း၊ သူ့ဘဝတွင် လည်းကောင်း သစ္စာတရားကိုတွေ့နိုင်၏။ ဘန်းစ်ဘဝမှာ ကြေကွဲဖွယ် ဖြောင့်မှန်ခြင်း

---

၁။ ထိုစာ ၁၅၄၊ ၁၆၅။ ၂။ ထိုစာ ၁၆၆။

၃။ Tragic Sincerity.

ဟု ခေါ်ဆိုနိုင်၏။ မူလပင်ကို အရိုင်းအစိုင်းဖြောင့်မှန်ခြင်း[၁] တစ်မျိုး ဖြစ်လေသည်။'

'ရိုင်းသည် ဆိုသော်လည်း ရက်စက်မှု ဒေါသ လုံးဝမပါ သစ္စာတရားနှင့်ပကတိအရိုင်းစိတ်ဓာတ်နှစ်ပါးသွားသည်ဆိုရမည်။'[၂]

'ဤရှုထောင့်မှ ကြည့်လျှင် လူကြီးလူကျယ် မှန်သမျှတွင် အရိုင်းစိတ်တစ်မျိုး ကိန်းအောင်းနေသည် ဆိုရမည်။'[၃]

သူရဲကောင်းကို ဘုရင်အဖြစ် ဖော်ပြရာတွင် သောမတ်စ်ကာလိုင်းက ကရွမ်းဝဲလ်နှင့် နပိုလီယံတို့ကိုရွေးချယ်ထား၏။ လူတို့၏ ခေါင်းဆောင်များဖြစ်၍ သူရဲကောင်းအမျိုးမျိုးအနက် အရေးအကြီးဆုံးဟု ကာလိုင်းက ရေးခဲ့၏။

သူရဲကောင်းကို ဘုရင်အဖြစ်ဖေါ်ပြခြင်းသည် သူ့သူရဲကောင်းလက်ချာများ၏ အနှစ်ချုပ် ဖြစ်သည်ဟုလည်း ကာလိုင်းကဆို၏။

ဘုရင်(King) ဟူသောဝေါဟာရမှာ Konning မှ ဆင်းသက်လာ၍ စွမ်းဆောင်နိုင်သူ Able Man ဟုအဓိပ္ပာယ်ရလေ၏။

'ဗလာအတိုင်း ဖြစ်ခြင်း၊သူ့ပင်ကိုအတိုင်း ဖြစ်သည့် ရိုင်းစိုင်းသည့် စစ်မှန်မှုသည် ဂုဏ်သရေရှိပါသည် ဆိုသည့် အပေါ်ယံရွှေမှုန်ကြဲထက် တန်ဖိုးရှိ၏'[၄] ဟုကာလိုင်းကရေးခဲ့၏။

'ကောင်းမြတ်ခြင်း ဆိုသည်မှာ သတ္တိနှင့်စွမ်းဆောင်နိုင်မှု ပေါင်းစပ်ထားခြင်းဖြစ်၍ ကရွမ်းဝဲလ်တွင် ယင်းအရည်အချင်းများ အပြည့်အဝ ရှိလေသည်။'

တကယ့် ကြီးမြင့်သူများတွင်မတော်လောဘ ကြီးမြင့်လိုစိတ်[၅] ရှိသည်။ ယင်းစိတ်ကြောင့် မိမိတို့နေရာကို ရအောင်ယူနိုင်ခြင်း ဖြစ်သည်ဟု အများကထင်နေသည်မှာ မှားယွင်းကြောင်း၊တကယ့် ကြီးမြင့်လိုသူသည် အမှန်တရားကို မြတ်နိုးပြီး သူ၏ ဖြောင့်မှန်မှုကြောင့်သာ လူမှန်နေရာမှန် ရောက်ရကြောင်း ကာလိုင်းက ရှင်းပြ

---

၁။ Savage Sincerity.

၂။ Wild, Wresting Naked with the Truth of things.

၃။ There is something of the savage in all Great Men

ထိုစာ ၁၇၈။ ၄။ထိုစာ ၁၉၀။ ၅။ Amibition

ခဲ့ပါသည်။

သို့သော် အမှန်တရားမြတ်နိုးသူဖြစ်ပါလျက် မတော်လောဘကြီးမြင့်လိုစိတ် ရောစွက်လာသည့်အခါ အကျနာတတ်ကြောင်း နပိုလီယံကို ကာလိုင်းက သက်သေပြခဲ့ပေသည်။

မိမိအတွက် မိမိ သားစဉ်မြေးဆက် ဆက်ခံနိုင်မည့် ဘုရင်စနစ်ထူထောင်ရန် ကြိုးစားလာသည့်အခါ ဥရောပတစ်တိုက်လုံးက နပိုလီယံအား တော်လှန်ကြပြီး နပိုလီယံကျဆုံးရပုံကို ကာလိုင်းက ထောက်ပြခဲ့လေသည်။

စာရေးသူအနေနှင့် အကြိုက်နှစ်သက်ဆုံး စာအုပ်အကြောင်းကို အကျဉ်းချုံး၍ ဖော်ပြပြီးပါပြီ။ ဆောင်းပါးများအစတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဆရာကြီးသောမတ်စ်ကာလိုင်း၏ သူရဲကောင်းစာအုပ်သည် အမှန်တရားမြတ်နိုးခြင်း၊ဖြောင့်မှန်ခြင်းတည်းဟူသောကြိုးဖြင့် သီကုံးထားသည့် ကျောက်မျက်ရာတနာများ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။ ။

မှန်တာတစ်ခု တည်းနှင့် ကိုယ်က လူတတ်လူတော် လုပ်ပြီး ထအော်ဖို့မလိုကြောင်း၊ အရေးကြီးသည်မှာ မှန်ပြီး အကျိုးရှိဖို့လိုကြောင်း၊ အကျိုးရှိသည်ဆိုရာ၌ အများ အကျိုးရှိဖို့လိုကြောင်း၊ ယင်းနှစ်ချက်ပြည့်စုံမှ သာပြောဆို ရေးသားသင့်ကြောင်း. . .

## အမှန်တရား မြတ်နိုးခြင်း (၈)

ဆရာကြီး သောမတ်စ်ကာလိုင်း၏ သူရဲကောင်းစာအုပ်မှ အဆီအနှစ် အမြုတေဟု စာရေးသူယူဆသည့် အမှန်တရား မြတ်နိုးခြင်းနှင့် ပတ်သက်သည်တို့ကိုတင်ပြပြီးပါပြီ။

စာအုပ်ဖတ်ရာတွင် စာရေးသူသည် မည်သည့်စာအုပ်မဆို (ဗုဒ္ဓ ဘာသာမူရင်း ကျမ်းစာအုပ်များမှအပ) အနှစ်၊ အမြုတေကိုသာ ယူပါ သည်။ စာရေးသူ ဘဝင်မကျသည့် အချက်များ၊ သဘောမတူသည့် အချက်များ ဖယ်ရှားပစ်ရ၏။

ယခုဆရာကြီး သောမတ်စ်ကာလိုင်း၏ စာအုပ်တွင်လည်း (မိမိ အနှစ်သက်ဆုံး စာအုပ် ဖြစ်စေကာမူ) စာရေးသူ ဘဝင်မကျသည့် အချက်များ ပါဝင်ပါသေးသည်။ သမိုင်းနှင့်ပတ်သက်သည့် ဆရာကြီး ကာလိုင်း၏အမြင်ကို စာရေးသူ ဘဝင်မကျပါ။

ထို့ကြောင့် ယင်းအပိုင်းကို လုံးဝ ရှေ့တန်းမတင်ဘဲ ချန်လှပ် ထားခဲ့ပြီး ယခုမှ ဖော်ပြရခြင်း ဖြစ်ပါသည်။

သမိုင်း ဘာသာရပ်ကို စာရေးသူသည် ဥပစာတန်းတွင်ရော ဝိဇ္ဇာတန်းတွင်ပါ သင်ယူခဲ့ရာ၊ သမိုင်းဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် သမိုင်းနှင့်ပတ်သက်၍အကောင်းဆုံး သင်ခန်းစာကို ကျွန်တော် သမိုင်းစာအုပ်များမှ ရခြင်းမဟုတ်။ တက္ကဗေဒ (Logic) စာအုပ်တစ်အုပ်မှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ (ယင်းစာအုပ် စာရေးသူ

ထံတွင် မရှိတော့၍ ရေးသားသူ၊ ထုတ်ဝေသည့် တိုက်နှင့်ခုနှစ်၊ စာအုပ် ခေါင်းစဉ်တို့ကိုပါ ဖော်ပြနိုင်ခြင်း မရှိပါ။ ၁၉၄၆-၄၇ ခုနှစ်များတွင် ဖတ်ရှုခဲ့ရခြင်းဖြစ်ပါသည်။) တစ်စုံတစ်ခု ဖြစ်ပေါ်လာရာတွင် ယင်း ဖြစ်ပေါ် ရခြင်းအကြောင်းများကို တက္ကဗေဒစာအုပ်ရေးသူက ရေးသား ထားခြင်းဖြစ်၏။

အကြောင်းများ အားလုံး စုပြုံ ဆုံဆည်းမှ တစ်စုံ တစ်ခု ဖြစ်ပေါ် ရခြင်းဖြစ်သည်ကို တက္ကဗေဒဆရာက ဤသို့ ရေးသားဖော်ပြခဲ့ပါ သည်။

လူတစ်ဦးကို နောက်တစ်ဦးက မိမိရှေ့မှောက်တွင်ပင် ခြောက် လုံးပြူးသေနတ်နှင့် ပစ်သတ်လိုက်၏။ ထိုသူ ဘာကြောင့် သေဆုံးရ ကြောင်း မေးမြန်းလျှင် သေနတ်မှန်၍ သေဆုံးကြောင်း လူတိုင်း လိုလိုက ဖြေဆိုကြမည်ထင်၏။

ယင်းအဖြေမှာ မှားတော့မမှား၊ သို့သော် ပြည့်စုံကုံလုံသည့် အဖြေ တစ်ရပ်မဟုတ်ချေ။

- ပထမ သေကွင်းကို မှန်မှ ထိုသူ သေမည်။ သေနတ် မှန်သော် လည်း သေကွင်းမဟုတ်က မသေနိုင်။
- ဒုတိယ သေနတ်နှင့် ပစ်သူက သေနိုင်လောက်သည့် အကွာ အဝေးက ပစ်ရမည်။ ကိုက် ၃၀၀ မှ ခြောက်လုံးပြူး သေနတ်ဖြင့် ပစ်ခတ်လျှင် သေဖို့လမ်း ဝေးမည်။
- တတိယ သေနတ်ရိုက်တံ (Striker) က ကျည်ဆန်ဖင် အလယ် တည့်တည့်ကို ရိုက်ဖို့လိုသည်။ ရိုက်တံတိုနေ၍ ကျည် ဆန်ထွက်မည် မဟုတ်။
- စတုတ္ထ ကျည်ဆန်မှ ယမ်းခြောက်သွေ့နေရမည်။ ယမ်းစိုနေပါ က မီးမကူး၍ ကျည်ဆန်ထွက်မည် မဟုတ်။
- ပဉ္စမ ပစ်ခတ်သူက တည်တည်ငြိမ်ငြိမ် သေနတ်ခလုတ်ဖြုတ် နိုင်သူ ဖြစ်ရမည်။ ခလုတ်ရမ်းဆွဲသူဖြစ်က မှန်ဖို့ဝေး သေးသည်။

ထို့ကြောင့် အလွန်ရှင်းလင်းလွယ်ကူလှသည့် ခြောက်လုံးပြူး သေနတ်ဖြင့် မိမိရှေ့တွင် ပစ်ထည့်လိုက်၍ သေဆုံးသူကို ဘာကြောင့်

ထိုသူ သေရသည် မေးလျှင်အထက်ဖော်ပြပါ အကြောင်းကြီးများ စုပေါင်းဆုံဆည်း၍သာ သေဆုံးရခြင်း ဖြစ်ကြောင်းထင်ရှာပါသည်။

ယင်းတို့ကို မူလ တက္ကဗေဒ စာရေးဆရာကြီးက အကြောင်းများ ဆုံဆည်းမိခြင်း[၁] ဟုခေါ်သည်။

ယင်းစာအုပ်ကိုဖတ်ပြီးကတည်းက သမိုင်းဖြစ်ရပ် တစ်ခုကို (အချို့ဖြစ်ရပ်များမှာ လူပေါင်း သန်းချီပါဝင်ပြီး နိုင်ငံပေါင်းများစွာနှင့် ပတ်သက်နေ၍) ဘာကြောင့်ဖြစ်ပေါ်ရသည်ဟု လေ့နံဓားထစ်ပြော သည်များကို စာရေးသူဘယ်တော့မှ တရားသေအမှန်ဟု မယူ တော့ပါ။

ဆရာကြီးကာလိုင်းပြောသလို "သမိုင်းဆိုသည်မှာ ကြီးမြတ် သော သူတို့ အတ္ထုပ္ပတ္တိဖြစ်သည်" ဟူသော အဆိုအမိန့်ကို တရားသေ မယူဆသလို အခြားပညာရှင်ကြီးများ၏ အလားတူ အဆိုအမိန့် များကိုလည်း တရာသေ မယူတော့ပါ။ ဖြစ်ရပ်တစ်ခုကို အကြောင်း စုံအောင်၊ ထောင့်စုံအောင် ရှာဖွေလေ့လာပါတော့သည်။

ဤသို့ဆိုခြင်းကြောင့် ဆရာကြီးကာလိုင်းအယူလုံးဝမှားသည် ဟု ကျွန်တော်မယူဆပါ။ ဤသို့ပြောရဲသူရှိပါက အလွန်သတ္တိကောင်း သည့် စာပေပညာရှင်ဖြစ်လိမ့်မည်။ ကျွန်တော်တို့ လွတ်လပ်ရေးသမိုင်း ပြန်ကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်း မည်မျှအရေးပါသည်၊ အခရာ ဖြစ်သည်ကို လူတိုင်း ဝန်ခံရမည်။

သမိုင်းဆိုသည်ကလည်း ဖတ်နိုင်လေ ထောင့်စေ့လေဖြစ်သည် ကို သမိုင်းဘာသာရပ် ယူဖူးသူတိုင်း သိပါသည်။(အတွေးအမြင်မှ ဆရာ မြသန်းတင့်၏ ဘာသာပြန်သမိုင်း ဆောင်းပါးများ ရှု။)

လောဂျစ် စာအုပ်မှရရှိသည့် အတွေးအမြင်ကို စာရေးသူ အလွန် တန်ဖိုးထားခဲ့ပါသည်။ သို့သော် ရှင်တော်မြတ်ဘုရား၏ ပဋ္ဌာန်းဒေသနာတော်ကို လေ့လာဖတ်ရှုရသည့်အခါ လောဂျစ်

---

၁။ **plurality of causes-**တိုက်ရိုက်ပြန်သော် အကြောင်းအများ အပြား ရှိခြင်းဟု ပြန်နိုင်သော်လည်း ဤနေရာတွင် အကြောင်းများ ဆုံဆည်း စုပြုံမိ၍ အကျိုးတရားရရှိခြင်းကြောင့် 'အကြောင်းများ ဆုံဆည်းမိခြင်း'ဟု

ဆရာကြီး အယူအဆအပါအဝင် ကျန်ကျိုးကြောင်းတရား မှန်သမျှမှာ သာမညအဆင့်သာ ရှိပါတော့သည်။

ထို့ကြောင့်လည်း ဘုရားရှင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်က ဟောကြားတော်မူခဲ့သည့်အတိုင်း ယခုအထိ ၂၄ ပစ္စည်း အတိုင်းသာ တည်ရှိနေခြင်းဖြစ်ပါသည်။ ဆရာကြီး ရွှေဥဒေါင်း တစ်ခါက ရေးဖူးသလို မည်သူကမျှ ၂၃ ပစ္စည်းဖြင့် လုံလောက်သည်၊ ၂၅ ပစ္စည်းဖြစ်သင့်သည် စောဒကမတက်နိုင်ကြခြင်း ဖြစ်တော့၏။

ဤမျှဆိုလျှင် ဘာကြောင့် ကျွန်တော် ဆရာကြီးကာလိုင်း သမိုင်းအမြင်ကို ရှေ့တန်းမတင်သည်မှာ ထင်းရှားလောက်ပါပြီး။

ထို့နောက် အမှန်တရား မြတ်နိုးသည် ဆိုရာတွင် မူအရ အမှန်ဘက်မှ အမြဲရပ်တည်ရမည်ဖြစ်သော်လည်း နေရာတကာ မဟုတ်မခံ မဖြစ်သင့်ကြောင်း ကျွန်တော့်ဘဝ အတွေ့အကြုံများ၊ ကျွန်တော်ရရှိခဲ့သည့် ဒဏ်ရာဒဏ်ချက်များ ပြောပြပြီး သားသမီးများ အား ဆုံးမရပါသည်။

အမှန်တရားမြတ်နိုးမှုကို ရှင်တော်မြတ်ဘုရားဟောကြား တော် မူခဲ့သည့် စကားခြောက်ခွန်း တရားတော်နှင့် 'ချွန်းအုပ်' ပေးရပါ သည်။

မှန်တာတစ်ခုတည်းနှင့် ကိုယ်က လူတတ် လူတော် လုပ်ပြီး ထအော်ဖို့ မလိုကြောင်း၊ အရေးကြီးသည်မှာ မှန်ပြီး အကျိုးရှိဖို့ လိုကြောင်း အကျိုးရှိသည်ဆိုရာ၌ အများအကျိုးရှိဖို့လိုကြောင်း၊ ယင်း နှစ်ချက်ပြည့်စုံမှသာ ပြောဆို ရေးသားသင့်ကြောင်း ဆုံးမရပါသည်။

တစ် မှန်ရမည်။

နှစ် အကျိုးရှိရမည်။

ယင်း နှစ်ချက်နှင့် ပြည့်စုံပြီး နာလိုသည့် စကား ပီယဝါစာဖြစ် ခဲ့သော် အတိုင်းအထက်အလွန် ဖြစ်၏။ ရဲရဲပြောပေတော့။ ရဲရဲရေးပေ တော့။

မှန်ပြီး အများအကျိုးရှိမည်ဆိုလျှင် နာလိုခံခဲ့သည့် စကား ဖြစ်စေကာမူ မိမိအမုန်းခံ၍ ပြောရမည်၊ ရေးရမည်သာ ဖြစ်ကြောင်း ပြောပြရပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး
၁။ အခြေပြုပဋ္ဌာန်းတရားတော်၊ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည်။
၂။ Guide to Conditional Relations Part I by U NaradaMula-patthana Sayadaw Published by The Pail Text Society London, The U.K.1979.
၃။ Heroes and Hero Worship by Thomas Carlyle. Richard Clay and Sons Ltd. London and Bungay.

စိတ်ကူးချိုချို

မျဉ်းဖြောင့်တစ်ခုတွင် အလယ်အလတ် လမ်းစဉ်ရှာရ
သည်မှာလွယ်၏။ စက်ဝိုင်းတွင်လည်းအလယ်အလတ်
လမ်းစဉ်ကို ရှာတွေ့နိုင်၏။ သို့သော် စက်ဝိုင်းတွင် မည်
သည်က အစွန်းတရားများဖြစ်သနည်း။

## မဇ္ဈိမ ပဋိပဒါ လမ်းစဉ်

မြန်မာလူမျိုးတို့ အသုံးအများဆုံး၊ လူသိအများဆုံး၊ ပေါ်ပြူလာ အဖြစ်ဆုံး စကားလုံး တစ်လုံးပြပါဆိုလျှင် မဇ္ဈိမ ပဋိပဒါ ကို ပြရမည်။

မဇ္ဈိမ ဆိုသည်မှာ ပါဠိ စကားလုံးဖြစ်၍ လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး၏ ပါဠိအဘိဓာန်ချုပ်က အလယ်အလတ်ဟု အနက်ပေး ပြီး ပဋိပဒါ ကို အကျင့်ပဋိပတ်ဟု အနက်ပေး၏။ အလယ်အလတ် အကျင့်၊ အလယ်အလတ်လမ်းစဉ်၊ အစွန်းနှစ်ဘက်မှ လွတ်သော လမ်းစဉ်ဟု ကျွန်ုပ်တို့ သာမာန်နားလည်ထားကြပါသည်။

ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောကြား တော်မူခဲ့သည့် တရားဦး ဓမ္မစကြာ ဒေသနာတော်မြတ်ကို ဗုဒ္ဓဘာသာ မြန်မာတိုင်း သိကြ၏။

ဓမ္မစကြာ သုတ်တော်ကို အတော်များများက အလွတ်ကျက် ထား၍ မှန်မှန်ရွတ်ဖတ် သရဇ္ဈာယ်ကြပြီး အလွတ်မရသူများကလည်း ဓမ္မစကြာဆိုသည်မှာ အစွန်းတရားနှစ်ပါးမှ လွတ်သော်တရား မိမိ ကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်း တည်းဟူသော အတ္တကိလိမထာ နုယောဂနှင့် ကာမဂုဏ်ကို အလွန်အကြူးခံစားခြင်း တည်းဟူသော ကာမသုခလ္လိကာနုယောဂ အစွန်းတရားနှစ်ပါးမှ လွတ်မြောက်သော အလယ်အလတ်လမ်းစဉ်ဟု နားလည်ထားကြပါသည်။

အလယ်အလတ်လမ်းစဉ်ကို အခြား ပညာရှိအပေါင်းလည်း ဟောကြပြောကြ ရေးသားခဲ့ကြကုန်၏။

စိတ်ကူးချိုချို

ထင်ရှားသူနှစ်ဦးမှာ တရုတ်ပညာရှိ ကွန်ဖြူရှပ်[၁] နှင့်ခေါမ ဒဿနိက ဆရာ ပလေတို[၂] တို့ ဖြစ်ပါသည်။

နှစ်ဦးစလုံးက အလယ်အလတ် လမ်းစဉ်ကောင်းမွန်ပုံ၊ အပြစ်ကင်းစင်ပုံ၊ လိုရာလမ်းကို ရောက်နိုင်ပုံ ချီကျူးရေးသားခဲ့ကြ၍ ယင်းကို ရွှေအလယ်အလတ်လမ်းစဉ်[၃] ဟု ခေါ်ခဲ့ကြ၏။

အလယ်အလတ် လမ်းစဉ်ဆိုသည်မှာ အစွန်းတရားများမှ လွတ်သောကြောင့် ကောင်းမှန်း လူတိုင်းသိကြ၏။ သို့သော် တကယ် လိုက်နာနိုင်ကြပါသလော။

လိုက်နာကျင့်ကြံဖို့ မပြောနဲ့ဦး၊ အလယ်အလတ်လမ်းစဉ်ကို တကယ် နားလည် သဘောပေါက်နိုင်ကြပါသလော။

တကယ်တွေးကြည့်လေ နက်နဲလေဖြစ်သည်ကိုတွေ့ရပါမည်။

မျဉ်းဖြောင့်တစ်ခုတွင် အလယ်အလတ်လမ်းစဉ် ရှာရသည်မှာ လွယ်၏။ စက်ဝိုင်းတွင်လည်း အလယ်အလတ် လမ်းစဉ်ကို ရှာတွေ့နိုင်၏။ သို့သော် စက်ဝိုင်းတွင် မည်သည်က အစွန်းတရားများ ဖြစ်သနည်း။

စက်ဝိုင်းတွင် အလယ်ဗဟိုကို ရှာတွေ့နိုင်သော်လည်း အစွန်းတရားများကို ပြပါဆိုလျှင် အခက်ခဲနှင့် ရင်ဆိုင်ရတော့မည် ဖြစ်လေသည်။

ဂျီဩမေတြီပုံစံ အမျိုးမျိုးကို စဉ်းစားကြည့်ပါ။အလယ်အလတ် လမ်းစဉ်ကို မည်သို့ ရှာဖွေမည်နည်း။

အထက်တွင် ဖော်ပြခဲ့သော ဓမ္မစက္က ပဝတ္တန သုတ်တော်တွင် ပင် အစပိုင်း၌ အစွန်းတရား နှစ်ပါးမှာ မည်သည်တို့ဖြစ်သည်၊ ယင်း အစွန်းတရား နှစ်ပါးမှ လွတ်သော လမ်းစဉ်မှာ အလယ်အလတ် မဇ္ဈိမ ပဋိပဒါလမ်းစဉ် ဖြစ်သည်ကို အလွယ်တကူပင် နားလည်နိုင်ပါသည်။

သို့သော် ယင်းလမ်းစဉ်းတွင် အင်္ဂါရှစ်ပါးတို့သည် (သမ္မာဒိဋ္ဌိ စသည့်. . . )ယင်းတို့ ပြည့်စုံမှ၊ တစ်နည်း အင်္ဂါရှစ်ပါးစလုံး ပြည့်စုံမှ အလယ်အလတ်လမ်းစဉ်ကို ကျွန်ုပ်တို့ ကိုယ့်ဉာဏ်နှင့်ကိုယ် စဉ်းစား၍

---

၁။ Confucius 551-479 B C

၂။ Plato 427-347 B C

၃။ The Golden Mean

မည်သို့ သိရှိနိုင်ပါမည်နည်း။

ကိုယ့်ဉာဏ်နှင့်ကိုယ် ရှာလို့ကတော့ ဘယ်လိုမှရှာတွေ့နိုင်မည် မဟုတ်ပါ။ ဤ တစ်ကြောင်းတည်းသော လမ်းစဉ်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ဟောကြားခဲ့ သောကြောင့်သာ ကျွန်ုပ်တို့ သိရှိကြရခြင်း မဟုတ်လော။

သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံသည့် နိဗ္ဗာန် သို့ သွားရာ တစ်ကြောင်းတည်းသော မဂ္ဂင်ရှစ်ပါး တရားတော်ကို မိမိ ဉာဏ်လေး တစ်မိုက်တစ်ထွာနှင့် မည်သို့မျှ သိရှိလာရန် အကြောင်း မရှိပါ။

ကျေးဇူးတော်အနန္တကို ဤသို့စေ့စေ့ တွေးကြည့်လေကြည်ညို ရလေဖြစ်ပါသည်။

ဘုရားအလောင်းတော် ကိုယ်တော်မြတ်ကြီးသည် ငါ ဘုရား ဧကန်စင်စစ်ဖြစ်အောင် ဤနေရာမှ မထတမ်း ကျင့်ကြံတော့မည်။ ဘုရား မဖြစ်သရွေ့ အရိုးကြေကြေ အရေခန်းခန်း ဤနေရာမှ မထ တော့ပြီးဟု အာဇာနည်ယောကျ်ားမြတ်တို့ အဓိဋ္ဌာန်ဖြင့် ကျင့်ကြံလိုက် ရာ သုံးလူ့ထွတ်ထား ဘုးရားစင်စစ် ပွင့်တော်မူလာရပေသည်။

ယင်းမှာ မဇ္ဈိမဋိပဒါ အကျင့်ပင်ဖြစ်၏။

ယင်း သာဓကကို အမိပ္ပါယ် အကောက်လွဲ၍ ယခုခေတ်လူတို့ နေရာမှ မထတမ်း ကျင့်ကြံလျှင် ၆-နှစ်မဟုတ်၊ အနှစ် ၆၀ ကျင့်၍ လည်း ဘုရားမဖြစ်မှာ သေချာလှ၏။

ဘုရားအလောင်းတော် နေရာမှ မထတမ်း ကျင့်တော့မည်ဟု သန္နိဋ္ဌာန်မချမှတ်မီ သူ ဘုရားစင်စစ်ဖြစ်တော့မည်ကို ကိုယ်တော်မြတ် ကြီးသိရှိပြီး ဖြစ်ရမည်။ သံသရာ တစ်လျှောက်လုံး ကျင့်ကြံခဲ့ရသည့် ပါရမီ ၁၀ ပါးအပြား ၃၀ တို့ကို ဖြည့်ဆည်းတော်မူခဲ့၍ နောက်ဆုံး ပန်းတိုင်ကို ရောက်တော့မည်ကို လယ်ပြင်ဆင်သွားသကဲ့သို့ ထင်ထင် ရှားရှားကြီး မြင်တော်မူပြီး ဖြစ်ရမည်။

တာဝေးပြေသူသည် မိမိမည်မျှ ပြေးခဲ့သည်၊ မည်မျှ ခရီး ပေါက်ခဲ့သည်ကို သေချာစွာသိရှိပြီး နောက်ဆုံး ပန်းဝင်ခါနီး အစွမ်း ကုန်အားထုတ်၍ ကြိုးစားပြေးခဲ့သည့်ပုံမျိုး ဖြစ်တော့၏။

ထို့ကြောင့် ရဲရဲတောက် သန္နိဋ္ဌာန်ချမှတ် လုပ်ဆောင်သည်မှာ ကောင်းသည့်လမ်းစဉ်ပင် ဖြစ်သော်လည်း ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ကို သိထားရန်လည်း အလွန် အရေးကြီးပါသည်။

ယခုခေတ် တရားကျင့်သူများ နည်းအမျိုးမျိုးနှင့် ကျင့်ကြံနေကြသည်ကို တွေ့ရှိကြားဖူးသိဖူးကြမည်။ တော်ကူး ဆရာတော်ဘုရားကြီးသည် ၂၄နာရီ မလှုပ်မယှက် ထိုင်လျက် ထလျက် ကျင့်ကြံနိုင်သူ ပါရမီရှင်ကြီးဖြစ်၏။

အလားတူပင် ၆နာရီ၊ ၁၂ နာရီ ထိုင်နေသူများကို စာရေးသူ တွေ့ဖူးပါသည်။

အငြိမ်းစား ငွေစာရင်းမင်းကြီး ဆရာကြီး ဦးဘခင် အနာဂါမ် ဆရာ သက်ကြီးထံ သွားရောက် တရားအားထုတ်စဉ်က ဦးဘခင်အား စားချိန် သောက်ချိန်တွင်သာ တံခါးဖွင့်ပေး၍ တစ်ချိန်လုံး ကမ္မဋ္ဌာန်းကျောင်းတံခါး အလုံပိတ်၍ ကျင့်ကြံအားထုတ်စေခဲ့၏။

မိမိကိုယ်ကို နှိပ်စက်ညှဉ်းပန်းခြင်းဟု မဆိုသာ။ ဆရာကြီး ဦးဘခင်၏ ပါရမီကိုဆရာသက်ကြီး သိ၍ပြင်းပြင်းထန်ထန် အားထုတ်စေခြင်း ဖြစ်တော့၏။

ထို့ကြောင့် အလယ်အလတ်လမ်းစဉ် ဆိုသည်မှာလူတစ်ဦးနှင့် တစ်ဦး မတူညီနိုင်ပေ။ အမြဲလို ထိုင်၍ စာရေးစာဖတ်နေသူ တစ်ဦးအား ၅ မိုင် အပြေးခိုင်းလျှင် မိမိကိုယ်ကို ညှဉ်းပန်းခြင်းပင် ဖြစ်နိုင်၏။

သို့သော် မာရသွန် အပြေးသမားအတွက် ၁၀ မိုင်ပြေးရမှာလည်း မမှု၊ ၁၅ မိုင်လည်း အပျော့ပင်ဖြစ်ပေမည်။

ထို့ကြောင့် အလယ်အလတ်လမ်းစဉ်မှာ လွယ်မယောင်နှင့် လက်တွေ့လိုက်နာလုပ်ဆောင်ရန် အလွန်ခက်ပါသည်။ လူတစ်ဦးအတွက် အလယ်အလတ်လမ်းစဉ်မှာ အခြားသူတစ်ဦးအတွက် အလွန့်အလွန် ပြင်းထန်သည့် အကျင့်ဖြစ်နေနိုင်၏။

ထို့ကြောင့် လောကီရေးရာမှာရော လောကုတ္တရာရေးမှာပါ မိမိနှင့် သင့်တော်မည့် အလယ်အလတ် လမ်းစဉ်ကို တွေ့အောင်ရှာ၍ လုပ်ဆောင် ကျင့်ကြံသွားနိုင်ရန် အရေးကြီးပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး

၁။ ဓမ္မစကြာတရားတော်၊ မဟာဂန္ဓာရုံဆရာတော် ရှင်ဇနကာဘိဝံသ၊

၂။ Library of the World's Great Thinkers
- The Wisdom of Confucius

၃။ Library of the World's Great Thinkers
- Politics

၄။ A History of Political Thought by Gettel

၅။ ဆရာကြီး ဦးဘခင်၊ ဦးကိုလေး (ဇေယျာမောင်) အငြိမ်းစား
ဒု-အဓိပတိ၊ မန္တလေးတက္ကသိုလ်၊ ဒုတိယအကြိမ်၊ ၁၉၈၆။

စိတ်ကူးချိုချို

သမထ ကျင့်စဉ်အထိ ဘာသာအသီးသီး တူညီသည့် အချက် အများအပြား တွေ့နိုင်၍ဗုဒ္ဓဘာသာနှင့်အခြား ဘာသာများ အဓိက ခြားနားသွားချက်မှာ အနတ္တတရား တွင် ဖြစ်လေသည်။

## အတ္တနှင့်အနတ္တ

ကမ္ဘာ့ ဘာသာကြီး အားလုံးတွင်ကောင်းသည့် အချက်များ ရှိသည်။ ထို့ကြောင့်သာလျှင် အသိဉာဏ်ရှိသည့် လူဦးရေ သန်းချီ၍ ယင်းဘာသာများကို ကိုးကွယ်ဆည်းကပ်နေကြခြင်းဖြစ်သည် ဟူသော အဆိုဖြင့် စတင်ဆွေးနွေးတင်ပြလိုပါသည်။

ဘာသာအားလုံးမှာပင်(Moral Precepts)ခေါ် အကျင့်စာရိတ္တနှင့် ပတ်သက်၍ သတ်မှတ်ချက်များမှာ အခြေခံအားဖြင့် အတူတူလိုပင် ဖြစ်ပါသည်။

သူ့အသက် မသတ်ရ၊ သူတစ်ပါးပစ္စည်း မခိုးရ၊ မုသားမပြောဆိုရ၊ သူများအိမ်ယာ မကျူးလွန်ရ စသည့် သီလတရားတို့ဖြင့် လူတို့အကျင့်စာရိတ္တကို ထိန်းထားခဲ့ကြသည်ကို တွေ့ရပါသည်။

မိရိုးဖလာ ဘာသာကိုးကွယ်သူများအတွက် ယင်းသီလလောက် လုံခြုံနေလျှင်ပင် လောက၌ လူကောင်းလူတော်ဖြစ်နိုင်ပေပြီ။

သမထကျင့်စဉ်အထိ ဘာသာအသီးသီး တူညီသည့် အချက်အများအပြား တွေ့နိုင်၍ဗုဒ္ဓဘာသာနှင့် အခြားဘာသာများ အဓိက ခြားနားသွားချက်မှာ အနတ္တတရားတွင် ဖြစ်လေသည်။

ဝိပဿနာ ကျင့်စဉ်တွင် ခြားနားသွားကြခြင်း ဖြစ်လေသည်။ သို့သော် ဗုဒ္ဓဘာသာဆိုသူများတွင်ပင် ဝိပဿနာကျင့်စဉ်ကို စွဲစွဲမြဲမြဲ စောက်(ဇောက်)ချ၊ ကျင့်ကြံသူ အလွန်နည်းပါးပါသည်။ ရာခိုင်နှုန်းအားဖြင့် အလွန့်အလွန် နည်းပါးသည်ကို တွေ့ရမည်ဖြစ်ပါသည်။

အနတ္တတရားမှာလည်း ဘုရားရှင် ပွင့်တော်မူလာမှ ပေါ်လာ

သည့် တရား၊ ကြားနာခွင့်ရသည့် တရားဖြစ်ချေ၏။

သာသနာပ အခါ၌ အနတ္တတရားကိုပင် ကြားဖူးကြခြင်းမရှိချေ။

တစ်လောကလုံး အတ္တသမားချည်းသာ ဖြစ်နေပြီး အတ္တအယူရှိသူ ရာခိုင်နှုန်းပြည့်ဖြစ်နေစဉ် ဘုရားပွင့်တော်မူလာ၍ အနတ္တတရားကိုဟောကြားမည် ရှိသောအခါ လူအများ နားမလည်နိုင်မည်ကို သိမြင်၍ တရားမဟောရန် စိတ်ညွတ်သည် ဆိုသည်မှာ အလွန့်အလွန် သဘာဝကျလှပါသည်။

လောကီရေးရာတွင် ကြည့်ပါ။ လူသည် ကိုယ့်ကိုယ်ကို အချစ်ဆုံး၊ ကိုယ့်ကိုယ်ကို အမြတ်နိုးဆုံး၊ အခင်တွယ်ဆုံး မဟုတ်လော။

မိမိကိုယ်ကို တွယ်တာသဖြင့် ကိုယ့်သွေး ကိုယ့်သား၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်ပစ္စည်းကို ခင်တွယ်နေခြင်း ဖြစ်တော့၏။ အခြေခံမှာ သက္ကာယဒိဋ္ဌိပင် ဖြစ်လေသည်။

ဤအချက်နှင့်စပ်လျဉ်း၍ မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားလေ့ရှိသည့် တရားတော် တစ်ပုဒ်ကို အကျဉ်းမျှ တင်ပြလိုပါသည်။ တောထွက် ရဟန်းကြီး တစ်ပါးမှာ စွဲစွဲမြဲမြဲ ကျင့်ကြံ၍ အာသဝေါ ကုန်ခန်းပြီး ရဟန္တာဖြစ်သွား၏။ သူ့လူ့ဘဝက ဇနီးဟောင်းက ရဟန်းကြီး တရားအားထုတ်နေစဉ် လူထွက်ရန် အမျိုးမျိုးပြောသော်လည်း မရ။

ထိုအခါ သူ(ရဟန္တာ အရှင်မြတ်) လူ့ဘဝက အလွန်ချစ်ခင်သော တစ်ဦးတည်းသော သားနှင့် ဖြားယောင်းရန် အမျိုးသမီးက အကြံရ၏။ အရှင်မြတ် တရားထိုင်နေရော အနီးတွင် သားငယ်ကို ပက်လက်ချထား လိုက်ရာ ကလေးက ငယ်သံပါအောင် ငိုတော့၏။

ရဟန္တာ ဖြစ်နေပြီး ဖြစ်သော အရှင်မြတ်က မတုန်လှုပ်၊လှည့်၍ပင်မကြည့်။ အရှင်မြတ်ကြီးက သင်္ဂါမ (စစ်မြေပြင်) ဇိ (အောင်နိုင်သူ)ဟု ထင်ရှားသူတည်း။[၁]

ငါပြုတ်သွားသူအတွက် ငါ့သား၊ ငါ့မယား သံယောဇဉ် မရှိ

---

၁။ ခုဒ္ဒကနိကာယ ဥဒါနပါဠိတော် (အနက်ကို ချမ်းမြေ့ဆရာတော် ဘုရားက ဘာသာပြန်ပေးပါသည်။)-

တော့။

တစ်ဆက်တည်း ဆရာတော်ကြီးက အမှီရှိ၍တုန်လှုပ်ရပုံ၊ သောက ပရိဒေဝ ပွားရပုံကို လက်တွေ့မြင်အောင် ဤသို့ ဟောကြားခဲ့သေး၏။

အကယ်၍ မိမိက ရန်ကုန်တွင်ရှိနေစဉ် မန္တလေး၌ ရောက်နေသော သမီး ဖျားနာသည်၊ အန္တရာယ်တစ်ခုခုဖြစ်သည် သံကြိုးရသော် မိခင်၊ ဖခင်တို့ မည်သို့ရှိမည်နည်း။ ငါ မပြတ်သူ အားလုံး အကြီး အကျယ် တုန်လှုပ်ရတော့မည်ဖြစ်၏။

အမှီရှိ၍ တုန်လှုပ်ခြင်းဖြစ်ကြောင်း၊ ကိုယ့်ကိုကိုယ် ခင်တွယ်နေ၍ ငါစွဲရှိနေ၍ ကိုယ့် သမီး၊ သား တစ်စုံတစ်ခု ဖြစ်သော ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရကြောင်း ဆရာတော် ဘုရားကြီးက ဟောကြားခဲ့ပါသည်။

သောကပရိဒေဝ ငြိမ်းအေးစေနိုင်သော တစ်ခုတည်းသော တရားမှာ အနတ္တတရားသာ ဖြစ်လေသည်။

ချမ်းမြေ့ဆရာတော်ဘုရား အင်္ဂလန်၊ အမေရိကန်နိုင်ငံများသို့ သာသနာပြုကြွသွားစဉ်က အမေရိကန်နိုင်ငံ မဆာချူးဆက်ပြည်နယ် ဘယ်ရီ (Barre)မြို့ Insight Meditation Society တွင် ကြုံခဲ့ရသည့် မေးခွန်းတစ်ခုမှာ အနတ္တတရားနှင့်ပတ်သက်၍ အလွန်အရေးကြီးပါသည်။

မေးခွန်းမှာ ဤသို့ဖြစ်၏။

Could you distinguish between Enlightenment and the Doctrine of No-Self?

If there is no self to experience Enlightenment what is enlightened?

မေခွန်းကို အောက်ပါအတိုင်း ဘာသာပြန်နိုင်မည် ယူဆပါသည်။

'မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှိခြင်းနှင့် အနတ္တတရားကိုခွဲခြားဟောကြားတော်မူနိုင်ပါမည်လော။ အကယ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ခံစား စံစားရန် ငါမရှိလျှင် မည်သူက မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသွားသနည်း။
'

ဆိုလိုသည်မှာ အနတ္တသဘောအရ ပုဂ္ဂိုလ် မရှိ၊ သတ္တဝါ မရှိ ငါ မရှိလျှင် မည်သူက ဘုရားဖြစ်သွားသနည်း ဟူလို။

အနတ္တ တရားတော်ကို အခြေမှ ကိုင်လှုပ်လိုက်ခြင်း ဖြစ်၏။ အဖြေပေးရန်လည်း အလွန်ခက်သည့် မေးခွန်းတည်း။

ချမ်းမြေ့ဆရာတော် အဖြေမှာ ဤသို့ဖြစ်ကြောင်း စာရေးသူအား ချမ်းမြေ့ဆရာတော်ဘုရား ကိုယ်တိုက် မိန့်ကြားဖူးပါသည်။

"တရားရှုမှတ်သည့် ပုဂ္ဂိုလ်အတွက်တော့ ဒီမေးခွန်းရဲ့ အဖြေဟာ လွယ်ပါတယ်၊ တရားရှုမှတ်စဉ် စောင့်ကြည့်နေတဲ့ စိတ်ကလေး (**Mindfulness**) ရှိတယ်မဟုတ်လား။ ဒီစိတ်ကလေးနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတာပေါ့"

စောင့်ကြည့်နေသည့် စိတ်ကလေးကလည်း တစ်ချိန်လုံး ပျက်နေသည်သာ ဖြစ်လေသည်။

သို့သော် ဤအချက်ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောကြား၍သာ ကျွန်ုပ်တို့ သိရခြင်း ဖြစ်လေသည်။

အဆွေ စာဖတ်သူ . .

သေသေချာချာ စဉ်းစားကြည့်စမ်းပါ။ သာသနာပ အခါ ဆိုပါတော့။ သင် ကျင့်ကြံအားထုတ်နေသည့် တရားကလည်း ဝိပဿနာ မဟုတ်ဘဲ သမထ ကမ္မဋ္ဌာန်း ဆိုကြပါစို့။ (ဘုရားပွင့်တော်မူမှသာ အနတ္တ တရားကို သိမြင်ခွင့် ရကြခြင်းဖြစ်လေသည်။ သာသနာပ အခါ၌ အနတ္တ တရားကို ကြားပင်ကြားဖူးကြမည် မဟုတ်ချေ။ ထို့ကြောင့် သာသနာပ အခါတွင် ကျင့်ကြံသမျှ ဝိပဿနာ မဖြစ်နိုင်ဘဲ သမထသာဖြစ်ရပေမည်။)

ထိုစောင့်ကြည့်နေသည့် စိတ်ကလေးကို သမထ သမားက အတ္တဟု ယူတော့မည် ဖြစ်လေသည်။ ထို အတ္တအယူကလည်း နှယ်နှယ်တော့မဟုတ်။ ဗြဟ္မာပြည်အထိ ရောက်နိုင်၏။ လူ့သက်တမ်းနှင့်တွက်သော် နှစ်ပေါင်း မရေမတွက်နိုင်အောင် ကမ္ဘာပေါင်းများစွာ တည်နေနိုင်သော ဗြဟ္မာအထိ ဖြစ်နိုင်သော တရားဖြစ်လေသည်။

စောင့်ကြည့်နေသော စိတ်ကလေး တည်မြဲသည်၊ မပျက်မစီး

ဆက်လက် ရှင်သန်နေသည်ဟူသော အယူမှာ အတ္တအယူဖြစ်၍ ယင်းစောင့်ကြည့်နေသော စိတ်ကလေးကပါ တစ်ရံမလပ် တရစပ် ပျက်နေသည်ဟူသော အယူအဆမှာ အနတ္တအယူ ဖြစ်လေသည်။

အလားတူပင် ဘဝကူးသည်ကို ယူဆရာ၌လည်း ယခုဘဝမှ နောက်ဘဝသို့ တစ်စုံတစ်ရာ ကူးပြောင်းသွားသည်ဟု ယူဆရာ၌ ဘာသာကြီးအများစုသည် အတူတူပင် ယူဆရမည် ထင်ပါသည်။

အစတွင် အကြီးအကျယ် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ကွဲပြား ခြားနားကြသည်ဟု စာရေးသူ မယူဆပါ။

နောက်ဘဝသို့ ကူးသွားသည်မှာ လိပ်ပြာ ဖြစ်သည်၊ ဝိညာဉ် ဖြစ်သည်ဟု အချို့ဘာသာများက ယူဆကြ၍ ယင်းအယူကို Transmigration of Souls ဟုခေါ်ကြ၏။ သည်ဘဝ ဝိညာဉ်က နောက် ဘဝသို့ ကူးသွားသည် ယူဆခြင်း ဖြစ်လေသည်။

ဗုဒ္ဓအယူမှာ ယခုဘဝ သေလွန်သော် ရုပ်ရော နာမ်ပါ ချုပ်ငြိမ်း သွား၍ တစ်တိုတစ်စမှ နောက်ဘဝသို့ ကူးပြောင်းသွားခြင်း မဟုတ်။ သတ္တိသာ ကူးသွားခြင်း ဖြစ်သည်။ ယခုဘဝ ပြုလုပ်သည့် ကုသိုလ် အကုသိုလ် အဟုန်သာ ပါသွားခြင်း ဖြစ်လေသည်။

ဆီမီးထွန်းညှိခြင်း၊ ပွဲတင်သံတို့နှင့် နမူနာ ပေးထား၏။ ဆီမီး ခွက် တစ်ခုမှ နောက်ဆီမီးခွက်ကို မီးကူးညှိသော ပထမ မီးက နောက်မီးခွက်သို့ ပါသွားခြင်း မဟုတ်။ တစ်ချိန်တည်းတွင် ပထမ မီးတောက်၏ အစွမ်း သတ္တိနှင့်လည်း ကင်း၍ နောက်မီးဖြစ်လာခြင်း မဟုတ်ချေ။

ဆီမီးခွက် တစ်ခွက်ထဲမှ မီးတောက်ဥပမာတွင်လည်း ညဦးက ထွန်းထားသည့် မီးတောက်မှာ ညလည်အထိ ခံနေသည် မဟုတ်။ တစ်ဆက်တည်း လင်းနေသည် ထင်ရသည်မှာ သ!mန်ပညတ်၏ လှည့်စားမှု ဖြစ်ပေ၏။ နောက်မီးတောက်မှာ ပထမမီးတောက်နှင့် အကြောင်းကင်း၍ ဖြစ်သည်လည်း မဟုတ်ချေ။

စတင် ထွန်းညှိသည့် မီးတောက် တစ်ချိန်လုံး ရှိနေသည်ယူဆ ခြင်းမှာ အတ္တအယူမျိုး ဖြစ်လေသည်။

ပထမ မီးတောက်နှင့် နောက်မီးတောက်မှာ အကြောင်းနှင့်

အကျိုး ဆက်စပ်လျက် ရှိလေသည်။ ပထမ မီးတောက် အကြောင်းကြောင့် နောက်မီးတောက် အကျိုးဖြစ်ပေါ်ရပြီး နောက်မီးတောက်မှာ ပထမ မီးတောက်မဟုတ်စေကာမူ ပထမ မီးတောက်၏ အကြောင်းလည်း မကင်းချေ။

ဘဝကူးခြင်းမှာ ဝိညာဉ်ကူးခြင်း မဟုတ်ဘဲ ကံကူးခြင်း ဖြစ်သည်။ ကံ၏ သတ္တိ ကူးခြင်းဖြစ်သည်။ Transmigration of Karma ဟု ပါမောက္ခ လက်ရှမီး နာရဆုက ရေးသားခဲ့လေသည်။[၁] နာရဆုမှာ သီရိလင်္ကာနိုင်ငံ ကိုလံဘို တက္ကသိုလ်မှ ရူပဗေဒ ပါမောက္ခ ဖြစ်လေသည်။

စုတိစိတ်၏ ဘင်ခဏနှင့် နောက် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏသည် မျက်တောင် တစ်ခတ်၊ လျှပ်တစ်ပြက် ခဏကာလကို အစိတ်အထောင်စိတ်၊ တစ်စိတ်စာမျှ ကွာခြားခြင်း မရှိ၍ လိပ်ပြာကူးပြောင်းသည် ထင်ရခြင်း ဖြစ်လေသည်။

အနတ္တတရားကို ကျွန်ုပ်တို့အနေနှင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြား၍သာ သိမြင်ကြရခြင်း ဖြစ်ပြီး ဗုဒ္ဓ မပွင့်သည့် ခေတ်အခါသာ ဆိုလျှင် ဝိညာဉ်ကူးသည့်အယူကို အလွယ်တကူပင် ကျွန်ုပ်တို့ ယူလိုက်ကြမည်ပင် ဖြစ်ပေသည်။

အနတ္တတရားမှာ အတ္တ အယူဝါဒများနှင့် နှိုင်းယှဉ် လေ့လာမှ ပိုမိုထင်ရှားလာမည် ဖြစ်ပါသည်။ အနတ္တတန်ဖိုး ပိုမိုသိမြင်လာမည် ဖြစ်ပါသည်။

ဤအချက်နှင့် ပတ်သက်၍ စာရေးသူ ဖတ်ဖူးသည့် စာအုပ်တစ်အုပ်[၂] အကြောင်း တင်ပြလိုပါသည်။ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အီစလာမ်ဘာသာ အပါအဝင် ကမ္ဘာ့ဘာသာကြီး ၁၁မျိုး အကြောင်းကို ဘာသာ တစ်မျိုးစီ နိဒါန်းပျိုးပေး၍ (အင်္ဂလိပ်ဘာသာပြန်) ကျမ်းဂန် မူရင်းများမှ ကောက်နုတ်ချက်များတင်ပြထား

---

၁။ Essence of Buddhism by Lashmi Narasu

၂။ Redings from World Religions, Compiled by Selwyn Gurney Champion and Dorothy Short. A Premier Book Fawcett Publication Inc., Green wich, Conn., 1957.

သည့် စာအုပ် ဖြစ်လေသည်။

ယင်းစာအုပ်မျိုးမှာ ယခုရန်ကုန်နှင့် မန္တလေးတွင် ဖွင့်လှစ်ထားသော ပရိယတ္တိ သယသနာ့ တက္ကသိုလ်များတွင် ပြဋ္ဌာန်းစာအုပ် မဟုတ်သည့်တိုင် ရည်ညွှန်းစာအုပ်[၁] တစ်အုပ် အဖြစ် ထားရှိပေးသင့်ကြောင်း အကြံပေး တင်ပြပါသည်။

ထို့ပြင် ယင်းပရိယတ္တိ သာသနာ့ တက္ကသိုလ်များတွင် ထေရဝါဒသာမကဘဲ မဟာယာနမှ သိသင့်သိထိုက်သည်တို့ကိုပါ ထည့်သွင်းသင်ကြားပေးသင့်ကြောင်း တင်ပြလိုပါသည်။

အထူးသဖြင့် မည်သည့် အချက်များတွင် ထေရဝါဒနှင့် မဟာယာန တူညီပြီး မည်သည့် အချက်များတွင် ဘာကြောင့် ကွဲပြားခြားနား သွားသည်ကို ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပေးသင့်သည်ဟု ယူဆမိပါသည်။

ရည်မှန်းချက်မှာ အခြားဘာသာများကို ပုတ်ခတ်ရန် မဟုတ်ဘဲ တူညီသည့် အချက်များကို ဖော်ပြရန် ဖြစ်သင့်ပါသည်။

ယင်းအချက်နှင့် ပတ်သက်၍ယခင်လန်ဒန်မြို့တော် ဗုဒ္ဓဘာသာ အသင်းကြီး ဥက္ကဋ္ဌဖြစ်သူ (Christmas Humphrey) က သူရေးသားခဲ့သည့် ဗုဒ္ဓဘာသာစာအုပ် (Buddhism) တွင် ထေရဝါဒနှင့် မဟာယာန တူညီသည့် အချက်များကို ဖော်ပြထားပြီး ဘာသာကြီးနှစ်ခု ပူးပေါင်းရေးအထိ ဆရာကြီး ဟမ်းဖရေက မျှော်မှန်းခဲ့သည်ကို စာရေးသူ ဖတ်ခဲ့ဖူးပါသည်။

ထို့ကြောင့် ယခု သာသနာ့ တက္ကသိုလ်များတွင် အနည်းဆုံး ထေရဝါဒနှင့် မဟာယာန မည်သည့်အချက်များတွင် တူညီသည်ကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်း သင်ကြားပေးသင့်ပါကြောင်း စေတနာကောင်းနှင့် တင်ပြလိုက်ရပါသည်။ ။

---

၁။ Reference Book

ကျမ်းကိုး

၁။ Essence of Buddhism-by Lashmi Narasu

၂။ Buddhism by Christmas Humphrey

၃။ What the Buddha Taught by Wapola Rahua Gordon Fraser (UK) 1972.

၄။ Readings From World Religions-Compiled by Selwyn Gurney Champion and. Greenwich, Conn:(USA)

၅။ မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဝိပဿနာကျမ်းများ။

၆။ အနတ္တဒီပနီကျမ်းသစ်၊ လယ်တီဆရာတော်ဘုရား၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၃၁၅ ခုနှစ်။

၇။ ခုဒ္ဒကနိကာယ် ဥပဒါနပါဠိတော်။

မှတ်ချက်။

၁။ ပထမ နှစ်အုပ်မှာ စားရေးသူထံတွင် အလွယ်မရှိ၍ ထုတ်ဝေသူများနှင့် ထုတ်ဝေသည့်နှစ် ဖော်ပြနိုင်ခြင်းမရှိပါ။

၂။ ချမ်းမြေ့ဆရာတော်ဘုရားအား မေးသည့် မေးခွန်းနှင့် ဆရာတော်၏ အဖြေများကို ဆရာတော်အား ပြန်လည်ဖော်ပြ အတည်ပြုချက် ရယူပြီးဖြစ်ပါသည်။

၃။ ဤဆောင်းပါးရေးရာတွင် အစစ စေတနာထား ကူညီသည့် ချမ်းမြေ့ဆရာတော်ဘုရားအား အထူး ကျေးဇူးတင်ရှိပါကြောင်း ခြေတော် အစုံကို ဦးခိုက်တင်ပြလိုက်ရပါသည်။

စိတ်ကူးချိုချို

သိပ္ပံပညာရှင်များ၊ ပရစိတ်ပညာ ဆရာကြီးများတွေ့ရှိ ထားသည့် မသိစိတ်သည် အလွန်ထက်မြက်၍ သာမန် စဉ်းစားဉာဏ်ဖြင့် တွေးခေါ်မရသည်များကို မသိစိတ်က အဖြေရှာပေးခဲ့သည့် သာဓက အမြောက်အမြား ရှိလေ သည်။

## ဘာဝနာမယဉာဏ်နှင့် မသိစိတ်

ဗုဒ္ဓဘာသာ ကျမ်းဂန်တို့တွင် ဉာဏ်သုံးမျိုးရှိကြောင်း၊ သုတမယဉာဏ်၊ စိန္တာမယဉာဏ်နှင့် ဘာဝနာမယဉာဏ် သုံးမျိုးအနက် နောက်ဆုံး ဘဝနာယမဉာဏ်မှာ အဆင့်အတန်း အမြင့်ဆုံးဖြစ်ကြောင်း တွေ့ဖူး ဖတ်ဖူး ကြပေလိမ့်မည်။

သုတမယဉာဏ်မှာ တွေ့ဖူး ကြားဖူး ဖတ်ဖူး မှတ်ဖူးသည် အားလုံးပါ၏။ကျောင်းမှာ သင်ကြားခဲ့ရသမျှမှာ သုတမယဉာဏ်ပင် ဖြစ်လေသည်။ အာရုံခံအင်္ဂါအဖွဲ့ စက္ခုသောတ စသည့်မှ ဝင်လာသော ဗဟုသုတ အားလုံးပါဝင်လေသည်။

စိန္တာမယမှာ သုတမယထက် ပိုမြင့်လာ၏။ ဘယ်စာအုပ် က ဘာဆိုလိုသည်၊ မည်သည့်ပညာရှိက မည်သို့ယူဆသည်၊ မိမိကတော့ မည်သို့ စဉ်းစား တွေးခေါ်၍ မည်သို့ယူဆသည် စသည် ဖြင့် ပြောဆိုရေးသားသည်များမှာ စိန္တာမယဉာဏ်ပင်ဖြစ်၍ အချုပ် ဆိုရသော် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် တွေးဆကြံစည် ဖော်ထုတ်ချက် အားလုံးမှာ စိန္တာမယဉာဏ်တွင် အကျုံးဝင်လေသည်။

ဘာဝနာမယဉာဏ်မှာ အဆင့်အတန်းအမြင့်ဆုံးဉာဏ် ဖြစ်၍ ရုပ်နမ်ဖြစ်ပျက်မှုစပြီး ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အထိ ထိုးထွင်းသိနိုင်သည့် ဉာဏ်ပင်ဖြစ်လေသည်။

ယခုခေတ်သိပ္ပံပညာရှင်တို့သည် သုတမယဉာဏ်၊ စိန္တာမယ ဉာဏ် များကို ကောင်းစွာ သဘောပေါက် နာလည်နိုင်မည် ဖြစ်သော် လည်း ဘာဝနာမယဉာဏ်ကိုမူ အတော် ရှင်းပြရပေလိမ့်မည်။ တရား

သဘောမှာလည်း ကိုယ်တိုင်လုပ်ကြည့်မှ သိနိုင်၏။

သို့သော် ပညာရှင်များ၊ ပရစိတ်ပညာ ဆရာကြီးများ တွေ့ရှိထားသည့် မသိစိတ်သည် အလွန်ထက်မြက်၍ သာမန်စဉ်းစားဉာဏ်ဖြင့် တွေးခေါ်မရသည်များကို မသိစိတ်ကအဖြေရှာပေးခဲ့သည့်သာဓက အမြောက်အများ ရှိလေသည်။

မသိစိတ်သည် သုတမယ၊ စိတ္တမယဉာဏ်တွင် မကျုံးမဝင်သည်မှာ သေချာသလောက်ဖြစ်၏။ မသိစိတ်သည် ဘာဝနာမယဉာဏ် ဖြစ်သလော၊ မသိစိတ်ကို ဘာဝနာမယဉာဏ်ဟု မခေါ်နိုင်လျှင် မသိစိတ်နှင့် ဘာဝနာမယဉာဏ် မည်သို့ပတ်သက်သနည်း။ ယင်းနှစ်ခုမည်သို့ အဆက်အသွယ် ရှိသနည်း။

မသိစိတ်နှင့်အိမ်မက် တိုက်ရိုက်ပတ်သက် နေသည်ကိုတော့ ပရစိတ်ပညာလောကက လက်ခံပြီးဖြစ်၏။ တစ်ခါတစ်ရံ အိမ်မက်များသည် သာမန်တွေးခေါ်စဉ်းစား စိတ်ကူးမရသည့် ပြဿနာများကို အဖြေရှာပေးတတ်၏။

တစ်ခါက သိပ္ပံပညာရှင်တစ်ဦးသည် အိမ်မက်ကြောင့် နိုဘယ်ဆုကြီးကိုပင် ဆွတ်ခူးနိုင်ခဲ့လေသည်။

ယခုဖော်ပြမည့် အဖြစ်အပျက်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် စိတ်ပညာ၊ ပရစိတ်ပညာ မဂ္ဂဇင်းစာစောင် အသီးသီးတွင် အကြိမ်ကြိမ်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဒေါက်တာအော်တိုလိုဝီ[၁] သည် ဆေးသိပ္ပံ နိုဘယ်ဆုကြီးကို ၁၉၃၆ ခုနှစ်က ဆွတ်ခူးခဲ့သူ ဖြစ်လေသည်။

ဒေါက်တာအော်တိုလိုဝီနှစ်ပေါင်းများစွာ သုတေသပြုခဲ့သည့် ဘာသာရပ်ကား နာဗ့်ဆဲများက အာရုံတို့ကို ဦးနှောက်သို့ မည်သို့ သယ်ဆောင်ပေးသည် ဟူသော ဘာသာရပ်ဖြစ်လေသည်။

နာဗ့်ကြော နှိုးဆွမှု[၂] ဆိုသည်မှာ နာဗ့်ကြောမျှင်[၃] အတိုင်း သယ်ဆောင်သွားသည့် ဓာတုပြောင်းလဲမှုဖြစ်စေသော လျှပ်စစ်လှုံ့ဆော်မှု ဖြစ်သည်ဟု ဆေးသိပ္ပံပညာရှင်များက ယူဆထားကြ၏။

---

၁။ Dr. Otto Loewi ၂။ Nerve impulse ၃။ nerve fibre

နယူးယောက်တက္ကသိုလ် ဆေးကျောင်းတွင် ဆေးဝါးဗေဒ သုတေသီ[၁]အဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည့် ဒေါက်တာလိုဝီကမူ အထက်ဖော်ပြပါ ဆေးသိပ္ပံပညာရှင်များ အယူကို လက်မခံနိုင်ဖြစ်နေ၏။

၁၉၂၀ ပြည့်နှစ် အီစတာနေ့ မတိုင်မီညက ဒေါက်တာလိုဝီ သည် အိပ်ယာမှနိုးလာကာ မီးဖွင့်ပြီး စာရွက်လွတ်ပေါ်တွင် အမြန် ရေးချနေ၏။ မိမိမြင်မက်ခဲ့သည့် အိပ်မက်ကို ရေးချနေခြင်းဖြစ်ပြီး စာရေးပြီးသည်နှင့် မီးပိတ်လိုက်ကာ ဒေါက်တာလိုဝီတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် ပြန်အိပ်ပျော်သွားလေပြီ။

အီစတာနံနက်မှာ ကြည်လင်ဝင်းပနေ၏။ မိုးလင်းလာသည် နှင့် ဒေါက်တာလိုဝီနိုးလာပြီး သူညက ကမန်းကတန်း ရေးချခဲ့သည် တို့ကို ပြန်ကြည့်လိုက်၏။ အိပ်ချင်မူးတူး ရေးချခဲ့ခြင်းများ ဖြစ်၍ တစ်လုံးမှ ဖတ်မရတော့။

နာဗ်ကြောမှ သတင်းသယ်ပို့ပေးသည့် ပြဿနာ၊ သူ့တစ်သက် လုံးလိုလို လေ့လာသုတေသနပြုလာသည့် ပြဿနာနှင့် ပက်သက် ကြောင်းတော့ လိုဝီမှတ်မိ၏။ သူ့အိမ်မက်က ယင်းပြဿနာ အဖြေ ပေါ်အောင် သဲလွန်စဖော်ပေးသည်ကိုလည်း သတိရနေ၏။သူရေးခဲ့ သည်များကိုတော့ တစ်လုံးမှဖတ်မရတော့ချေ။

ဒေါက်တာလိုဝီ ကံကောင်းလိုက်သည်မှာ ပြောမပြနိုင်တော့ ချေ။ နောက်တစ်နေ့ညတွင် (အီစတာနေ့ည) လိုဝီသည် ယမန်နေ့ ညက မက်ခဲ့သည့် အိမ်မက်အတိုင်း တစ်သဝေမတိမ်း ပြန်မက် ခဲ့ပြန်၏။

နာဗ့်ကြောအဆုံးများတွင် ဓာတ်သတ္တုတစ်မျိုး ရှိကြောင်း၊ ယင်းတည်ရှိပုံကို မည်သို့ ဓာတ်ခွဲခန်းအတွင်း စမ်းသပ်မှု ပြုလုပ်ရ မည်ကို အသေးစိတ် မြင်မက်နေခြင်းဖြစ်လေသည်။စမ်းသပ်မှုလုပ်ရ သည်မှာလည်း လွယ်ကူလှသဖြင့် (အိပ်မက်ထဲမှာပင်)ဒေါက်တာ လိုဝီသည် အလွန်ပျော်နေ၏။

---

၁။ Research Pharmacologist

ချက်ချင်းနိုးလာ၍ နာရီကြည့်လိုက်ရာ လင်းအားကြီး သုံးနာရီသာ ရှိသေး၏။ သည်တစ်ခါ ဒေါက်တာလိုဝီသည် အိမ်မက်ကို စာနှင့်ရေးမှတ်မနေတော့။ အားလုံးမှတ်မိနေ၍ မိမိ ဓာတ်ခွဲခန်းသွားပြီး မက်ခဲ့သည့် အိမ်မက်အတိုင်း စမ်းသပ်လုပ်ကိုင်တော့၏။

'ကျွန်တော် ကိုယ့်ဉာဏ်နှင့်ကိုယ် (စိန္တာမယဉာဏ်ဖြင့်) သာ စဉ်းစားရတဲ့ အကြံဉာဏ်ဆိုရင် ဒီစမ်းသပ်မှုကို အလကားဟာပါဆို မလုပ်တော့ဘဲ ပယ်ချပစ်မိမှာ အမှန်ပဲ' ဟု ဒေါက်တာလိုဝီက နောက်ပိုင်းတွင် သူ့စမ်းသပ်မှုနှင့်ပက်၍ ပြန်ပြောခဲ့ပါသည်။

ဒေါက်တာလိုဝီက သူ့စမ်းသပ်မှုနှင့် သူ့အယူအဆကို ၁၉၂၁ ခုနှစ်၌ ရေးသားထုတ်ပြန်ခဲ့လေသည်။နာဗ့်ကြောတွင် ဓာတ်သတ္တုပစ္စည်း ရှိကြောင်း ခိုင်ခိုင်လုံလုံ တင်ပြထားခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ယင်း ဓာတ်သတ္တုမှာ အစိတိုင်လိုခိုလင်း[၁] ဖြစ်ကြောင်း သိရှိလာခဲ့ကြလေသည်။

နာဗ့်ကြောတွင်ရှိသော ဓာတ်သတ္တုကို ဖော်ထုတ်ပေးနိုင်ခြင်းကြောင့် ဒေါက်တာလိုဝီသည် ၁၉၃၆ခုနှစ်တွင် သိပ္ပံနိုဘယ်ဆုချီးမြှင့်ခြင်း ခံခဲ့ရလေသည်။

လူတွင် ဤကဲ့သို့အဆင့်မြင့်အသိဉာဏ်ရှိကြောင်း (ဘာဝနာမယဉာဏ်ကို ဆိုလိုသလော)၊ ဖော်ထုတ်အသုံးချတတ်လျှင် ရနိုင်ကြောင်း ပညာရှိကြီးများက ရှေးပဝေသဏီကတည်းက ပြောခဲ့ကြကုန်၏။

ဒေါက်တာလိုဝီကမူ 'မိမိအိမ်မက်ဘာကြောင့်မြင်မက်ရသည်၊ အိပ်မက်သည် မည်သို့သဘောရှိသည်ကို ဘာမှစဉ်းစားမနေတော့ဘဲ ဒီလို ထိုးထွင်းသိမြင်လာတဲ့ အသိကို ဘာမှကျိုးကြောင်း ဆင်ခြင်ဉာဏ်နဲ့ ဝေဖန်သုံးသပ်မနေဘဲ မြန်မြန်ထပြီး ကိုယ်သိထားတဲ့ ထိုးထွင်းဉာဏ်အတိုင်း လိုက်လုပ်လိုက်ဖို့ အရေးကြီးပါတယ်'ဟု လက်တွေ့ကျကျ ပြောခဲ့လေသည်။

*

၁။ Acetylocholine

ဤကဲ့သို့ အတွေ့အကြုံမျိုး တွေ့ကြုံရပြီး ထိုးထွင်းဉာဏ်က သိလာသည့်အတိုင်း လိုက်နာလုပ်ဆောင်ခဲ့၍ အကြီးအကျယ် အကျိုး ထူးခံစားရသူမှာ ကမ္ဘာကျော်စာရေးဆရာကြီး ရောဘတ်လူဝီ စတီဗင်ဆင်[၁] ဖြစ်လေသည်။

ဆရာကြီး စတီးဗင်ဆင်ကို မြန်မာစာဖတ်ပရိသတ်ကရင်းနှီးပြီး ဖြစ်ပါသည်။ ဆရာကြီး ရွှေဥဒေါင်း ဘာသာပြန်ထားသည့် ရတနာဒီပ[၂] မှာ ကျွန်တော်တို့ စာဖတ်ပရိသတ် အသည်းစွဲစာအုပ် တစ်အုပ်ဖြစ်ပြီး စာရေး သူတို့ (ဒုတိယကမ္ဘာစစ်မဖြစ်မီက) ၇တန်း ကျောင်းသားဘဝ တွင် ဆရာကြီး ရောဘတ်လူဝီ စတီဗင်ဆင်၏ အင်္ဂလိပ်ဘာသာစာအုပ် ကို ကျောင်းသုံးအဖြစ် သင်ကြားခဲ့ရဖူးလေသည်။

ဆရားကြီးစတီဗင်ဆင်၏ ဝတ္ထုဇတ်လမ်းများမှာ အထူး သေသပ်ကောင်းမွန်၍ သူ့ဇတ်ဆောင်များမှာ ထူးခြားဆန်းကြယ်လှ သူများ ဖြစ်ရကား အင်္ဂလိပ်စာပေတွင် အခြားစာရေးဆရာကြီးများ၏ စာပေတစ်စုံလုံးကို လေ့လာခြင်းထက် ဆရာကြီးစတီဗင်ဆင်၏ ဝတ္ထု အချို့ကို အသေးစိတ်လေ့လာခြင်းက ပိုမိုအကြိုးရှိနိုင်သည်ဟု ပြောစမှတ်ပြုကြ၏။

မိမိစိတ်ကူးစိတ်သန်းများ၊ ဇတ်လမ်းများကို သူကိုယ်တိုင် စိတ်ကူး ဖန်တီးယူရခြင်း မဟုတ်ပါဟု ဆရာကြီး စတီဗင်ဆင်ကဆို၏။

'ကျွန်တော့် ဇတ်လမ်းတွင် အားလုံးအိပ်ပျော်ရာက ရလာတာ တွေချည်းပဲ'ဟု စတီးဗင်ဆင်က ပြော၍ သူ့အယ်ဒီတာများ၊ ထုတ်ဝေ သူများ အထူးအံ့သြခဲ့ကြရ၏။

စတီဗင်ဆင်က ဤသို့ ဆက်ပြောခဲ့၏။ 'ညညမှာ ကျွန်တော့် ခန္ဓာကိုယ်က အနားယူနေပေမယ့် ကျွန်တော့စိတ်ကတော့ ဇာတ်လမ်း သစ်တွေ တီထွင်ထုတ်လုပ်နေတာပါပဲ'

သူ့စာမူများကို ထုတ်ဝေသူများက လက်မခံမီ 'ငါ့စာပေကို အယ်ဒီတာတွေက လက်မှခံပါ့မလား၊စာဖတ်သူတွေကရော ကြိုက်ကြ ပါ့မလား' စတီဗင်ဆင်သည် ( အခြားစာရေးဆရာများ နည်းတူ )

---

၁။ Robert Louise Stevenson ၂။ Treasure Lsland

ပူပန်ခဲ့ရ၏။

နောက်ပိုင်းတွင် အလွန်နာမည်ကြီးလာသည့် စာမူများကိုပင် အစဉ် အယ်ဒီတာများက အရိုးများသလေး ချေးခါးသလေး ချေး(ဂျီး) များကြ၏။ စတီဗင်ဆင်က ဤသို့ပြောခဲ့ပါသည်။

'ကျွန်တော်ခရီးသွားဖော်[၁] ရေးတုန်းကပေါ့. . .၊ဝတ္ထုထဲက ဇာတ်လိုက်က လူတစ်ကိုယ် စိတ်နှစ်မျိုး[၂] ဖြစ်နေတဲ့လူ. . .။လူတစ်မျိုးကတစ်ကယ့်လူကောင်း သူတော်ကောင်း၊ နောက်တစ်ပိုင်းက ကျတော့ တကယ်လူဆိုး၊ ဘာမဆိုမကောင်းတာလုပ်မယ့်လူ. . .'

စတီဗင်ဆင်က သူ့ဝတ္ထုကို ထုတ်ဝေသူထံ ပို့လိုက်သောအခါ ဝတ္ထုစာမူ စာရေးဆရာကြီး စတီဗင်ဆင်ထံ ချက်ချင်းပြန်ရောက်လာခဲ့၏။ ထုတ်ဝေသူများ အယ်ဒီတာများက ဤသို့ မှတ်ချက်ရေးထားလေသည်။

'ဤဝတ္ထုမှာ အကြောင်းအရာ အလွန်ကောင်းပါသည်၊သို့သော် ဇာတ်လမ်းညံ့နေသည်၊ ဇာတ်လမ်းအားမရှိ။ ဝတ္ထုပြန်ရေး၍ အကြောင်းအရာနှင့်ဇာတ်လမ်းအံဝင်ခွင်ကျ ဖြစ်သွားလျှင် ကျွန်ုပ်တို့ တိုက်မှ ထုတ်ဝေပါမည်။'

စတီဗင်ဆင် စိတ်ဓာတ်ကျသွား၏။ အတော်လည်းဒေါသထွက်နေ၏။ လူတစ်ကိုယ်စိတ်နှစ်မျိုး ဖြစ်ရပ်ကို မည်သူကမျှ ထိုအချိန်အထိ ဝတ္ထုအဖြစ် မရေးကြသေး။ ထို့ကြောင့် အကြောင်းအရာ အနေဖြင့် တကယ့် ပင်ကို တွေးခေါ်ထားသည့် ဘာသာရပ်ဖြစ်ပေ၏။

ဇာတ်လမ်းအသစ် မည်သို့ကြံဖန်ရမည်နည်း။စတီဗင်ဆင်သည် အခန်းထဲတွင် လူးလာတုံ့ပြန်လျှောက်၏။ ကော်ဖီ အမည်း ခါးခါး တစ်ခွက်ပြီးတစ်ခွက်သောက်၏။ ဘာအကြံသစ် ဉာဏ်သစ်မှ မပေါ်လာ။

ဇာတ်လမ်းအသစ်ပေါ်လာမှဖြစ်မည်။ ဆရာကြီး စတီဗင်ဆင်သည် ထိုစဉ်က အလွန်ဘိုင်ကျနေ၍ ငွေအလွန် လိုနေချိန်ဖြစ်လေသည်။

---

၁။ The Travelling Companion ၂။ split personality

သူ့ဝတ္ထုစာမူကို အထပ်ထပ်ပြန်ဖတ်၏။

မှန်၏။ အယ်ဒီတာများပြောတာမှန်သည်။ သူ့ဇာတ်လမ်းသူ မကြိုက်တော့။ ပင်ကိုယ်အကြံဉာဏ်ကောင်းပါလျှက် ဇာတ်လမ်းက အကြောင်းအရာ ဦးတည်ချက်ကို ရောက်အောင်မပို့နိုင်ဖြစ်နေ၏။

ညနေတွင် စတီဗင်ဆင်သည် အရက်ဆိုင်၌ သူ့သူငယ်ချင်းနှင့် သူ့ဝတ္ထုအကြောင်း ဆွေးနွေးကြည့်၏။ သူ့ဇာတ်လမ်း သိပ်မကောင်း သည်ကို စတီဗင်ဆင်သည် သူငယ်ချင်းအား ဝန်ခံပြောခဲ့လေသည်။

'ဒါပေမဲ့ ကိုယ်တစ်နေ့လည်လုံး စဉ်းစားတာ ဘာအကြံမှ ထွက်မလာဘူးဟေ့'

စတီဗင်ဆင်က သူ့သူငယ်ချင်းအား စိတ်ပျက်လက်ပျက် ပြောပြ၏။

သူငယ်ချင်းက နှုတ်ခမ်းမှဘီယာမြှုပ်ကို လက်ခုံဖြင့် သပ်ချ ရင်း. .

'ကိုယ့်လူ အဲဒီဝတ္ထုအကြောင်းကို ခဏမေ့ထားလိုက်အတော် ကြာမှ ပြန်စဉ်းစားကြည့်' ဟုပြော၏။

'ခင်ဗျား အကြံဉာဏ်က ကောင်းပါရဲ့၊ ဒါပေမယ့်ကျွန်တော် ငွေလိုနေပြီးဗျ။ ဘော်ချက်နိုင်မှဖြစ်မှာ' စတီဗင်ဆင်ကပြန်ပြော၏။

'ကျွန်တော် ဒီဝတ္ထုမပြီးခင် တစ်ခြားဘာမှ ဆက်လုပ်လို့ရမှာ မဟုတ်ဘူး။ ကျွန်တော် စာရေးဆရာကြီး တစ်ယောက်ဖြစ်လာမယ် မထင်တော့ပါဘူး. . ။ဇာတ်လမ်းမကောင်းတော့ ငွေစမရှင်ဘူးပေါ့'

စတီဗင်ဆင်က သူ့ဆံပင်ကို လက်နှင့်ဖွရင်း သူငယ်ချင်းအား ရင်ဖွင့်နေလေတော့သည်။

ထိုညနေတွင် စတီဗင်ဆင်က သူ့ဝတ္ထုစာမူကို စာအုပ်စင် စာမူအထပ်ကြီးပေါ်မှ ပြန်ယူလိုက်ကာ -

'မင်းကိုတော့ တခြားစာမူတွေလိုနဲ့အလိမ်းလိမ်း အတက်ခံလို့ မဖြစ်ဘူးကွ'

စတီးဗင်ဆင်က စာမူကို ပြောလိုက်ကာ စာကြည့်စားပွဲတွင်သူ့ စာမူကို အထပ်ထပ်ပြန်ဖတ်ခဲ့လေသည်။

စတီဗင်ဆင်သည် အိပ်မက် မကြာခဏ မတ်တတ်၍အိပ်မက်

တချို့တွင် သူသည် ပွဲကြည့်ပရိတ်သတ်ဖြစ်နေပြီး သူ့ရှေ့တွင်ဇာတ်လမ်း အစမှအဆုံး ကပြ အသုံးတော်ခံသွားသည်ကို ကြုံခဲ့ရဖူး၏။

ယခုပြဿနာကို အိပ်မက်ဖြင့် ဖြေရှင်းမရနိုင်သလော။

စတီဗင်ဆင်သည် အိပ်ယာထက်တွင်လှဲ၍ ဝတ္ထုစာမူကို တစ်ခေါက် ပြန်ဖတ်ရင်း အိပ်ပျော်သွားခဲ့လေသည်။

'အဲဒီည ကျွန်တော်မက်တဲ့ အိပ်မက်က ကျွန်တော် ရင်ဆိုင်နေရတဲ့ ပြဿနာကို တစ်ပါတည်း ဖြေရှင်းပေးလိုက်တာပါပဲ'

'ဇာတ်လမ်းကလဲ ကောင်းလိုက်တာမပြောပါနဲ့တော့၊ တကယ့်ပြဇာတ်တစ်ခုကို နာမည်ကြီး ပုဂ္ဂိုလ်ကြီးတစ်ယောက်က စီစဉ်ကပြနေတာကို ကျွန်တော်ကြည့်နေရသလိုပဲ၊ နတ်သဘင်အစည်းအဝေးမှာ တင်ဆက်နေတဲ့ ပြဇာတ်ကို ကျွန်တော်ထိုင်ကြည့်နေတယ်လို့ ခံစားမိပါတယ်'

ဆရာကြီး စတီဗင်ဆင်ကသူ ထိုညက မက်ခဲ့သည့်အိပ်မက်ကို နောက်ပိုင်းတွင် ပြန်လည် ပြောပြခဲ့ခြင်းဖြစ်၏။

နံနက် မိုးလင်းသောအခါ အိပ်မက်ဇာတ်လမ်း အသေးစိပ်ကို စတီဗင်ဆင် အားလုံးမှတ်မိနေပြီး ပြန်ရေးချတော့၏။ ဝတ္ထုရှည် တစ်ပုဒ်လုံး ပြန်ရေးရခြင်းဖြစ်၍ တစ်ရက်နှင့်မပြီးဘဲ ရက်အတော်ကြာ ရေးယူရ၏။

ထိုဝတ္ထုကြီးမှာ တကယ့်သည်းထိပ်ရင်ဖို ဝတ္ထုဖြစ်၍ စိတ်ပညာရှင်ကြီးများ စိတ်ကစဉ့်ကလျားရောဂါ[၁]ကို မဖော်ထုတ်နိုင်မီ နှစ်အတော်ကြာက ရေးခဲ့ခြင်းဖြစ်ပြီး ဒေါက်တာ ဂျက္ကယ်နှင့် မစ္စတာတိုက်[၂] အမည်ဖြင့် အထက်တန်းစား ဂန္ထဝင် ဝတ္ထုတစ်ပုဒ်အဖြစ် ကျော်ကြားလှသည့်ဝတ္ထု ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

အိပ်မက်၊ မသိစိတ်နှင့် ဘာဝနာမယဉာဏ် မည်သို့ဆက်စပ်မှု ရှိသနည်း။ စိတ်ပညာဆရာကြီးများ၊ ပရစိတ်ပညာဆရာကြီးများ၊ မသိစိတ်ကို ပိုမို နားလည်လာသည်နှင့်အမျှ အစွမ်းထက် လှသည့် မသိစိတ်နှင့် အဆင့်အတန်း အမြင့်ဆုံး ဘာဝနာမယဉာဏ် မည်သို့

---

၁။ schizophrenia ၂။ Dr Jekyll and Mr Hyde

ဆက်သွယ်မှု ရှိသည်ကို သိရှိလာကြရမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။ ။

ကျမ်းကိုး
၁။ The Story of the World's Literature by John Macy
၂။ Strange Powers of the Mind by Warren Smith

စိတ်ကူးချိုချို

ဘရာဇီး(တောင်အမေရိက)နိုင်ငံက လိပ်ပြာတစ်ကောင်
အတောင်တဖျပ်ဖျပ်ခတ်ရုံနဲ့ တက်ဆက်ပြည်နယ်(အမေ
ရိကန်) မှာ တိုနာဒို လေပြင်းမုန်တိုင်းကြီး ကျရောက်နိုင်
ပါသည်။

## ပေါက်ကရအဆို

ခေအိုးစ်[၁]ကို ဦးထွန်းငြိမ်း အဘိဓာန်က လဟာ၊ လွင်တီးလဟာ၊ ရှုပ်ထွေးခြင်းဟု ဖွင့်ဆိုပါသည်။ ချိမ်းဘား အဘိဓာန်က-The shape of matter before it was reduced to order, disorder, shapeless mass ဟုဖွင့်ဆိုပါသည်။

ယခုဆောင်းပါးတွင် ခေအိုးစ်မှာ ပေါက်ကရဖြစ်ခြင်း၊ အစီအစဉ်မရှိ ဖြစ်ချင်သလိုဖြစ်ခြင်း အဓိပ္ပါယ်ဖြင့် ရေးသားဖေါ်ပြသွားပါမည်။

မကြာသေးမီက နယူးယောက် တိုင်းသတင်းစာ သိပ္ပံ သတင်းထောက် ဂျိမ်းဂလိဂ်က သိပ္ပံစာအုပ် တစ်အုပ်[၂] ရေးခဲ့ပြီး ယင်းစာအုပ်သည် ကမ္ဘာကျော်သွား၍ ရောင်းရအတွင်ဆုံး စာအုပ်ဖြစ်လာခဲ့လေသည်။ သူ့စာအုပ်မှာ ပေါက်ကရ ဖြစ်ချင်ရာဖြစ်သည့် အကြောင်းဖြစ်၏။ သို့သော် ကမ္ဘာလောကတစ်ခုလုံးတွင် ဖြစ်ချင်သလို ဖြစ်နေသည့် ဖြစ်ရပ်များ အောက်ခြေတွင် စနစ်တကျ ဖြစ်ခြင်း၊ အစီအစဉ်တကျဖြစ်ခြင်း တည်ရှိနေကြောင်း ဂလိဂ်က ရေးသားခဲ့ခြင်း ဖြစ်လေသည်။[၃]

ရာသီဥတု ကမောက်ကမဖြစ်ခြင်း၊ စတော့ဈေးကွက်ဖြစ်ချင်သလိုဖြစ်နေခြင်း၊ ယင်းသို့ ပေါက်ကရ ဖြစ်ပျက်နေခြင်းများကို သေချာ

---

၁။ Theory of Chaos

၂။ Chaos; Making a new. Science by James Gleick

၃။ beneath disorder lurks order

စွာလေ့လာလျှင် ယင်းတို့တွင်ပုံစံ[၁]ရှိကြောင်း၊ အများထင်သလို ဖြစ်ချင်သလို ဖြစ်နေခြင်းမဟုတ်ကြောင်း သိပ္ပံပညာရှင် ဂလိဂ်က ရေးသားခဲ့လေသည်။

ယင်းပုံစံမှာ ပေါက်ကရဖြစ်ရပ်များ အောင်ခြေတွင် ရှိသည့် စနစ်တကျ အစီအစဉ်တကျ ဖြစ်ခြင်းပင် ဖြစ်တော့၏။

ပေါက်ကရအဆို ပေါ်ပေါက်လာရခြင်းမှာဤသို့ဖြစ်၏။မဆာချူးဆက် စက်မှုသိပ္ပံ[၂](အမ်အိုင်တီ)မှ ရာသီဥတုနှင့် ဇလဗေဒပညာရှင် အက်ဒဝပ်လိုရင့်ဇ်[၃]သည် လေတိုက်သည့်ပုံစံ အနည်းငယ် ပြောင်းရုံနှင့် ရာသီဥတုကို မည်သို့ထိခိုက် လွှမ်းမိုးနိုင်သည်ကိုသိလို၏။

ထို့ကြောင့် (၁၉၆၀ ခုနှစ်များတွင်) လိုရင့်ဇ်သည် လေပုံစံ အနည်းငယ် ပြောင်းရုံနှင့် ရာသီဥတု မည်သို့ဖြစ်လာနိုင်သည်ကို သူ့ကွန်ပျူတာ အဟောင်းကြီးအား အဖြေထုတ်ရန် စီစဉ်ခဲ့ပြီး သူ့ဓာတ်ခွဲခန်းမှ အပြင်ထွက်၍ ကော်ဖီသောက် အပန်းဖြေခဲ့လေသည်။

သူ့ဓာတ်ခွဲခန်းသို့ ပြန်ရောက်သည့်အခါ ကွန်ပျူတာကြီးက ထုတ်ပေးသည့် ပုံကိုကြည့်၍ လိုရင့်ဇ်သည် အထူးအံ့သြနေ၏။

လေတိုက်သည့်ပုံစံ အနည်းငယ်လေး ပြောင်းသွားရုံနှင့် ကမ္ဘာ့ရာသီဥတု အကြီးအကျယ် ပြောင်းလဲသွားစေသည်ဟု ကွန်ပျူတာက အဖြေထုတ်ပေးလေသည်။

လိုရင့်ဇ်က ဤသို့ပြောပြပါသည်။ 'ဘရာဇီးလ်(တောင်အမေရိက) နိုင်ငံက လိပ်ပြာတစ်ကောင် အတောင်တဖျပ်ဖျပ် ခတ်ရုံနှင့် တက်ဆက်ပြည်နယ် (အမေရိကန်)မှာ တိုနာဒို လေပြင်းမုန်တိုင်းကြီး ကျရောက်နိုင်ပါသည်'

ညောင်ဦးကမ်းပါးပြို၍ စမ္ပာနဂိုက နွားမပေါင်ကျိုးတယ်ဆိုချင်ဆို၊ ဘရာဇီးလ်က လိပ်ပြာအတောင်ခတ်၍ တက်ဆက်မှာ လေပြင်းမုန်တိုင်းကျနိုင်သည်ဟု ကွန်ပျူတာက အဖြေထုတ်ပေးနေပြီ။

လိပ်ပြာ အတောင်ခတ်၍ ဖြစ်ပေါ်လာသည့် လေလှိုင်းများ

---

၁။ pattern
၂။ Massachusets Institute of Technology(MIT)
၃။ Edward Lorenz

သည် မိုင်ပေါင်းထောင်ချီပြေးသွား၍ လမ်းတလျှောက်လုံး အခြား လေလှိုင်းများကို ထိခိုက်သွားကာ၊ နောက်ဆုံးရာသီဥတု တစ်ခုလုံးကို ပြောင်းလဲသွားစေမည်ဟူသော သဘောဖြစ်လေသည်။

လိုရင့်ဇ်က လိပ်ပြာအတောင်ခတ်သည်ကို ပမာနှိုင်း ပြောဆိုခဲ့သည်ကို အစွဲပြု၍ ယင်းအကျိုးသက်ရောက်မှုကို လိပ်ပြာအကျိုးသက်ရောက်မှု[၁]ဟုခေါ်ကြ၏။

လိုရင့်ဇ်သည် အထူးစိတ်ပါဝင်စားလာပြီး ရှုပ်ရှုပ် ထွေးထွေး ပြဿနာများကိုပါ လေ့လာခဲ့ရာ အပေါ်ယံ ပေါက်ကရ ထင်နေရသည့် ပြဿနာတိုင်းတွင် အောက်ခြေ၌ တိမ်မြုပ်နေသည့် 'စနစ်တကျရှိမှု'[၂] ရှိနေကြောင်းကို တွေ့လာရ၏။

ကွန်ပျူတာမှ ထုတ်ပေးသည့် ပုံစံများသည် ဂျော်မက်ထရီ သဘောအရ အကြီးအသေးသာကွာသည်။ တစ်ပုံစံတည်း ဖြစ်နေသည်ကို သိပ္ပံပညာရှင်များ တွေ့ကြရ၏။ ထို့ကြောင့် ယင်းစနစ်ကို ရုရှားအရုပ်[၃] ပုံစံဟုလည်း တင်စားခေါ်ကြ၏။

စာရေးသူ ဆိုဗီယက်ပြည်ထောင်စု ရောက်ခဲ့စဉ်က ယင်းရုရှားအရုပ်များ ဝယ်ယူခဲ့ဖူး၍ ရုရှားအရုပ်ပုံစံဆိုသည်ကို ကောင်းစွာ သဘောပေါက်ခဲ့ပါသည်။

အပေါ်ဆုံးက လူရုပ်ပုံမှာ တစ်ပေခန့်ရှည်လေသည်။ ခါးလယ်ကဆွဲဖြုတ်၍ နှစ်ပိုင်းဖြစ်သွားလျှင် အထဲမှာတစ်ပေထက် အနည်းငယ်သေးသည့် အရွယ်ပုံစံတူထွက်လာ၏။ ယင်းကို ခါးလယ်မှ ဆွဲဖြုတ်ပြန်သော် ပို၍သေးငယ်သည့် ပုံစံတူအရုပ်ထွက်လာ၍ နောက်ဆုံး တစ်လက်မခန့် အရုပ်သေးသေးလေး ထွက်လာလေသည်။ အရုပ် ၅ရုပ်ခန့်မှာ အကြီးအသေးသာကွာသည်။ ဂျော်မက်ထရီသဘောအရ အချိုးညီ တစ်ပုံစံတည်းဖြစ်လေသည်။

အိုင်ဘီအမ်မှ ဘီနွိုက်မင်ဒယ်ဘရော့[၄]သည် နှစ်ပေါင်း ၆၀ အတွင်း ဝါးဂွမ်းဈေးနှုန်း အတက်အကျကို ကွန်ပျူတာတွင်ထည့်၍ ပုံစံထုတ်ကြည့်ရာ အစတွင် ဘာထူးထားချက်မှ မတွေ့ရပေ။ သချာ

---

၁။ Butteryfly Effect ၂။ Order ၃။ Russian Doll

၄။ Benoit Mandalbrot of IBM

စွာ စစ်ဆေးကြည့်တော့မှ နေ့စဉ်ကုန်ဈေးနှုန်း အတက်အကျပုံပြ မျဉ်းများသည် လစဉ်ဈေးနှုန်း တက်/ကျ ပုံပြမျဉ်းများနှင့် ပုံစံတူနေသည်ကို မဲင်ဒယ်ဘရော့ တွေ့ခဲ့လေ၏။

ဤပေါက်ကရအဆိုကို ဖတ်ကြည့်ပြီး စာရေးသူအထူးပင် သဘောကျပြီး အတွေးနယ်ချဲ့မိပါသည်။ ဆောင်းပါးကို ဘဝင် ခိုက်အောင် သဘောကျမိခြင်းမှာ ယင်းသဘောမျိုးကို စာရေးသူကြားဖူး ကြုံဖူး၍ဖြစ်ပါသည်။ ကိုယ်တွေ့ ကြုံဖူးသဖြင့်လည်း ပိုမိုသဘောပေါက်နားလည်လာရပါသည်။

ဘီအေတန်းဖြေဆိုရန် ဆရာတော်ထံတွင် အင်္ဂလိပ်ကဗျာ တက်နေစဉ် အချိန်လောက်မှာပင်ဖြစ်လေသည်။

အခါကြီးနေ့ကြီးများ၊ ဥပုသ်နေ့များတွင် နက်မှီးတောရတွင် ဥပုသ်စောင့်သူများနှင့် စည်းကားလူရှုပ်နေ၍ စာမတက်ရပါ။ ယင်းနေ့များတွင် စာရးသူသည် တောင်တွင်းကြီးမြို့ တောင်ဘက်မြို့ပြင်အထိ လမ်းလျှောက်နေကျ ဖြစ်၏။

ပေတရာလမ်း အရှေ့ဘက် မြို့ပြင် တစ်မိုင်သာသာခန့်တွင် နွေခေါင်ခေါင်မှလွဲ၍ အမြဲလိုလိုရေရှိသည့် ရေကန်တစ်ခုရှိလေသည်။ ယင်းရေကန်လေးနံဘေးတွင် စာရေးသူထိုင်၍ (မိမိကြိုက်နှစ်သက်သဖြင့်) အိမ်မှကူးယူလာသည့် အင်္ဂလိပ်ကဗျာ အတိုအစလေးများကို အလွတ်ကျက်ရပါသည်။

တစ်ခါတွင် ရေကန်ထဲသို့ ကျောက်စရစ်ခဲလေး ပစ်ချလိုက်ရာ ရေလှိုင်းအဝိုင်းလေးနံဘေးသို့ တဖြည်းဖြည်း ကျယ်ပြန့်သွားသည်ကိုတွေ့ရ၏။ နောက်ခဲတစ်လုံးပစ်ချပြန်ရာ အလားတူ ရေလှိုင်းအဝိုင်းတစ်ခုဖြစ်ပေါ်လာပြန်ပြီး ရေလှိုင်းအချင်းချင်း တွေ့သည့်နေရာတွင် အလားတူရေလှိုင်းများ ထပ်မံဖြစ်ပေါ်လာပြန်၏။

ရေလှိုင်းအဝိုင်းလေးဖြစ်ပေါ်ပုံမှာအားလုံးတစ်ပုံစံတည်းဖြစ်လေသည်။ ပေါက်ကရအဆိုမှ ပုံစံတူများ၊ ရှုရှားအရုပ် ပုံစံတူများဖြစ်ပေါ်လာပုံမှာ သည်သဘောပင်ဖြစ်ရမည်။ ထိုစဉ်ကတော့ စာရေးသူ ပေါက်ကရ သဘောကိုမသိသေးဘဲ (ကြားတောင်၏မကြားဖူးသေးဘဲ) ပုံစံတူဖြစ်ပေါ်လာရခြင်းများကိုလည်း အမည်မတပ်နိုင်သေးပါ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည့်ကံ ကံ၏ အကျိုးတရားကိုတော့ အတော်ပင် နှစ်နှစ်ခြိုက်ခြိုက် သဘောကျခဲ့မိပါသည်။

ဤမျှလွယ်ကူရှင်းလင်းသည့် ရေထဲခဲကျ၍လှိုင်းအဝိုင်းဖြစ်ပေါ်ပုံ၊ လှိုင်းချင်းဆက်မိ၍ နောက်လှိုင်းများဖြစ်ပေါ်ပုံ၊ ခဲများပစ်ချလျှင် ပုံစံဖော်မရအောင် ရှုပ်ထွေး (chaotic) ဖြစ်သွားပုံ၊ ထို့ကြောင့် လောကကြီးတွင် မိမိ လုပ်သမျှ ကိုင်သမျှ ဝန်းကျင် လောကကြီး တစ်ခုလုံးကို ထိခိုက်နေ၍ အခြားသူများ လုပ်ပုံကိုင်ပုံ အားလုံး ကလည်း မိမိကို အလားတူ ထိခိုက်ပုံတို့ကို နှစ်နှစ်ခြိုက်ခြိုက် သဘောကျမိပါသည်။

ကံ-ကံ၏ အကျိုးတရားတို့ကိုရှင်းပြရာ၌ ယခုဘဝတွင်ကောင်းတာလုပ်နေပါလျက် ကံဆိုးနှင့်သာ ကြုံရသည့်ကိစ္စများ၊ မကောင်းတာလုပ်နေပါလျှက်လည်း ကောင်းစားနေသူများကို ဘဝ ဘဝကပြုလုပ်ခဲ့သည့် ကံ-ကံ၏ အကျိုးနှင့် ရှင်းပြလေ့ရှိပါသည်။

ယခု စာရေးသူ ကြုံဖူးသည့် ရေလှိုင်းသဘော၊ ပေါက်ရသိပ္ပံဆရာကြီးများ[၁] တွေ့ထားသည့် လိပ်ပြာ အကျိုးသက်ရောက်မှုများနှင့်လည်း ရှင်းပြနိုင်မည်ဖြစ်ပါသည်။

ယင်းကိုပင် ဆရာကြီး ဦးသုခက ဘဝသံသရာ ရုပ်ရှင်၊ သီချင်းတို့ဖြင့် ဖြစ်ချင်ရာ မဖြစ်ရဘဲ မဖြစ်ချင်တာတွေ ဖြစ်ရပုံကို ရသမြောက်အောင် တင်ပြထားခဲ့ပြီးဖြစ်ပါသည်။ ပေါက်ကရထင်နေသည်တို့တွင် စနစ်ရှိပုံမှာလည်း ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ ယခုကောင်းတာမဖြစ်သေးပါက နောင်ဘဝများတွင် ကောင်းကျိုး ခံစားရမည်ဆိုသည်မှာ ယခုသိပ္ပံဆရာများ ပြောနေကြသည့် (pattern) ပင် ဖြစ်သလောဟု စာရေးသူ အတွေးနယ်ချဲ့မိပါကြောင်း တင်ပြလိုက်ရပါသည်။

---

၁။ Chaologists

ကျမ်းကိုး

၁၉၈၇-ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ထုတ် Newsweek မဂ္ဂဇင်းမှ Finding Order in Disorder ဆောင်းပါး။

ဗုဒ္ဓတရားတော်မှာ အမှန်တရား၊ သစ္စာတရားကို ဖော်ပြထားခြင်းဖြစ်ပြီး သိပ္ပံဆရာကြီး များမှာလည်း အမှန်တရားများကို ရှာဖွေဖော်ထုတ်နေသူများ ဖြစ်ရာ တစ်နေ့တစ်ချိန်တွင် သိပ္ပံဆရာကြီးများ ဗုဒ္ဓတရားမြတ်ကို တွေ့ လာရမည်ဟု စာရေးသူ့မှာ စွဲ စွာယုံကြည်ထားပါသည်။

## ဗုဒ္ဓသာသနာ နှင့် သိပ္ပံရှုထောင့်

ယခုတလော ဖတ်ရသည့် စာအုပ်နှစ်အုပ်မှာ ဗုဒ္ဓသာသနာနှင့် စပ်လျဉ်း၍ ထူးထူးခြားခြား ကောင်းမွန်သည့် စာအုပ်များ ဖြစ်ပါ သည်။

တစ်အုပ်မှာ အကြိမ်ကြိမ် ပြန်လည်ပုံနှိပ်ရသည့် စာအုပ်ဖြစ်ပြီး ယင်းပုဂ္ဂိုလ် ရေးသားပြုစုသည့် စာအုပ်တိုင်းလိုလိုကို စာရေးသူအထူး ဂရုစိုက်ဖတ်ရှုခဲ့ပါသည်။ အလွန်ဗဟုသုတဖြစ်၍ အကြိမ်ကြိမ် သာဓုခေါ်ဖြစ်ပါ၏။

နောက်တစ်အုပ်မှာ ပါရဂူဘွဲ့ရ ပုဂ္ဂိုလ် ရေးသားသည့် စာအုပ်ဖြစ်ပြီး ဗုဒ္ဓဘာသာ၊ ရှေးဘဝ၊ နောက်ဘဝများနှင့် ပတ်သက်ပြီး အလွန်ပင် ဗဟုသုတဖြစ်ရ၍ အကြိမ်ကြိမ်ပင် သာဓုခေါ်မိပါသည်။

သို့သော် နှစ်အုပ်စလုံးမှာပင် ယခုစာရေးသူ ဘဝင်မကျသည့် အချက်တစ်ချက်ပါနေ၏။ ယင်းမှာလည်း ပညာရှိသတ်ဖြစ်ခဲ ဖြစ်ပါလိမ့်မည်။ ဗုဒ္ဓနှင့် နှိုင်းယှဉ်ပြီး ခေတ်သိပ္ပံပညာရှင်များအား အထင်သေး၊ အမြင်သေး စကားအနည်းငယ် နှစ်အုပ်စလုံးမှာပင် ပါဝင်နေခြင်း ဖြစ်လေသည်။

ပထမအချက် ကျွန်တော်တင်ပြလိုသည်မှာ မနှိုင်းယှဉ်သင့်၊ မနှိုင်းယှဉ်အပ်သည်ကို နှိုင်းယှဉ်ဖော်ပြခြင်းဖြစ်လေသည်။

ဗုဒ္ဓမှာ အတုလံ အတုမရှိ ပုဂ္ဂိုလ်ကြီးဖြစ်၍ မည်သည့်လူသား နှင့်မျှ နှိုင်းယှဉ်အပ်မည်မဟုတ်ပါ။ ဤသို့ဆိုရုံဖြင့် သိပ္ပံပညာရှင် ကြီးများအား အထင်သေးသွားရန်လည်းမလိုပါ။

နှိုင်းယှဉ်ရန်လိုအပ်လာ၍ နှိုင်းယှဉ်ရတော့မည်ဆိုလျှင် သိဒ္ဓတ္ထ မင်းသား သဗ္ဗညုတဉာဏ်တော် ရရန်ကြိုးစားစဉ် ဘဝနှင့် သိပ္ပံပညာရှင်များအား နှိုင်းယှဉ်ရအံ့ထင်ပါသည်။

သိဒ္ဓတ္ထမင်းသားသည် သစ္စာတရားကို ရှာကြံခဲ့ခြင်း ဖြစ်၏။ အမှန်တရားကို ရှာကြံရင်း သစ္စာတရားလေးပါး တရားတော်ကို ထိုးထွင်း သိမြင်ပြီး၊ ဤကဲ့သို့ သစ္စာတရားကို သိမြင်၍ ဗုဒ္ဓဖြစ်ပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီဟု ဝန်ခံကြေငြာခဲ့ခြင်း ဖြစ်လေသည်။

အရိယာ သစ္စာလေးပါး မြတ်တရားကို သစ္စာဉာဏ်၊ကိစ္စဉာဏ်၊ ကတဉာဏ်တို့ဖြင့် ဒွါဒသကာရံ၊ တစ်ဆယ့်နှစ်ပါးသော အခြင်းအရာ ရှိသော ဟုတ်မှန်တိုင်းသာ ဆင်ခြင်တတ်သော ဉာဏ်အမြင်သည် သန့်ရှင်းစင်ကြယ်စွာ မဖြစ်ပေါ်လာသေးသမျှ ကာလပတ်လုံး သဗ္ဗ ညုတဉာဏ်ကိုရ၍ ဘုရားစင်စစ် ဧကန်ဖြစ်ပြီဟု တာဝန်ခံစကား အမပြောကြားသေးဟု ဟောတော်မူခဲ့သည် မဟုတ်လော။

လိုရင်းဆိုရသော် အရိယာသစ္စာတရားလေးပါးကို ပိုင်းခြား ထင်ထင် သိမြင်တော့မှ ဘုရားဖြစ်ပြီဟု ဝန်ခံတော်မူခဲ့ခြင်း ဖြစ်လေ သည်။ ဘုရားဖြစ်ရန်ကျင့်ကြံစဉ် ဘုရားအလောင်းဘဝမှာ သစ္စာ တရားကို ရှာဖွေနေဆဲကာလဖြစ်၏။

ခေတ်သိပ္ပံ ပညာရှင်ကြီးများမှာလည်း အမှန်တရားကိုရှာဖွေ နေကြခြင်းပင်မဟုတ်လော။ ထို့ကြောင့် နှိုင်းယှဉ်ဖို့လိုလာပြီဆိုလျှင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ရန် ကျင့်ကြံစဉ် ဘဝနှင့် သိပ္ပံပညာရှင်ကြီးများကို နှိုင်းယှဉ်နိုင်မည်ဟု ယူဆပါသည်။

အလောင်းတော်ရော သိပ္ပံပညာရှင်များပါ သစ္စာတရား၊အမှန် တရား ရှာကြံနေကြသော သူများမဟုတ်လော။ လောကသမ္မုတိ သစ္စာနှင့် ပရမတ္ထသစ္စာတော့ ခွဲခြားရမည်ထင်သည်။

ဤနေရာတွင် စာရေးသူ ဆည်းကပ်ကိုးကွယ်ဖူးသည့် ပုဂ္ဂိုလ် ကြီး တစ်ဦးအကြောင်းကို ဖော်ပြလိုပါသည်။ အကြောင်း အမျိုးမျိုး

ကြောင့် အမည်ကိုတော့ မဖော်ပြတော့ပါ။

၁၉၄၈ ခုနှစ်တွင် စာရေးသူ ဥပစာအထက်တန်းအောင်မြင်ပြီး သောင်းကျန်းမှုများကြောင့် ကျောင်းဆက်မနေဖြစ်တော့ပါ။ ဝိဇ္ဇာတန်းကို အင်္ဂလိပ်စာပေ၊ ခေတ်သစ်ဥရာပသမိုင်း၊ နိုင်ငံရေးသိပ္ပံနှင့် အလွတ် ဖြေဆိုရန် စာကြည့်နေချိန်ဖြစ်လေသည်။

အခြားဘာသာရပ်များကို မိမိဘာသာဖတ်ရှုလေ့လာနိုင် သော်လည်း အင်္ဂလိပ်စာပေမှ ကဗျာကို ကိုယ့်ဟာကိုယ်ဖတ်၍ မည်သို့မျှ နားမလည်နိုင်ပါ။ အနည်းအကျဉ်း နားလည်သော်လည်း စာမေးပွဲ အောင်မှတ် မရနိုင်သည်ကို ဆိုလိုရင်းဖြစ်ပါသည်။

ခေါမပုံပြင်များကို မကြာခဏပြန်လည် ရည်ညွှန်းသော မီလ်တန်[၁]ကဲ့သို့ ကဗျာဆရာကြီးများ၏ ကဗျာများမှာ အခက်ဆုံးဖြစ်၏။

တင်နီဆင်[၂]မှာလည်း ကိုယ့်ဘာသာဖတ်၍ နားမလည်နိုင်သူ တစ်ဦးဖြစ်၏။

ပြဋ္ဌာန်းစာအုပ်မှာ Golden Treasury ကဗျာစာအုပ်ဖြစ်လေသည်။

ထို့ကြောင့် အထက်တွင်ဖော်ပြခဲ့သော ပုဂ္ဂိုလ်ကြီးအားဆည်းကပ်၍ Golden Treasury ကို ယင်းပုဂ္ဂိုလ်ကြီးထံ တက်ယူခဲ့ရပါသည်။

ဤကဲ့သို့အင်္ဂလိပ်ကဗျာသင်ယူခဲ့ရင်းဗုဒ္ဓအဘိဓမ္မာကိုပါဆရာတော်ကြီးထံမှ နာကြားခွင့်ရခဲ့လေသည်။

တစ်နေ့တွင် ကဗျာတစ်ပိုဒ်[၃]သာ တက်ပေး၍ ကျန်သည့်အချိန်တွင် ဗုဒ္ဓအဘိဓမ္မာ နာကြားရသည်ကများ၏။ (တစ်ခါတစ်ရံ နိုင်ငံရေးလည်း ဆွေးနွေးကြားနာရ၏။)

တစ်နေ့တွင် အင်္ဂလိပ်ကဗျာ တက်အပြီး ဆရာတော်ကြီးက သူထိုင်နေသည့် ကြိမ်ပက်လက်ကုလားထိုင် လက်တန်းကြီးကို ပုတ်ကာ ပုတ်ကာဖြင့် 'ငါဒီလို ကုလားထိုင်လက်တန်းကို ရိုက်နေတာ မင်းကို ထိခိုက်နေတယ်ကွ၊ မင်းသိရဲ့လား' ဟုမေး၏။

ကျွန်တော်က အောက်ကဖျာပေါ်မှာ ရေးမှတ်နေခြင်း ဖြစ်ရာ

---

၁။ Milton ၂။ Lord Alfred Tennyson ၃။ One Stanza

မသိပါကြောင်း ပြန်လည်လျှောက်ထားရ၏။

'လုံးဝ လဟာပြင်[၁]ဆိုတာ မရှိဘူးကွ၊ ငါဒီလိုလက်တန်းကို ရိုက်နေတော့ အသံလှိုင်းတွေက မင်းကို သွားထိခိုက်နေတယ်။ ဒီသဘောပဲ ဒီလှိုင်းတွေက ကမ္ဘာအနှံ့သွားတော့တာပဲ'

ဆရာတော်က Matter can neither be created nor destroyed ဒြပ်ထု တည်မြဲနိယာမကိုလည်း ရှင်းပြလိုက်သေး၏။

'ဒါတွေကိုသိအောင် လုပ်တဲ့နည်းနှစ်နည်းရှိတယ်ကွ၊ ဘုရားနည်းနဲ့ခုခေတ် သိပ္ပံဆရာတွေနည်းပဲ။

'သိပ္ပံဆရာတွေက အသံလှိုင်းတွေကိုလဲ ချဲ့ထွင်ပြီး လွှင့်ထုတ်တယ်။ အခြားနေရာတွေက ဒီအသံကို အသံဖမ်းစက်နဲ့ဖမ်းပြီး အသံကို ထပ်ပြီးကျယ်လာအောင် လုပ်ယူတော့ လှိုင်း[၂]တူ၊ ကြိမ်နှုန်း[၃] တူရင် ဒီအသံကို ကြားရတော့တာပေါ့ကွ။

'ဥပမာ လန်ဒန် ဘီဘီစီက အသံ တို့ဆီမှာ သူတို့လွှင့်ထုတ်တဲ့ **Frequency** မှာ ဖမ်းယူနားထောင်ရသလိုပေါ့။

**Radio** ဆိုတာဒီသဘောပဲ။ **T.V** လဲဒီသဘောပဲ။(ထိုစဉ်က **T.V** ပေါ်စပင်ဖြစ်မည် ထင်သည်။)

'ဘုရားနည်းကတော့ မင်းကမ္မဋ္ဌာန်း ၄၀ ထဲက ကြိုက်တဲ့ ကမ္မဋ္ဌာန်း အားထုတ်၊ဒိဗ္ဗသောတရတဲ့အခါ ကြားခြင်တဲ့အသံ အာရုံပြုကြားရတာပဲ၊ ဒိဗ္ဗစက္ခုလဲ ဒီလိုပဲပေါ့၊ မြင်ချင်တဲ့ဟာ အာရုံပြုလိုက် မြင်ရရောပေါ့'

ဆရာတော်ကြီးက ဒိဗ္ဗစက္ခုနှင့် ဒိဗ္ဗသောတကို ဤနည်းဖြင့် ရှင်းပြခဲ့ပါသည်။သိပ္ပံပညာရှင်ကြီးများကို အထင်သေး ပြစ်တင်ခြင်း လုံးဝ မရှိခဲ့ပါ။ ခေတ်လူငယ်တိုင်း ဘာသာမရွေး လက်ခံနိုင်သည့် တရားဖြစ်၏။

စာရေးသူဖတ်ဖူးသည့် သိပ္ပံစာရေးဆရာကြီး အိတ်ချ်ဂျီဝဲလ်၏ ဝတ္ထုတိုတစ်ပုဒ်[၄] အကြောင်းတင်ပြလိုပါသေးသည်။

---

၁။ Vacuum ၂။ Wave Length

၃။ Frequency ၄။ Life Accelerator-by H.G.Wells

ဥပစာတန်းလော၊ ဝိဇ္ဇာတန်းလော မမှတ်မိတော့၊ ပြဋ္ဌာန်းစာအုပ်ထဲမှ ဝတ္ထုတို ဖြစ်လေသည်။

သိပ္ပံဆရာ တစ်ဦးကဆေးတစ်မျိုး တီထွင် ဖော်စပ်လိုက်၏။ စားသုံးပြီးလျှင် ကိုယ်ရောစိတ်ပါ ပင်ကိုယ်ထက် အဆပေါင်းများစွာ ပိုမြန်သွားစေသည့် ဆေးဖြစ်လေသည်။

ယင်းဆေးစားပြီးလှစ်ကနဲ ပြတင်းမှငှက်များ ပျံသလိုပျံသွား ကာ ကောင်းကင်မှ မြင်ရသည့်မြင်ကွင်းကို သိပ္ပံဆရာက ပြန်ရေးပြထားခြင်း ဖြစ်၏။

ဟိုက်ပဒ်လို ပန်းခြံထဲတွင် ဘင်တီးဝိုင်းအဖွဲ့ ဖြေဖျော်နေပြီး လူအချို့က ဘင်သံနားခံရင်း အပန်းဖြေနေကြသည့် မြင်ကွင်းဖြစ်လေသည်။

အမျိုးသမီးတစ်ဦးက ပြုံးလိုက်သည်ကို သိပ္ပံဆရာက အသေးစိတ် တစ်ဆင့်စီ တစ်ခုစီ မြင်နေရ၏။ ပါးစပ် တဖြည်းဖြည်းရွဲ့သွားပုံ၊ မျက်လုံးနှစ်လုံး တဖြည်းဖြည်းကျဉ်းသွားပုံ၊ ပါးရည်များ နည်းနည်းစီ တွန့်သွားသည်များ၊ သွားများအဖွေးသား နည်းနည်းစီ ပေါ်လာသည်များကို အသေးစိတ်မြင်တော့ရာ ပြုံးသည့်မျက်နှာ အမူအရာ၊ မျက်နှာပေးမှာ ကြည့်ချင်စရာ၊ စိတ်ကြည်နူးဖွယ်ရာ မဟုတ်တော့ပဲ စက်ဆုပ်စရာကောင်းပုံ၊ စိတ်ပျက်ဖွယ်ရာကောင်းပုံများ ရေးထား၏။

ထိုနောက်တီးဝိုင်းမှ အသံလှိုင်းများကိုလည်း တစ်ခုစီ ကြားနေရသဖြင့် ဂီတရသကို မခံစားရတော့ဘဲ ဘင်ကြီးထုသံကတစ်မျိုး တယောသံကသူ့ဘာသာ။ နဲမှုတ်သံကလည်း သူ့အသံနှင့်သူ ကြောင်စီစီ ကြားနေရသည်။ အသံများရောနှော သဟဇာတဖြစ်၍ ဂီတရသ ပေါ်စေသည့် တေးဂီတမဖြစ်တော့ပဲ အသံတစ်မျိုးစီ စူးစူးဝါးဝါး ကြားနေရတော့ရာ ဘာအရသာမှမခံစားရပုံကို ရေးသားထားသည်ကို ဖတ်ဖူးပါသည်။

ထိုဝတ္ထုကိုကျွန်တော်စိတ်ထဲတွေးစွဲသွားပါသည်။ယင်းအမြင်မှာ ဝိပဿနာလုပ်၍ ဉာဏ်အလွန်ထက်လာသည့် အခါ မြင်ပုံမျိုးနှင့် များစွာမကွာခြားလှဟု ကျွန်တော်မြင်ပါသည်။

မဟာစည်ဆရာတော်ဘုရား ထေရုပ္ပတ္တိတွင် ရရှိခဲ့သော ဝိပဿနာတရားကို သူ့ဇာတိရွာ၌ ဆွေမျိုးများ၊ ရင်းနှီးသည့်ကျေးရွာသားများအား သင်ကြားပြသရာ ဉာဏ်ထက်လာသူများက မြင်မြင်သမျှ တရိပ်ရိပ်ပျက်နေသည်ကို မြင်တွေ့ရကြောင်း ရေးသားထားသည်ကို ဖတ်ဖူး ပါသည်။ ထို့ပြင် သဲအင်းဂူ ဆရာတော်ဘုရားကြီးကို စာရေးသူအနီကပ် မကိုးကွယ်လိုက်စေရကာမူ ဆရာတော်ဘုရားကြီး တပည့်ရင်း တစ်ဦးမှာ စာရေးသူနှင့် အလွန်ရင်းနှီးသည့် သူငယ်ချင်းဖြစ်ပါသည်။ သူငယ်ချင်းက အောက်ပါအတိုင်း ပြေပြဖူးပါသည်။

ဆရာတော်ဘုရားထံတွင် ဒုလ္လဘ ဝတ်၍ တရားအားထုတ်သူ ဦးပဥ္စင်းများ ဆွမ်းပွဲပြင်ထားသည်ကို ကြည့်ရာဆွမ်း၊ ဆွမ်းဟင်းများ တရိပ်ရိပ် ပျက်နေသည်ကိုမြင်ရကြောင်း၊ ဆရာတော်ကြီးအား လျှောက်ထားသည်ကို သူကြားဖူးကြောင်း သူငယ်ချင်းက ကျွန်တော့်အား ပြန်ပြောပြခဲ့လေသည်။

ထိုအခါဆရာတော်ကြီးက 'မင်းအိမ်ကဒကာမပြန်ကြည့်ပေါ့ကွ' ဟု အမိန့်ရှိ၍ ဒကာမကိုကြည့်ရာ အလားတူပင် တရိပ်ရိပ်ပျက်နေသည်ကို မြင်တွေ့ရသည်ဆို၏။

သာမန်ပုဂ္ဂိုလ်များအဖို့ စားချင်၊ သောက်ချင်စဖွယ် အငွေ့တထောင်းထောင်း အနံ့အရသာနှင့် ပြည့်စုံသည့် သွားရည်ယိုစဖွယ် ထမင်းပွဲမှာ ဉာဏ်အမြင်ရှိနေသူများအတွက် အပျက်တရားသာ မြင်နေရ၏။

အာရုံငါးပါးစလုံး အလားတူပင်ဖြစ်လေသည်။ ဤအမြင်မျိုး မြင်လာမှလည်း ဘာကိုမှမလိုချင်တော့ပဲ တဏှာကို ဖြတ်တောက်နိုင်တော့ မည်မဟုတ်လော။

ယခုဖော်ပြခဲ့သည့် ဝိပဿနာ အမြင်မျိုးနှင့်ဆရာကြီးအိပ်ချ်ဂျီဝဲလ် ရေးသားသည့် ဉာဏ်အမြင်မှာ သိပ်မကွာလှဟု စာရေးသူ ယူဆပါသည်။

အိတ်ချ်ဂျီဝဲလ်လို ပုဂ္ဂိုလ်မျိုး၊အိုင်းစတိုင်းလို ပုဂ္ဂိုလ်မျိုးမှာ ဉာဏ်အလွန်ထက်မြက်သူများ ဖြစ်ခြင်းကြောင့် ပါရမီရှိပြီး သူတော်ချဉ်းကပ် မြတ်တရားနာ လုပ်ကိုင်ရလျှင် ယင်းပုဂ္ဂိုလ်မျိုးသည် ယခု

ဘဝမှာပင် နိဗ္ဗာန်မျက်မှောက် ပြုနိုင်လောက်သည် ထင်ပါသည်။

သင့်တင့်အောင်နှလုံးသွင်းနိုင်ကြပြီး၊ ဘာလုပ်လုပ်စောက် (ဇောက်)ချ၍ မဖြစ်မနေ လုပ်မည့် ပုဂ္ဂိုလ်မျိုးဖြစ်ရာ သိပ္ပံပညာရှင်ကြီးများသည် ကျွန်တော်တို့မိရိုးဖလာ ဗုဒ္ဓဘာသာ ဆိုသူများထက် နိဗ္ဗာန်နှင့် ပိုနီးစပ်သည်ဟု ကျွန်တော်ရိုးသားစွာ ယုံကြည်ပါသည်။

ကျွန်တော်မိမိဘာသာ စဉ်းစားတွေးခေါ် ယုံကြည်ထားသည့် အချက်တစ်ချက် တင်ပြလိုပါသေးသည်။ဗုဒ္ဓတရားတော်မြတ်နှင့် ခေတ်သိပ္ပံသည် တစ်နေ့တစ်ချိန်တွင် သွား၍အံဝင်ဂွင်ကျ ဖြစ်ရမည်။ Coincide ဖြစ်ရမည်ဟု ကျွန်တော်ယုံကြည်ထားပါသည်။

ဗုဒ္ဓတရားတော်မှာ အမှန်တရား၊ သစ္စာတရားကို ဖော်ပြထားခြင်း ဖြစ်ပြီး သိပ္ပံဆရာကြီးများမှာလည်း အမှန်တရားများကို ရှာဖွေဖော်ထုတ်နေသူများ ဖြစ်ရာ တစ်နေ့တစ်ချိန်တွင် သိပ္ပံဆရာကြီးများ ဗုဒ္ဓတရားမြတ်ကို တွေ့လာရမည်ဟု စာရေးသူစွဲမြဲစွာ ယုံကြည်ထားပါသည်။

သိပ္ပံဆရာများသည် ရုပ်လောကကိုသာ မဟုတ်ပဲ စိတ်သဘာဝကို လေ့လာစမ်းသပ်နေကြပြီး ဖြစ်ပါသည်။

စိတ်သဘာဝကိုလေ့လာကြသူ သိပ္ပံပညာရှင်ကြီးများအနက် ရုပ်ဝါဒီဟု နာမည်ကြီးနေသည့် ကွန်မြူနစ်နိုင်ငံများမှ သိပ္ပံဆရာများ လေ့လာပုံမှာ အထူးအားရဖွယ်တွေ့နေပါသည်။

သိပ္ပံအကယ်ဒမီဝင်[၁]ပုဂ္ဂိုလ်ကြီးများ သိပ္ပံနိုဘယ်ဆုရ ပုဂ္ဂိုလ်အများအပြားသည် စိတ်သဘောသဘာဝကို မိမိတို့ဓာတ်ခွဲခန်းများအတွင်း လေ့လာနေကြ၍ ကွန်မြူနစ်အစိုးရများ (အထူးသဖြင့် ဆိုဗီယက်ပြည်ထောင်စု၊ ဘူဂေးရီးယား၊ ချက်ကိုစလိုဗက်ကီးယား) ကိုယ်တိုင်က အထူးအားပေးလေ့လာ နေခြင်းဖြစ်လေသည်။[၁]

တရားဂုဏ်တော်မှ စာရေးသူ အကြိုက်ဆုံးမှာ ဧဟိပဿိကော နှင့် အကာလိကော ပုဒ်များဖြစ်၏။ တရားတော်ကလာလှည့်၊ စမ်းကြည့်လှည့်ဟု စိန်ခေါ်နေ၏။ ဤသို့တရားတော်ကို ကျင့်ကြံ

---

၁။ Academycians

ကြည့်သူများအား အကာလိကော အချိန်မရွေး အကျိုးပေးမည်ဟု တရားတော်ကရဲရဲကြီး အာမခံထား၏။

ယင်းတရားကိုမိုးကုတ် ဆရာတော်ဘုရားကြီးက အထပ်ထပ် ဟောကြားတော်မူခဲ့ပါသည်။

ဗုဒ္ဓတရားကို တကယ်နားလည်ချင်ရင် ကိုယ်တိုင်ကျင့်ကြည့်မှ သိမည်၊ ကျင့်ကြည့်သူလက်ငင်း အကျိုးခံစားရမည်ကို သိပ္ပံ ဆရာကြီးများ သိသာလျှင် တကယ်နားလည်လိုသူက ကျင့်ကြံ ကြည့်လိမ့်မည်။ထိုအခါ ဉာဏ်ထက်သူများပီပီ တရားတော်ကို တွေ့ရတော့မည် မုချဟု ယုံကြည်ထားပါသည်။

အလျဉ်းသင့်သဖြင့် အကြံဉာဏ်တစ်ရပ် တင်ပြလိုသည်မှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး ဦးဆောင် ဖွင့်လှစ်ထားသော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် များတွင်ပရစိတ္တဗေဒ[၂]ပညာရပ် (စိတ်နယ်လွန်းမဟုတ်၊ ပရစိတ္တဗေဒ ဖြစ်သည်။ စိတ်နယ်လွန်ဟူ၍ မရှိသည်ကို စာရေးသူတစ်ကြိမ်က ဇောတိသဝေဒမဂ္ဂဇင်းတွင်ရေးသားဖူးပြီး) ကို ခေတ်သိပ္ပံဘာသာရပ် တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးရန် အကြံပြုလိုပါသည်။

စိတ်ပညာ ဓာတ်ခွဲခန်းများထားပြီး ဘွဲ့ရ စိတ်ပညာ ဆရာကြီး များ၊ ပရစိတ္တဗေဒ ပညာကျွမ်းကျင်သူများနှင့် စိတ်သဘာဝကို ခေတ်သိပ္ပံနည်းဖြင့် စမ်းသပ်လေ့လာပြီး ကမ္ဘာတွင် ဗုဒ္ဓသာသနာ ပြုမည့် ပုဂ္ဂိုလ်များအား ယင်းပညာရပ်ကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြား ပေးသင့်သည်ဟုအကြံပြုတင်ပြလိုပါသည်။

---

၁။ အကျယ်ကို Psychic Discoveries Behind the Iron curtain by Sheila Ostrander and Lynn shroeder. စာရေးသူ ဘာသာပြန် ခေတ်သိပ္ပံနှင့် နာမ်လောကတွင်ရှု။

၂။ Para Psycholohy

ယခုဆောင်းပါးတွင်စာရေးသူအဓိကတင်ပြလိုသည့်နှစ်ချက်မှာ-

တစ် - သိပ္ပံပညာရှင်ကြီးများအား အထင်သေးသည့် စိတ် မထားသင့်ပုံနှင့်. . . .

နှစ် - နိုင်ငံတော် ပရိတ္တိ သာသနာ့တက္ကသိုလ်ကြီးများတွင် ပရစိတ္တဗေဒပညာကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်း သင်ကြားပေးပါရန်၊

ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး

၁။ Selected Short Stories of H.G Wells

၂။ Psychic Discoveries Behind the Iron Curtin by Sheila Ostrander and Lynn Shroeder

၃။ စာရေးသူ ဘာသာပြန်ခေတ်သိပ္ပံနှင့် နာမ်လောက။

၄။ မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဝိပဿနာကျမ်းများ။

၅။ ဓမ္မစကြာပါဠိတော် မြန်မာဘာသာပြန်။
ဘဒ္ဒန္တ ဇောတ မဟာထေရ်၊ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်(၁၉၅၅)

၆။ မဟာစည် ဆရာတော်ဘုရား ထေရုပ္ပတ္တိ။

စိတ်ကူးချိုချို

တကယ်ကျတော့ ဟို ရှေးပဝေသဏီကစပြီး အုပ်ချုပ်သူ
လူတန်းစားနဲ့ အပေါ်ပိုင်းက လူတွေက ဘာသာရေးနဲ့
နိုင်ငံရေးတာဝန်တွေ လုပ်ဆောင်နိုင်တာတွေကို သိရှိပြီး
အမျိုးမျိုး တိုင်းပြည်အကျိုးရှိအောင် ဘာသာရေးကို
အသုံးပြုလာကြပါတယ်။

## ပြည်တွင်းသာသနာပြုရေး

ပြည်တွင်းသာသနာပြုရေးနဲ့ ပက်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်း အမြင်ကို စာရေးသူသိရှိတာဟာ ယင်းမာမြို့နယ်၊ မြစိမ်းတောင်တောရ ဆရာတော်ဘုရား ကျေးဇူးကြောင့်ပဲဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလထဲက စာရေးသူထံ မြစိမ်းတောင်တောရ ဆရာတော်ဘုရားက စာတစ်စောင်ရေးသားပေးပို့ခဲ့ပါတယ်။

စာအကြောင်းဖော်ပြခြင်း မပြုမီ မြစိမ်းတောင်တောရ ဆရာတော်အကြောင်း နည်းနည်းဖော်ပြဖို့ လိုပါလိမ့်မယ်။ ဆရာတော်ဟာ ဘီအိုင်အေ ရဲဘောဟောင်းကြီးပါ။ ဗိုလ်ချုပ်အောင်းဆန်းအနားမှာ နေဖူးပြီး ဗိုလ်ချုပ်တရားတွေ မပြတ်ကြားနာလာသူတစ်ဦး ဖြစ်ပါတယ်။

မြစိမ်းတောင်ဆရာတော်က စာရေးသူရဲ့ 'အမေရိကန် စစ်ဦးစီးတက္ကသိုလ်' စာအုပ်နဲ့အတွေးအမြင်မှာပါတဲ့ စာရေးသူရဲ့ဆောင်းပါးတွေ အကြောင်းရေးလိုက်တာပဲ ဖြစ်ပါတယ်။

ဆရာတော်စာထဲက သာသနာပြုရေးနဲ့ ပတ်သက်တဲ့သက်ဆိုင်ရာစာပိုဒ်တွေကို ဖော်ပြသွားပါ့မယ်။ ဆရာတော်က ဒီလိုရေးခဲ့ပါတယ်။

ဝိနည်းအရေးကြီးခြင်း

ဝိနည်းတော်က အရေးကြီးပါတယ်။ ဝိနည်းတော်ဟာ သာသနာ့အသက် ဝိညာဏ်ပါပဲ။ ဒီတော့ ဝိနည်းတော်နဲ့လဲ ကိုက်ညီအောင် မိမိသာသနာပြုမယ့် ဒေသတိုင်းရင်းသားတွေရဲ့ လိုအပ်ချက်တွေကိုလဲ ဖြည့်ဆည်းနိုင်အောင် သာသနာပြုအဖွဲ့တွေမှာ ခေတ်ပညာသင်ပေးမယ့် လူဒါယကာ အဖွဲ့တွေ၊ဆေးကုပေးမယ့် သူနာပြု (လူဒါယကာ) အဖွဲ့တွေနဲ့ တွဲဖက်တာဝန်ပေးဖို့ သေသေချာချာ စဉ်းစားကြဖို့ တယဝန်ရှိသူများအား စာရေးသူ ပန်ကြားလိုပါတယ်။

ခုခေတ်မှာ ငွေမပါရင် ဘာမှမဖြစ်ပါ။ ဒီတော့ဆရာတော်ဘုရားတွေ ငွေမကိုင်ရသော်လည်း ဒါယကတွေကကိုင်တွယ်သုံးစွဲဖို့ ဆရာတော်ဘုရားများအတွက် နဝကမ္မ လျှုသလိုပေါ့။ခေတ်လိုအပ်ချက်များကို အလေးပေးကြည့်ကြဖို့ လိုပါလိမ့်မယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်က ဝိနည်းတော်မှာ အသေးအဖွဲကိစ္စတွေ၊ခေတ်နဲ့မလျော်တော့တဲ့ဟာတွေကို ပြုပြင်နိုင်တယ်လို့ခွင့်ပြုထားကြောင်းစာရေးသူမှတ်သားရဖူးပါတယ်။ ဒီအချက်ကို သာသနာပြု အဖွဲ့တွေ အလေးအနက်စဉ်းစားကြဖို့ စာရေးသူရိုသေလေးစားစွာ လျှောက်ထားအပ်ပါတယ်။

စနစ်တကျလုပ်ဆောင်နိုင်အောင် ရန်ကုန်နဲ့မန္တလေးမှာဖွင့်လှစ်ထားတဲ့ သာသနာ့တက္ကသိုလ်ကြီးတွေမှာ စာသင်ကြားရေးအခြေခံပညာရပ်တွေ၊ဆေးကုသမှုနဲ့ ပက်သက်တဲ့ အခြေခံပညာရပ်တွေကိုပါ ဘုန်းတော်ကြီးတွေကို သင်ကြားပေးဖို့ လိုပါလိမ့်မယ်။

တကယ်တမ်း တိုင်းရင်းသားတွေကို စာသင်ပေးဖို့ ဆေးကုသပေးဖို့ကတော့ လူဒါယကာတွေ ဒါယိကာမတွေက လုပ်ရမှာဖြစ်တော့ သူတို့တွေကို တိုင်းနဲ့ပြည်နယ် ၁၄ ခုမှာဖွင့်မယ့် ကျောင်းထိုင်ဘုန်းတော်ကြီး ကျောင်းတွေမှာ လူဒါယကာတွေအတွက် စာပေသင်ကြားရေး သင်တန်းတွေ၊ ဆေးကုသမှုအနောက်တိုင်းဆေးပညာ၊ တိုင်းရင်းဆေးပညာတွေ သင်ကြားပေးဖို့ သင်တန်းတွေဖွင့်လှစ်သင်ကြားပေးဖို့ လိုပါလိမ့်မယ်။

တကယ်စနစ်တကျဖြစ်အောင် ဆိုရင်တော့ သာသနာပြု

တစ်ဖွဲ့မှာ စာသင်ကြားရေး ဆရာဆရာမ ဘယ်နှစ်ဦး၊ဆေးကုသရေး ဆရာ ဆရာမဘယ်နှစ်ဦးပါရမယ် ဆိုပြီး ဖွဲ့စည်းပုံတွေ ရေးဆွဲထားပြီး ပုံမှန် ခန့်အပ်ထားရပါလိမ့်မယ်။

ပြီးတော့ လုပ်နည်းကိုင်နည်းတွေကိုပါ စနစ်တကျဖြစ်ရအောင် ဘယ်အခြေအနေတွေမှာ ဘယ်လိုလုပ်ရမယ်၊ ဘာလုပ်ရမယ်ဆိုပြီး ပုံမှန် လုပ်နည်းကိုင်နည်းတွေ[၁]သတ်မှတ်ထားဖို့ပါ လိုမှာဖြစ်ပါတယ်။

သင်ယူရမည့် ပညာရပ်များ

ပြီးတော့တိုင်းနဲ့ပြည်နယ် အသီးသီးမှာ သူ့နယ်နဲ့သူ ထူးခြားချက်တွေ သီးခြားလိုအပ်ချက်တွေ၊ လူမျိုးစုတွေရဲ့ သီးခြားယဉ်ကျေးမှု ဓလေ့ ထုံးစံတွေရှိပါတယ်။ဒါတွေကိုတိုင်းနဲ့ပြည်နယ် ကျောင်းထိုင်ဆရာတော် များ ကောလိပ်တွေမှာ အလေးပေး သင်ကြားပေးရပါမယ်။

ဥပမာ - ချင်းတောင်မှာ သာသနာပြုမယ့် ပုဂ္ဂိုလ်တွေကို ချင်း တောင်ရဲ့ထူးခြားချက်တွေ၊ အနေအထိုင်အစားအသောက် ဓလေ့ ထုံးတမ်း အကုန်သင်ပေးလိုက်ရပါမယ်။

ကချင်ပြည်နယ် သွားမယ့် ပုဂ္ဂိုလ်တွေအတွက် 'ရှဝါရှား' တဲ့ ကိစ္စကို မသင်လို့မဖြစ်ပါဘူး။ ဒါမျိုးတွေကို သင်ကြားပေးလိုက်ဖို့ အလွန်အရေးကြီးပါတယ်။

ဒါတွေကိုကျောင်းထိုင် ဆရာတော်ဘုရားများ သင်တန်းသင်ရိုး နဲ့ သာသနာပြု ဒါယကာအဖွဲ့ဝင် သင်တန်းသင်ရိုး တွေမှာကို ထည့်သွင်း သင်ကြားပေးရမှာ ဖြစ်ပါတယ်။

ကျောင်းထိုင်ဆရာတော်များအတွက် တိုင်းနဲ့ပြည်နယ်များမှာ ဖွင့်မယ့် ကျောင်းတွေကို ကျောင်းတစ်ဆင့်ထက်တစ်ဆင့် မြှင့်ပြီး ကောလိပ်အဆင့်မှာ ထားဖို့၊ ပြီးတော့ ဒီကောလိပ်တွေကို ရန်ကုန်နဲ့ မန္တလေး သာသနာ့တက္ကသိုလ်ကြီးတွေနဲ့ပေါင်းစည်းထားဖို့[၂] စာရေးသူ က ကမ္ဘာအေးကုန်းမြေ ဆွေးနွေးပွဲမှာ အကြံပေးဖူးပါတယ်။

(၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလထုတ် မိုးဝေမဂ္ဂဇင်းရှု။)

---

၁။ Standard Operating Procedure(SOP) ၂။ aff?

ဥပမာ - အထက်မြန်မာနိုင်ငံမှာရှိတဲ့တိုင်းနဲ့ပြည်နယ်ကောလိပ်တွေကို မန္တလေးသာသနာ့တက္ကသိုလ်နဲ့ ပေါင်းစည်းထားပြီး အောက်မြန်မာနိုင်ငံက တိုင်းနဲ့ပြည်နယ် ကောလုပ်တွေကို ရန်ကုန် သာသနာ့တက္ကသိုလ်နဲ့ ပေါင်းစည်းထားဖို့ဖြစ်ပါတယ်။

ဒီလိုလုပ်ခြင်းဖြင့် သာသနာ့တက္ကသိုလ် တစ်ခုစီမှာ ကောလိပ် ၇-ခုစီ ရှိလာမှာဖြစ်ပါတယ်။

ပြင်ဦးလွင်စစ်တက္ကသိုလ် ရန်ကုန်တက္ကသိုလ်နဲ့ ပေါင်းစည်းထားလို့ စစ်တက္ကသိုလ်ကျောင်းဆင်းတွေကို ရန်ကုန်တက္ကသိုလ်က ဘီအေ ဘီအက်စ်စီဘွဲ့ ပေးလို့ရပါတယ်။

ဒီနည်းအတိုင်းပဲ တိုင်းနဲ့ပြည်နယ် အသီးသီးက ကောလိပ်တွေက အောင်မြင်သူများကို ရန်ကုန်နဲ့မန္တလေးသာသနာ့ တက္ကသိုလ်တွေက ဘွဲ့တွေ ဒီပလိုမာလက်မှတ်တွေ ပေးနိုင်မှာဖြစ်ပါတယ်။

ပြည်ပသာသနာပြုရေး

ပြည်ပသာသနာပြုရေးနဲ့ပက်သက်ပြီး အရေးကြီးဆုံးကတော့ တခြားနိုင်ငံတွေမှာ ဖွင့်လှစ်ထားတဲ့ သာသနာ့တက္ကသိုလ် အကြောင်း ကျွန်တော်တို့တွေ အမြဲသိရှိနေဖို့လိုပါတယ်။

ဒါကိုကမ္ဘာအေးကုန်းမြေ ဆွေးနွေးပွဲမှာ ဆရာပါရဂူနဲ့ ဆရာဦးကိုကိုလေး (ဆရာဇေယျမောင်)တို့ကလဲ ဆွေးနွေးပြီး ဖြစ်ပါတယ်။

တခြားတက္ကသိုလ်တွေမှာ ဘာတွေသင်ကြားနေကြတယ်။ သင်ရိုးတွေဘယ်လိုရှိတယ်။ အမြဲကျွန်တော်တို့တွေ သိရှိနေဖို့ လိုပါတယ်။

ဖြစ်နိုင်ရင်တော့ တခြားနိုင်ငံတွေက ဗုဒ္ဓသာသနာ့တက္ကသိုလ်တွေတင် မကပဲ တခြားဘာသာကြီးတွေဖြစ်တဲ့ ခရစ်ယာန်သာသနာပြုတက္ကသိုလ်တွေ၊ ဟိန္ဒူ အီစလမ်သာသနာ့ပြု တက္ကသိုလ်တွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် လေ့လာစေလိုပါတယ်။

ဒါမှရန်ကုန်မန္တလေး ဗုဒ္ဓသာသနာ့ တက္ကသိုလ်တွေဟာ မင်းကွန်းဆရာတော်ဘုရားကြီး လိုလားတဲ့ ခေတ်မီစံပြ ကမ္ဘာ့စံချိန်မီ

တက္ကသိုလ်ကြီးတွေ ဖြစ်လာမှာဖြစ်ပါတယ်။

ပြီးတော့နောက်တစ်ချက်က စိတ်သဘာဝလေ့လာရေးနဲ့ ပက်သက်ပြီး ကမ္ဘာ့တက္ကသိုလ်ကြီးတွေမှာ ဓာတ်ခွဲခန်းကြီးတွေမှာကို စိတ်သဘာဝကိုလေ့လာနေကြပါပြီး။

ခေတ်သိပ္ပံနည်းတွေနဲ့ စိတ်သဘာဝကို လေ့လာနေကြတာ အလွန်ကိုအားရစရာ တွေ့နေရပါတယ်။

ဒါကြောင့်ရန်ကုန်မန္တလေး သာသနာ့တက္ကသိုလ်ကြီးတွေမှာ စိတ်ပညာဌာနကြီးတွေ၊ ပရစိတ်ပညာဌာနကြီးတွေ ဖွင့်လှစ်ပြီး ခေတ်မီ ဓာတ်ခွဲခန်းကြီးတွေပါ ဖွင့်လှစ်ထားရှိဖို့ စာရေးသူအကြံပြုလိုပါတယ်။

ဒီကိစ္စနဲ့ပက်သက်ပြီး ခေတ်သစ်နိုင်ငံကြီးတွေမှာ လုပ်နည်း ကိုင်နည်း ချဉ်းကပ်နည်းနှစ်မျိုး ကွဲနေပါတယ်။

အင်္ဂလိပ်အမေရိကန်နဲ့ အနောက်နိုင်ငံတွေမှာ တစ်ဦးကောင်း တစ်ယောက်ကောင်း ဝါသနာပါရာ အဖွဲ့အစည်းအချို့က ပရစိတ် ပညာကို လေ့လာနေကြပြီး တက္ကသိုလ်ကြီး တိုင်းမှာကို ဒီဘာသာ ရပ်ကို အလေးထားလေ့လာနေကြပါတယ်။ အလျင်ကထက် လူထုကပါ ဒီဘာသာရပ်ကို သိပ်စိတ်ဝင်စားလာကြပါပြီး။

ကျွန်တော်တို့ကွန်မြူနစ်လို့ သိနေကြတဲ့ ရုပ်ဝါဒီလို့သိနေကြတဲ့ ဆိုဗီယက်ပြည်ထောင်စု၊ ဘူဂေးရီးယား၊ချက်ကိုစလိုဗက်ကီးယား၊ နိုင်ငံတွေမှာတော့ ပရစိတ်ပညာဘာသာရပ်ကို အစိုးရများ ကိုယ်တိုင် က တကယ်စိတ်ပါလက်ပါ အားပေးပြီး ငွေတွေပုံအောပြီး လေ့လာ နေကြတာ တွေ့ရပါတယ်။

ဒါကြောင့်ပရစိတ်ပညာဘာသာရပ်မှာ ကွန်မြူနစ်နိုင်ငံတွေက အနောက်နိုင်ငံတွေထက် ကျွန်တော်တို့မြန်မာနိုင်ငံ အပါအဝင် တတိယကမ္ဘာထက် ရှေ့တန်းကပြေးနေပြီး ဖြစ်ပါတယ်။

ခုခေတ်မှာ ခေတ်မီချင်ရင် သိပ္ပံပညာကို လျစ်လျူရှုထားလို့ မရပါဘူး။ ဒါကြောင့်စိတ်သဘာဝကို ခေတ်သိပ္ပံပညာနဲ့ လေ့လာဖို့ စမ်းသပ်ကြဖို့ စာရေးသူတင်ပြနေရခြင်းပဲဖြစ်ပါသည်။

နောက်တစ်ချက်ကတော့ သာသနာ့တက္ကသိုလ်ကြီးတွေမှာ ခေတ်မီအောဖ်ဆက် အပါအဝင်ပုံနှိပ်တိုက်ကြီးတွေ ထားရှိပြီး

ပုံနှိပ်ဖြန့်ချိရေးကိုပါ ဌာနကြီးတစ်ခု ဖွင့်လှစ်ထားကာ ဗုဒ္ဓသာသနာနဲ့ ပက်သက်တဲ့ စာအုပ်တွေစာဆောင်တွေ ဖြန့်ချိပေးဖို့ပဲဖြစ်ပါတယ်။

သီရိလင်္ကာနိုင်ငံ မဟာဗောဓိ အဖွဲ့အစည်းလို လစဉ်ထုတ် ဗုဒ္ဓစာစဉ်တွေ ထုတ်နိုင်ဖို့လိုပါတယ်။ ပြီးတော့ ဒီစာဆောင်တွေကို ကမ္ဘာမှာကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချိပေးဖို့ လိုပါတယ်။

ဗုဒ္ဓဘာသာနဲ့ ပက်သက်တဲ့ စာအုပ်တွေနဲ့ပက်သက်လို့ စာအုပ်နှစ်အုပ်ပဲ ဥပမာအဖြစ်တင်ပြလိုပါတယ်။ ရာဟုလာ ဝါပုလ္လ ရေးတဲ့ စာအုပ်နဲ့ သီရိလင်္ကာက ရှုပဗေဒ ပါမောက္ခ လက်ရှမီနဆုရေးတဲ့ စာအုပ်မျိုးဆိုရင် တကယ့်ကမ္ဘာ့စံချိန်မီ စာအုပ်များဖြစ်လို့ ဒီလိုစာအုပ်ဆိုကြပါစို့။ ၅၀၀၀ ရိုက်နှိပ်ဖြန့်ချိ နိုင်ရင် တကယ့်အာဇာနည် သာသနာပြုပုဂ္ဂိုလ် ၅၀၀၀ ကမ္ဘာ့(အင်္ဂလိပ်စကားပြော) နိုင်ငံအသီးသီးကို ခွဲဝေစေလွှတ်လိုက်သလို ဖြစ်မယ်လို့ စာရေးသူနားလည်ခံယူထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဗုဒ္ဓဘာသာနဲ့ ပက်သက်လို့ ဒီလိုရေးနိုင်သူတွေ အတော်လေးရှိပါတယ်။ အထူးသဖြင့် ပဋ္ဌိပတ္တိအရာမှာ မြန်မာက ကမ္ဘာမှာကို ရှေ့တန်းမှပြေးနေပါတယ်။

ဒီပဋ္ဌိပတ္တိအရာမှာတကယ်ပေါက်ရောက်နေတဲ့ ပုဂ္ဂိုလ်ကြီးများ ထေရုပ္ပတ္တိကို အင်္ဂလိပ်ဘာသာနဲ့ ဒီအဖြစ်မှန်တွေကို ကမ္ဘာက သိအောင် ရေးသားဖြန့်ချိပေးဖို့ပဲ လိုနေပါတယ်။

ဒီလိုအပ်ချက်ကို သာသနာ့တက္ကသိုလ်တွေမှာ ဖွင့်လှစ်ထားရှိမယ့် ပုံနှိပ်ထုတ်ဝေရေး ဌာနကြီးတွေက တာဝန်ယူရမှာ ဖြစ်ပါတယ်။

အစအနေနဲ့တော့ ပုံနှိပ်ထုတ်ဝေရေးကို ရန်ကုန်သာသနာ့တက္ကသိုလ်ကပဲ ဦးဆောင်လုပ်ပေးပြီး၊ နောက်လူအားငွေအား တတ်နိုင်တော့မှ မန္တလေး သာသနာ့တက္ကသိုလ်ကို လိုအပ်ရင်းတိုးချဲ့လုပ်ဆောင်ဖို့ အကြံပြုလိုပါတယ်။

ပြန်ပြီး ချုပ်လိုက်ရင်ပြည်တွင်းသာသနာပြုရေးမှာ တိုင်းနဲ့ပြည်နယ်တွေမှာ ဖွင့်လှစ်မဲ့ ကျောင်းထိုင်ဘုန်းတော်ကြီး ကောလိပ်တွေကို သာသနာ့တက္ကသိုလ်ကြီးများနဲ့ပေါင်းစည်းပေးပြီး လူဒကာတွေ အတွက် လူမှုရေးသင်တန်းတွေ ဖွင့်လှစ်ပေဖို့နဲ့ ပြည်ပသာသနာပြုရေး အတွက် -

* တခြား သာသနာ့တက္ကသိုလ်တွေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖို့ ၊
* ပရစိတ်ပညာ ဌာနကြီးနဲ့ သိပ္ပံဓာတ်ခွဲခန်းတွေဖွင့်လှစ်ပေးဖို့၊
* ပုံနှိပ်ထုတ်ဝေရေးဌာနကြီး ဖွင့်လှစ်လုပ်ဆောင်သွားကြဖို့ အကြံပေးတင်ပြအပ်ပါတယ်။ ။

သစ္စာတရား ဆိုသည်မှာ အထက်နှင့်အောက်၊
အောက်နှင့်အထက် အပြန်ပြန်အလှန်လှန် စောင့်
ထိန်းအပ်သည့် တရားဖြစ်ပါသည်။

## စာရေးသူနှင့် သစ္စာရှိခြင်း

စာရေးဆရာ သတင်းစာဆရာသည် သစ္စာစောင့်ထိန်းရန် အလွန် အရေးကြီးပါသည်။ မိမိရေးသားသမျှ အမှန်ဖြစ်ရန်နှင့် အများအကျိုး ရှိရန်ကို ရည်စူးရေးသားရန်မှာ စာရေးသူတိုင်း စောင့်ထိန်းအပ်သည့် အရေးကြီးဆုံး သစ္စာတရားဟု တင်ပြလိုပါသည်။

ရှင်တော်မြတ်ဘုရားဟောကြားတော် မူခဲ့သည့် စကား ၆ ခွန်း အနက်မှ ပြောကြားအပ်သည့် စကားနှစ်ခွန်းကို အဓိကမူတည်၍ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

မိမိပြောသည့်စကားသည် (အလားတူပင်ရေးသည့်စာသည်) မှန်ရမည်။ အများအကျိုးရှိရမည်။ နာလိုဖွယ်ဖြစ်သည့် စကားဖြစ်လျှင် အကောင်းဆုံး (ideal) ဖြစ်ပါသည်။

မှန်ပြီးအကျိုးရှိမည်ဆိုလျှင် တစ်ဖက်သား နာလိုဖွယ် မရှိသည့် တိုင် ပြောကြားရမည်ပင်ဖြစ်ပါသည်။

အခြားစောင့်ထိန်းအပ်သည့် သစ္စာတရားများ ရှိပါသေးသည်။ ယင်းတို့ကို မည်သည့်ဥပဒေ ပညက်ချက်နှင့်မျှ ဖော်ညွှန်းပညက်မထား သော်လည်း စောင့်ထိန်းအပ်သည့် သစ္စာတရားဟုစာရေးသူကိုယ်တိုင် က အသိစိတ်ဖြင့် စောင့်ထိန်းရမည့် အချက်များဖြစ်လေသည်။

ဥပမာ - မိမိ တိုင်းပြည်နှင့်လူမျိုး အကျိုးပျက်မည်တို့ကို လုံးဝ မရေးသားမိရန် အစဉ်သတိထားရမည်ဖြစ်၏။

အလားတူပင် အကြီးအကဲ တစ်ဦးက မိမိအား ယုံကြည်စိတ်ချ စွာဖြင့် အတွင်းရေးများကို သိနိုင်သည့် နေရာတွင် တာဝန်ပေးခန့်

ထားသည်ဆိုကြပါစို့။ ယင်း အကြီးအကဲ၏ သစ္စာကို စောင့်ထိန်း ရန်မှာ လူ့ကျင့်ဝတ်တရား တစ်ရပ်ဟု စာရေးသူ ယူဆပါသည်။

ဤအချက်မှာ အတော်သိမ်မွေ့ပါသည်။ ကောင်းပြီ။ အကြီးအကဲလုပ်သူက မိမိကိုခန့်ထားပြီ။ ခန့်ထားပြီးမှမတရားတာ၊ မမှန်တာ၊ လူသားများအကျိုး ထိခိုက်သည်များကို လုပ်ခိုင်းသည် ဆိုကြပါစို့။ လူထုသိအောင် ဖွင့်မရေးသင့်သလော။

စာရေးသူ ယူဆချက်ကို တင်ပြပါရစေ။ အထက်လူကြီးက မဟုတ်တာလုပ်ခိုင်းလျှင် မဟုတ်တာမလုပ်သင့်ကြောင်း အကျိုးသင့် အကြောင်းသင့် လူကြီးကိုပြန်လည် တင်ပြသင့်၏။ မိမိကပါကြံရာပါ အနေနှင့် မမှန်တာကို ရောယောင် လုပ်ဆောင်ခဲ့ပြီးမှလူကြီးက အမိန့်ပေးလို့ပါဟု တစ်နေ့ ဖွင့်ချသူသည်သစ္စာမဲ့သူဟု စာရေးသူမြင်ပါသည်။

မိမိကအကျိုးသင့်အကြောင်းသင့် တင်ပြ၍မှ လူကြီးကဇွတ် မမှန်တာ အလုပ်ခိုင်းသော် အလုပ်မှစက္ကန့်မဆိုင်း ထွက်ရမည်။ ထွက်ပြီး သတ္တိရှိလျှင် ဖွင့်ချပေတော့၊ ရေးပေတော့။

သစ္စာတရား ဆိုသည်မှာ အထက်နှင့်အောက်၊ အောက်နှင့် အထက် အပြန်ပြန်အလှန်လှန် စောင့်ထိန်းအပ်သည့် တရားဖြစ်ပါသည်။

ယခုသမ္မတရေဂင်တို့ ဇနီးမောင်နှံအဖြစ်ကိုကြည့်ပါ။

သူယုံကြည်စိတ်ချ၍ တာဝန်ကြီးများတွင် ခန့်ထားခဲ့သူတိုင်း လိုလိုက ရေဂင်ဇနီးမောင်နှံကို အပုတ်ချရေးသားနေကြပြီ။ ရေဂင်သာမက ဇနီးသည် နန်စီကိုပါ အတွင်းရေးများ ဖော်ကောင်လုပ်၍ ရေးသားနေကြပြီ။

ယင်းစာရေးသူတို့ ဘာကြောင့်ဤသို့ ရေးကြသနည်း။ တစ်ချိန်ကမိမိတို့အား ယုံကြည်စိတ်ချ၍ တာဝန်ကြီးများတွင် ခန့်ထားခဲ့သည့် သမ္မတကြီးမှာ မိမိတို့ကျေးဇူးရှင်ပင်မဟုတ်လော။

အဘယ်ကြောင့်ဤသို့ ပက်ပက်စက်စက်လုပ်ကြသနည်း။ သေချာစွာဆန်းစစ်ကြည့်သော် စနစ်ကိုသွားတွေ့ရမည်။ အမေရိကန် လူနေမှုစနစ် ကစ်ရပ်လုံးက ငွေအသပြာပေါ် အမှီပြု၍ တည်ဆောက်ထားသောစနစ်ဖြစ်၏။

ငွေသာရလျှင် ဘာမဆိုလုပ်မည်။ ဘနဖူးသိုက်တူးရမည်လား၊ ကျေးဇူးရှင်ကို ကျေးစွတ်ရမည်လား၊ နိုင်ငံအကြီးအကဲ ဂုတ်သိက္ခာ သမ္မတ ဂုဏ်သိက္ခာ ဘာမှထောက်ထားစရာမလို၊ ငွေရလျှင်ပြီးရော ယဉ်ကျေးမှုကြီးတွင် ဘာလူ့ကျင့်ဝတ်မှမရှိတော့ပဲ ငွေရဖို့ဟူသော ရည်မှန်းချက်တစ်ခုတည်းနှင့် ရေးသားနေကြသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ဆွဲဆောင်မှုများကလည်း တင်းကြမ်းအပြည့်ရှိ၏။အိမ်ဖြူတော်လို နေရာမျိုး၊ နိုင်ငံခြားရေးရုံးလို နေရာမျိုးတွင် အမှုထမ်းဆောင်ခဲ့ပြီး အကြောင်းတစ်စုံတစ်ရာကြောင့် အလုပ်မှထွက်လာသူကို ထုတ်ဝေသူများက ဒေါ်လာသန်းချီ ကြိုတင်ပေးထားကြ၍အတွင်းရေးများ ဖွင့်ချစေ၏။ ဖော်ကောင်လုပ်စေ၏။

စာမရေးတတ်ဘူးလား၊ စာရေးဝါသနာမပါဘူးလား။ အရေးမကြီးပါ။ နာမည်သာခံ၊ ရေးပေးမယ့် ရှဲဒိုးဆရာတွေ၊ တစ္ဆေ (ghost) စာရေးဆရာတွေ တစ်ပုံကြီးရှိသည်။ သူတို့ကရေးပေးလိမ့်မည်။

သမ္မတရေဂင်မှာ ယခုနှစ် နိုဝင်ဘာ ရွေးကောက်ပွဲတွင် အပြီး ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သမ္မတသက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ထိုအခြေအနေမျိုးကို အမေရိကန်စာရေးဆရာ လောက၊ နိုင်ငံရေးလောကက ခြေကျိုးနေသော ဘဲနာကြီး (Lame Duck) ဟုသမုတ်ထား၏။

ရေဂင်သာမဟုတ်၊ သမ္မတသက်တမ်းစေ့ကာနီးဆဲဆဲသမ္မတကြီး အားလုံးမှာ ဘဲနာများသာဖြစ်ကြကုန်၏။ သူတို့ကို ဘာမှထောက်ထား နေစရာမလို။ သူတို့အတွင်းရေး သိသူတိုင်းက ဖော်ကောင် လုပ်ကြကုန်၏။ ဝေါလ်တာလစ်မင်းလို တာဝန်သိစာရေးဆရာ သတင်းစာဆရာများမှာ လူနည်းစုသာဖြစ်၏။ မည်မျှစက်ဆုပ်စရာကောင်းသည့် အမူအကျင့်ပါနည်း။

*

အလွန်ထင်ရှားသည့် သာဓကတစ်ရပ်တင်ပြပါရစေ။

အာဏာရှင် ဟစ်တလာ သူ့စစ်သူကြီး ရောမဲလ်ကို'သတ်'ခဲ့ပုံမှာ စစ်ကြီးပြီးမှ ဂျာမန်လူထုနှင့် ကမ္ဘာက အဖြစ်မှန်ကို သိကြရခြင်း

ဖြစ်လေသည်။

ဟစ်တလာလုပ်ကြံမှုတွင် ရော်မဲလ်ပါသည် ယူဆပြီး ဗိုလ်ချုပ်နှစ်ဦးကို ဟစ်တာက ရော်မဲလ်အိမ်သို့ စေလွှတ်လိုက်၏။

ရော်မဲလ် ကိုယ့်ဟာကိုယ် သတ်သေမလား ခုံရုံးတင် အမှုစစ်ဆေးပြီး သစ္စာဖောက်အဖြစ် သေဒဏ်စီရင်ခြင်းခံမလား။

ပထမလမ်းစဉ်ရွေးသော် (ဝါ) ကိုယ့်ဟာကိုယ်သတ်သေသော် ရန်သူလက်ချက်ဖြင့် ကျဆုံးရကြောင်း တရားဝင်ကြေညာပေး၍ နိုင်ငံတော်ဈာပန ကျင်းပပေးမည်။ ဇနီးနှင့်သားကို (ရော်မဲလ်တွင် သားလေး တစ်ဦးသာထွန်းကား၏) တိုင်းပြည်ကဆက်လက် တာဝန်ယူ ကြည့်ရှုစောင့်ရှောက်မည်။

ဒုတိယလမ်းစဉ်ရွေးသော် ဘာအာမခံချက်မှမရှိကြောင်း ဗိုလ်ချုပ်နှစ်ဦးက ရော်မဲလ်အားပြောပြကြ၏။

ရော်မဲလ်၏ကိုယ်ရေးအရာရှိက သည်အကျဉ်းအကျပ်ထဲမှ ဖောက်ထွက်ရန် အကြံပေးပါသေး၏။ ယခင်ကလည်း မကြာခဏပင် သေတွင်းမှထွက်ခဲ့သည်ကို ကိုယ်ရေးအရာရှိ ဘယာလိန်းက ပြောကြည့်သေး၏။ ရော်မဲလ် လက်လျှော့လိုက်ပါပြီ။

ဇနီးနှင့်သားမျက်နှာထောက်ထားပြီး စစ်သူကြီးရော်မဲလ် ကိုယ့်ဟာကိုယ် (အဆိပ်သောက်) အဆုံးစီရင်ခဲ့လေသည်။

ရော်မဲလ် ရန်သူလေယာဉ် ပစ်ခတ်၍ ကျဆုံးရကြောင်း ဟစ်တလာ အစိုးရက ကြေညာပေး၍ နိုင်ငံတော်ဈာပန ကျင်းပခဲ့လေသည်။

ဒါတွေအားလုံး စစ်ကြီးပြီးတော့ ဘူးပေါ်သလို ပေါ်လာကြလေသည်။

အမှန်တရားကို ဘယ်လိုဖုံးကွယ်ထား၍မှ ကြာရှည်မရပါ။ လူထုက ချက်ချင်းမသိသေးလျှင် နောင်တစ်နေ့အမှန်တရားကို သိကြရမှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။

ထို့ကြောင့် ယင်းအစွန်းနှစ်ဖက်စလုံးကို ရှောင်ရှားနိုင်ဖို့စာရေးဆရာ၊ သတင်းစာဆရာများကပါ မိမိတို့ အသိစိတ်ဖြင့် တာဝန်ရှိရှိ ရေးသားသွားနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါကြောင်း။ ။

သမိုင်းအမြင်ဆိုလို့ ကိုယ့်နာမည် သမိုင်းမှာ တွင်ကျန်ရစ်အောင် မဟုတ်တမ်းတရားတွေ ရေးခဲ့တာတို့ ရေးစေတာတို့ တွေကတော့ မလုပ်သင့်မလုပ်ထိုက်တဲ့ ကိစ္စပဲ။

# သမိုင်းအမြင်

သမိုင်းအမြင်နဲ့ပတ်သက်ပြီး စာရေးသူဖတ်ဖူး၊ လေ့လာဖူးတဲ့ ထူးခြားတဲ့ အချက်တွေကိုဒီဆောင်းပါးမှာ ဖော်ပြသွားမှာဖြစ်ပါတယ်။

'သမိုင်းသည် နောက်တန်ဖန် ကြော့၍ ဖြစ်တတ်သည်'[၁] ဆိုတဲ့ အမြင်ဟာ ဆိုရိုးစကား[၂]လိုဖြစ်နေသော်လည်း အမှန်တကယ် ပုံစံတူ ထပ်တူထပ်မျှ နောက်တစ်ကြိမ် ထပ်မံဖြစ်ပေါ်တဲ့ ဖြစ်ရပ်များသမိုင်းမှာ ဘယ်တုန်းကမျှ မရှိခဲ့ဖူးပါဘူး။

နေရာတကာမှာ ပုံစံတူ ပုံသေကားချ ယခင်ကပုံစံအတိုင်း နောက်တစ်ကြိမ် ထပ်မံဖြစ်ပွားမယ်လို့ ယူရန်မဟုတ်ပဲ အလားတူ အကြောင်းများ ဖြစ်ပေါ်ခဲ့သော် ပုံစံတူအကျိုးတရားများ ရတတ်သည်ဟုသာ ယေဘူယျသင်ခန်းစာ ထုတ်ယူနိုင်တာကို ရည်ညွှန်းပြောဆိုခဲ့ခြင်း ဖြစ်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။

သမိုင်းလေ့လာခြင်းဟာ သင်ခန်းစာထုတ်ယူနိုင်ရန်ပဲ ဖြစ်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ပရပ်ရှား (ဂျာမနီ) ဝန်ကြီးချုပ် ဘစ္စမတ်[၃](၁၈၁၅-၉၈)ပြောခဲ့တဲ့ စကားရပ်ဟာ အထူးမှတ်သားဖွယ် ဖြစ်ပါတယ်။

ဘစ္စမတ်ပြောခဲ့တာတွေကို မဖော်ပြမီ ဘစ္စမတ်အကြောင်း အနည်းငယ် ဖော်ပြရန်သာလိုပါလိမ့်မယ်။

---

၁။ History repeats itself. ၂။ Axiom

၃။ Bismarck, Otto (1815-98)

ပရပ်ရှားဝန်ကြီးချုပ် ဘစ္စမတ်ရဲ့ ရည်ရွယ်ချက်က အသိစိတ် အမှာမှာကွဲနေတဲ့ ဂျာမနီနိုင်ငံကို စည်းလုံးညီညွတ်အောင် လုပ်ဖို့ ဖြစ်ပါတယ်။ ဂျာမနီ စည်းလုံးညီညွတ်ရုံနဲ့ မပြီးသေးဘဲ ပရပ်ရှားဩဇာ အာဏာအောက်မှာဂျာမနီ စည်းလုံးရေးပဲဖြစ်ပါတယ်။

ပရပ်ရှားနဲ့အပြိုင်လိုဖြစ်နေတဲ့ ဂျာမန်စကားပြောဩစတြီးယား နိုင်ငံကို ဘစ္စမတ်က စစ်တိုက်အနိုင်ယူလိုက်ပြီး ဥရောပမှာဂျာမနီ တန်ခိုးကြီးထွားနိုင်ဖို့ ဘစ္စမတ် ဇောက်ချလုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုဂျာမနီ ထိပ်တန်းရောက်ဖို့ လုပ်ဆောင်ရာမှ လက်တွေ့ဖြစ်နိုင် တဲ့နည်းတွေကို ဘစ္စမတ်ရှာခဲ့ပါတယ်။

ဂျာမနီတန်ခိုးထွားနိုင်အောင် လုပ်ဆောင်ခဲ့တဲ့ နေရာမှာ ဥရောပမှာ ဂျာမနီကို အန်တုနိုင်တဲ့ ပြင်သစ်ကို မဟာမိတ်မရှိအောင် အထီးကျန်ဖြစ်အောင် ဘစ္စမတ်လုပ်ဆောင်ခဲ့ပါတယ်။

ပြီးတော့အရှေ့ဘက်က ရုရှားနှင့်ဂျာမနီ မဟာမိတ်ဖွဲ့လိုက်ပြီး ပြင်သစ်နဲ့ အီတလီ မတည့်အောင်၊ ပြင်သစ်က တြူနစ်ကို သိမ်းပိုက် အောင် ပြင်သစ်ကို ဘစ္စမတ်က မြှောက်ပေးပြီး ပြင်သစ်နှင့်အင်္ဂလိပ် ရန်သူဖြစ်သွားအောင် အင်္ဂလိပ်က အီဂျစ်ကိုသိမ်းပိုက်ဖို့ ဘစ္စမတ်က အင်္ဂလိပ်ကို မြှောက်ပေးပြန်တယ်။ သူ့ရည်မှန်းချက်တွေ အောင်မြင် ပြီး ပြင်သစ်ဟာ ဥရောပမှာ အထီးကျန်ဖြစ်ခဲ့ရပါတယ်။ဒါနဲ့ဂျာမနီ-ပြင်သစ် ၁၈၇၀- ပြည့်နှစ်မှာ စစ်ဖြစ်တဲ့အခါ ပြင်သစ် မရှုမလှ ရှုံးခဲ့ ရပါတယ်။

သမိုင်းအမြင်နဲ့ပတ်သက်ပြီး ဘစ္စမတ်ပြောခဲ့တဲ့စကားတွေဟာ ခုခေတ်မှာ ဆိုရိုးစကားတွေလို ဖြစ်နေပြီး အလွန်အဖိုးတန်တာ တွေ့ရ ပါတယ်။ သမိုင်းလေ့လာသူတိုင်း သူပြောခဲ့တာတွေကို လေးလေး စားစား လေ့လာကြရပါတယ်။

သူ့ပြောစကားတွေထဲက ကျွန်တော်အကြိုက်ဆုံး မှန်လဲအမှန် ဆုံး စကားရပ်ကတော့ အတွေ့အကြုံနဲ့ ပတ်သက်ပါတယ်။ လူတွေ ဟာအတွေ့အကြုံက မိမိတို့အမှားတွေကို သင်ခန်းစာယူဖို့ မကြာခဏ ပြောတာတွေ့ရပါတယ်။ ဘစ္စမတ်ကတော့ ဒီလိုပြောခဲ့ပါတယ်။

'အရူးတွေသာ သူတို့မှအတွေ့အကြုံက အမှားတွေက သင်ခန်းစာယူကြတာကွ၊ ငါကတော့သူများအမှားတွေက သင်ခန်းစာယူတယ်'[၁]

သွေးထွက်အောင်မှန်တဲ့စကားပါပဲ။ အထူးသဖြင့်စစ်သမိုင်းမှာ အလွန်ကို လေးလေးစားစား လိုက်နာထိုက်တဲ့ စကားရပ်ဖြစ်ပါတယ်။

တစ်ချို့တိုက်ပွဲတွေမှာ စစ်ခေါင်းဆောင်ညံ့ဖျင်းမှုကြောင့် ကိုယ့်တပ်တစ်တပ်လုံး အချေမှုန်းခံခဲ့ရတာမျိုး၊ တစ်တပ်လုံးပြုတ်ခဲ့ရတာမျိုးကို မလေ့လာမိဘဲ နောက်ထပ်ဒီအမှားမျိုး ထပ်တာမှားရရင် ဘယ်သင်ခန်းစာမှ ထုတ်နေနိုင်တော့မှာမဟုတ်ပါဘူး။

စစ်သမိုင်းမှာ ကန္နေတိုက်ပွဲ (ဘီစီ ၂၁၆) ဟာနာမည်ကြီးပေါ့။ ရောမတပ်မတော်တစ်ခုလုံးကို ဟန္နီဘော[၃]က ချုံခို တိုက်ခိုက်ချေမှုန်းလိုက်တဲ့ ပွဲပဲ။ စစ်သမိုင်းတလျှောက်လုံးမှာ အကြီးဆုံးချုံခိုတိုက်ပွဲဖြစ်ပြီး အကြီးဆုံး အငိုက်ဖမ်းတိုက်ပွဲ တစ်ခုလည်းဖြစ်ပါတယ်။

ပြီးတော့ကျွန်တော်တို့ခေတ်က ပုလဲဆိပ်ကမ်းတိုက်ပွဲ[၄]ရော။ အမေရိကန်တွေအငိုက်ခံလိုက်ရတာလေ။ ဒါတွေဟာသူများအမှားက ရနိုင်တဲ့အလွန်အဖိုးတန်တဲ့ သင်ခန်းစာတွေပေါ့။

ပြီးတော့ နိုင်ငံခြားရေးဝါဒမှာ စိတ်ကူးယဉ်နေတာတွေ စိတ်အလိုက် စိတ်အကြိုက်[၅]လုပ်လို့ ဘာမှအကြိုးမရှိပုံကိုလည်း ဘစ္စမတ်ကဒီလိုပြောခဲ့ပါသေးတယ်။

'စိတ်ကူးယဉ်အလိုလိုက်လုပ်တဲ့(နိုင်ငံခြားရေး)ဝါဒဟာ အလားတူတုံ့ပြန်မှု တွေ့ရမယ်မဟုတ်ဘူး'[၆]

သူလုပ်ခဲ့သမျှ နိုင်ငံခြားရေးဝါဒဟာ ပရပ်ရှား(နောက်ပိုင်းဂျာမနီ)အမျိုးသားရေး အကျိုး[၇]အတွက် သက်သက်လုပ်ခဲ့တာ တွေဖြစ်ပါ

---

၁။ Only fools learn from their own mistakes.
I learn from other people's mistakes.

၂။ Cannae (216 B.C.) ၃။ Hannibal

၄။ Battle of Pearl Harbour ၅။ sentimentality

၆။ ' A sentimental policy knows no reciprocity'

၇။ national interests

တယ်။ ဘယ်သူ့ကိုချစ်လို့၊ ဘယ်သူ့ကို မုန်းလို့ ဆိုတာတွေ မပါပါဘူး။ (Sentimentality) ဆိုတဲ့ စကားကို အဓိပ္ပါယ်ပြန်တဲ့၊ ကောက်ယူတဲ့ အခါမှာ လူချင်းချစ်တာခင်တာ ဆိုတာတွေအပြင် နိုင်ငံရေးမှာ နိုင်ငံအချင်းချင်း ဆက်ဆံရေးမှာ ဝါဒတူတာတွေပါ ပါဝင်အောင် အဓိပ္ပါယ်ပြန်သင့်တယ်လို့ စာရေးသူတင်ပြလိုပါတယ်။

ဆိုလိုတာက ဘယ်နိုင်ငံကတော့ တို့နဲ့ဝါချင်းတူလို့ (ဥပမာ-ဆိုရှယ်လစ်နိုင်ငံချင်း၊ ဘယ်မလိုက်နိုင်ငံချင်းမို့) ချမ်းသာပေးမယ် မထင်ပါနဲ့။ ကိုယ့်နိုင်ငံအကျိုး ထိခိုက်လာရင် နောဖာနာမိ ငါတို့မသိဘူး ဆိုပြီး တွယ်ပြစ်လိုက်မှာပါပဲ။ သာဓကတွေပေးစရာအများကြီးပါ။ ဒါပေမယ့် အကြောင်းအမျိုးမျိုးတွေကြောင့် သာဓကမပြတော့ပါဘူး။

ဒီစကားရပ်နှင့်တဆက်ထည်း ဘစ္စမတ်ပြောခဲ့တာ ရှိပါသေးတယ် ဒါလည်း တိုင်းပြည်အင်အားအပေါ် မှီပြီး လုပ်သင့် လုပ်ထိုက်တဲ့ ဆိုရိုးစကားလို့ ယူဆမှာဖြစ်ပါတယ်။

နိုင်ငံခြာရေးဝါဒကျင့်သုံးတဲ့ အခါမှာ ရဲရဲဝင့်ဝင့် ပြတ်ပြတ်သားသား လုပ်ဖို့ကို ဘစ္စမတ်ကဒီလိုပြောခဲ့ပါတယ်။

' နိုင်ငံခြာရေးဝါဒမှာ သတ္တိနဲ့အောင်မြင်မှုဟာ အကြောင်းနဲ့ အကြိုးလို့တင် ယူဆရမှာ မဟုတ်ပါဘူး။ သူတို့နှစ်ခုဟာ အတူတူဘာပဲ'[၁]တဲ့။

ဆိုလိုတာက သတ္တိရှိရှိနဲ့ လုပ်ရင်အောင်မြင်မယ်ပေါ့။

သူလုပ်ခဲ့သမျှတွေ ပြန်ကြည့်ရင်လည်း သူပြောသလိုရဲရဲဝင့်ဝင့် လုပ်ခဲ့လို့ သူမတူအောင် အောင်မြင်ခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လဲသူဟာ သမိုင်းမှာသွေးနဲ့ သံချန်စလာ (Blood and Iron Cnancelor) လို့ နာမည်ကြီးခဲ့တာပဲ။ ဥရောပ နိုင်ငံရေးစင်မြင့်မှာ ဘစ္စမတ် ၂၈-နှစ်တိတိ ကြီးစိုးခဲ့တာပဲ။

ခုခေတ်မှာဘစ္စမတ်ခြေရာကို နင်းပြီး နိုင်ငံခြားရေးဝါဒကျင့်သုံးခဲ့သူကတော့ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဟင်နရီကစ်

---

၁။ 'In Foreign policy courgae and success do not stand in a causal relation ship; they atr identical.'

ဆင်ဂျာ[၁]ဖြစ်ပါတယ်။ အမှန်ကတော့ ကစ်ဆင်ဂျာဟာ နိုင်ငံခြားရေး ဝါဒနယ်မှာ ထူးထူးခြားခြား အောင်မြင်ခဲ့ပြီး တစ်ခေတ်မှတစ်ယောက် ဆိုသလောက်သူဖြစ်ပါသည်

သူဟာနိုင်ငံခြားရေးဝါဒ ကျင့်သုံးတဲ့နေရာမှာ ဘစ္စမတ်ကိုတင် မကပဲ ဩစတီးယားနိုင်ငံသား မက်တာနစ်[၂]ကိုလဲ စံထားခဲ့သူဖြစ်ပါ တယ်။ ကျွန်တော်အထင်တော့ မက္ကိယာဗယ်လီ[၃]ကိုတောင် တချို့ နေရာတွေမှာ ကစ်ဆင်ဂျာက ဆရာတင်ခဲ့တယ်ထင်ပါတယ်။ ဒါတော့ ထားပါတော့။ ကစ်ဆင်ဂျာပြောခဲ့တဲ့ သမိုင်းအမြင်နဲ့ ပက်သက်တဲ့ ဖွင့်ဆိုချက်တွေထဲက အကောင်ဆုံးလို့ ကျွန်တော်ယူဆတဲ့ အချက် ကိုတင်ပြပါမယ်။

ကစ်ဆင်ဂျာက ဒီလိုပြောခဲ့ဖူးပါတယ်။

'သမိုင်းဆိုတာ ဘယ်လိုချက်ရမယ် ပြုပ်ရမယ် ဆိုတဲ့ ချက်နည်း ပြုပ်နည်းတွေ ဖော်ပြထားတဲ့ စာအုပ်မျိုးမဟုတ်ပါဘူး။ တူညီနိုင်တဲ့ ဥပမာတွေ၊ သင်ခန်းစာတွေ၊ သင်ကြားပေးတဲ့ ပညာရပ်ဖြစ်ပါတယ်။ ဆိုရိုးစကားတွေ ဖော်နည်းကားတွေ မဖော်ပြပါဘူး။

'နှိုင်းယှဉ်လို့ရတဲ့ အခြေအနေတွေမှာ တစ်စုံတစ်ခု လုပ်လို့ဖြစ် ပေါ်ခဲ့တဲ့ အကျိုးတရားတွေကို မီးမောင်းထိုး ဖော်ပြပေးပါတယ်။ ဒါပေမဲ့ ဘယ်သမိုင်းက ဖြစ်ရပ်နဲ့ ကိုယ့်ခေတ်မှာ ဖြစ်ပေါ်နေတဲ့ ဘယ်အခြေအနေတွေနဲ့ နှိုင်းယှဉ်နိုင်တယ် ဆိုတာကို ကိုယ့်ဘာသာ

---

၁။ ကစ်ဆင်ဂျာက အမေရိကန်နိုင်ငံသို့ ၁၅ နှစ်သားကျမှ ရောက်လာ သူဖြစ်၏။ ဂျာမနီတွင်မွေးဖွားသူ ဖြစ်၍ ဇာတိအားဖြင့် ဘစ္စမတ်ကဲ့သို့ပင် ဂျာမန် လူမျိုး ဖြစ်လေသည်။ အရွယ်ရောက်တော့မှ အမေရိကန် တိုင်းရင်းသားအဖြစ် ခံယူခဲ့သူဖြစ်ပါသည်။

၂။ Metternich, Prince, Clemens (1773-1895 )

၃။ Machiavelli = ( ၁၄၆၉-၁၅၂၇)၁၅၁၃ခုနှစ်တွင်မင်းသား (The Prince)စာအုပ်ရေးခဲ့သူမှာ ဖလော်ရင်တိုင်နယ်သားဖြစ်၏။ ရည်မှန်းချက် ကောင်းလျှင် ဘာလုပ်လုပ်တရားသည်။ ( The end justifies the means.)ဟုရေးခဲ့သူဖြစ်လေသည်။ ဆိုလိုသည်မှာ ရည်မှန်းချက်သာ ကောင်းစေ၊ ယင်းရည်မှန်းချက်ရအောင် လုပ်ချင်တဲ့နည်းနဲ့ လုပ်ဟူလို။

ဆုံးဖြတ်ရမှာဖြစ်ပါတယ်။'

'ဒီခက်ခဲနက်နဲတဲ့ ရွေးချယ်မှုတွေကိုတော့ ကိုယ်တိုင်လုပ်ရမှာ ဖြစ်ပြီး ဘယ်စာအုပ်ကြီး ဘယ်ပညာရပ်ကမှ ကျွန်တော်တို့ပခုန်းပေါ်က ဝန်ထုပ်ဝန်ပိုးကို ကူညီပြီးထမ်းပိုးပေးမှာ မဟုတ်ပါဘူး'[၁]

နိုင်ငံရေးဝါဒနဲ့ပက်သက်ပြီး ဟင်နရီကစ်ဆင်ဂျာရဲ့ လုပ်ဆောင်ချက်တွေကတော့ အများကြီးပါပဲ။ ဒီလုပ်ဆောင်ချက်တွေအနက် အထူးခြားဆုံး အအောင်မြင်ဆုံးဖြစ်တဲ့ ဆက်စပ်မှုသဘောတရား[၂]ကိုတော့ နောက်အလျဉ်သင့်မှ 'အတွေးအမြင်' ကပဲ ဖော်ပြသွားပါမယ်။ ဒီသဘော တရားကိုတော့ သူနဲ့သူ့သမ္မတ နစ်ဆင်နဲ့အတူ ကျင့်သုံးခဲ့ကြတာဖြစ်ပါတယ်။

ဒီမှာသမိုင်းအမြင်နဲ့ ပက်သက်ပြီး မိမိလုပ်သမျှ ကိုင်သမျှ သမိုင်းအကြောင်းအမြင်[၃]ရှိနေဖို့ အရေးကြီးတာဖော်ပြလိုပါသေးတယ်။

ဒုတိယကမ္ဘာစစ်အတွင်းက ပြင်သစ်ဗိုလ်ချုပ် ဒီဂေါဟာ သူ့နောက်လိုက်နည်းနည်းလေးနဲ့ ဘိလပ်ကိုထွက်ပြေးခဲ့ပြီး ဘိလပ်ကို အခြေပြုကာ နာဇီကိုပြန်တိုက်ရေး လုပ်ဆောင်ခဲ့ပါတယ်။

ဒီလို မျက်နှာငယ်နေတုန်းမှာ ထုံးစံအတိုင်း အင်္ဂလိပ်နဲ့ အမေရိကန်တွေက ဒီဂေါလ်ကို ဝိုင်းနှိမ်ကြတာပေါ့ ကူညီသင့်သမျှ ကူညီသော်လည်း သူတို့ ပေးမှကမ်းမှ ရမယ့်သူလို့ ဆက်ဆံခဲ့ကြပါတယ်။

ဒီမှာဒီဂေါလ်ဟာ ဘယ်တော့မှအောက်ကျနောက်ကျလက်ဖြန့်တောင်းတဲ့အနေနဲ့မလုပ်ခဲ့ပါဘူး။ ငါ့ခေါင်းဟာသွေးချင်းချင်းနီနေသော်လည်း ငါဦးမညွတ်ဆိုတဲ့ ဆောင်ပုဒ်ကိုလက်ကိုင်ပြုခဲ့သူပါ။

သူ့ကိုအင်္ဂလိပ်တွေ အမေရိကန်တွေက နှိမ်ပြောတိုင်း ပထမကမ္ဘာစစ် (၁၉၁၄-၁၈) တုန်းကဥရောပစစ်မြေပြင်မှာ ပြင်သစ်တွေက တပ်မကြီးတွေ တပ်မတော်တွေအများကြီးနဲ့ တိုက်ခိုက်တုန်းက အင်္ဂလိပ်

---

၁။ စာကိုးရှည်နေ၍ မူရင်း မဖော်ပြတော့ဘဲ မူရင်းလိုသူများအတွက် ကျမ်းကိုးစာမျက်နှာကိုသာ ဖော်ပြလိုက်ပါတယ်။
White House Years by Henry A Kissenge-Little Brown & Co. Toronto. 1979.4th Printing

၂။ the Doctrine of Linkage

၃။ sense of history

က ဖြစ်စလောက် တပ်သားလေးတွေနဲ့ ပါဝင်တိုက်ခိုက်ခဲ့ပြီး အမေရိကန်ဟာ ၁၉၁၇-ခုနှစ် (စစ်ကြီးပြီးခါ) ကျတော့မှ စစ်ထဲဝင်လာပုံတွေကို ဒီဂေါလ်က ပြန်ပြောတော့ အင်္ဂလိပ်တွေ အမေရိကန်တွေ နှုတ်ပိတ်ရေငုံ လုပ်နေကြရပါတယ်။ဒီဂေါလ်ပြောတာ မှန်နေတာကိုး။ ဒါဟာသမိုင်းကြောင်းအမြင်ရှိတဲ့ သူရဲ့အားကောင်းချက်ပဲ။

ကျွန်တော်တို့တွေလဲ အရေးကြုံပြီးဆိုရင် ခုနေမှ ချာနေသော်လည်း ပုဂံခေတ်ကမြန်မာတွေ ဘယ်လောက်ဝင့်ကြွားနိုင်ခဲ့တယ်၊ အလောင်းဘုရားခေတ်က ဘယ်လိုလက်မထောင်နိုင်ခဲ့တယ် ဆိုတာ ပြန်ပြောနိုင်ဖို့လိုပါတယ်။

သမိုင်းအမြင်ဆိုလို့ ကိုယ့်နာမည်သမိုင်းမှာတွင်ကျန်ရစ်အောင် မဟုတ်တန်းတရားတွေ ရေးခဲ့တာတို့၊ ရေးစေတာတို့တွေကတော့ မလုပ်သင့်မလုပ်ထိုက်တဲ့ ကိစ္စပဲ။

ပထမကမ္ဘာစစ်မှာ ဖြစ်ခဲ့ဖူးတာ တင်ပြပါဦးမယ်။ပြင်သစ်ဗိုလ်ချုပ်ကြီး တစ်ဦးက သူ့ဦးစီးအရာရှိကို အမိန့်ပေးနေတာ ဘယ်မြို့ကိုဘယ်လို ကာကွယ်ရမယ်၊ ရန်သူကို ဘယ်လိုတိုက်ထုတ်ရမယ် ပြောနေတော့ ဦးစီးအရာရှိက 'ဗိုလ်ချုပ်ကြီးခင်ဗျား ဒီမြို့တွေ ရန်သူလက် ကျကုန်ပါပြီ' လို့ ပြန်ပြောတဲ့အခါ ဗိုလ်ချုပ်ကြီးက. . .

'ငါပြောနေတာနောင်လာနောက်သားတွေ အတွက်'တဲ့။သမိုင်းအတွက်ပေါ့။ သူအမိန့်ပေးနေတဲ့အချိန်အထိ ဒီမြို့တွေကို ပြင်သစ်တပ်တွေက ကာကွယ်ထားတယ်လို့ ဆိုလိုတာပဲ။

အလွန်မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စပါ။ သမိုင်းကိုပြင်လို့မရပါဘူး။ ။

ကျမ်းကိုးစာရင်း

၁။ White House Years by Henry A Kissenger Little Browa & Co, Boston , Toronto U.S.A. 1979. 4th Printing.

၂။ A History of Europe by H.A.L Fisher

၃။ The Call to Honour by Charles De Gaulle

(စာရေးသူထံတွင် စာအုပ်အလွယ်မရှိ၍ ပုံနှိပ်တိုက်၊ ထုတ်ဝေနှစ် မဖော်ပြနိုင်ပါ။)

၄။ Battle Studies Du Picq Military Service Publising Co, Harrisburg...Pennsylvania, U.S.A. 1946

လူငယ်တိုင်းလိုလိုတွင် ငုတ်လျှိုးနေသည့် ဉာဏ်ရည်ဉာဏ်သွေးရှိ၍ စဉ်းစားတတ်သည့်၊ အမြော်အမြင်ကောင်းသည့် မိဘများက လေ့ကျင့်ပျိုးထောင်းပေးခြင်းဖြင့် လူချွန်လူမွန်များ မွေးထုတ်ပေးခဲ့ကြခြင်းဖြစ်ကြောင်း. . .

# လူချွန် လူမွန် ပြုစုပျိုးထောင်နည်း

အိုင်းစတိုင်း ဘာကြောင့်အောင်မြင်ရသနည်း။ အိုင်စတိုင်းလိုအောင်မြင်မှုရအောင် ဘာလုပ်ရမည်နည်း။

ပင်ကိုယ် ဉာဏ်စွမ်းရည်[၁]ကြီးမှားခြင်းမှာ အလွန်နားလည်ရခက်ခဲလှ၏။ သည်ဉာဏ်စွမ်းရည် ဘယ်ကလာသနည်း။ ဘယ်လိုကြီးထွား ဖွံ့ဖြိုးလာသနည်း။

အောင်မြင်ထင်ရှားလှသည့် ပညာရေးသုတေသီ ဘင်ဂျမင်ဘလွန်း[၂]နှင့် သူ့အဖွဲ့က ရှီကာဂို တက္ကသိုလ်တွင် မကြာသေးမီကလေးကပင် သုတေသနပြုချက် တစ်ရပ် ပြုလုပ်ပြီးစီးခဲ့လေသည်။

ငါးနှစ်ကြာ သုတေသန ပြုရပြီး ကမ္ဘာပေါ်တွင် ထင်ပေါ်ကျော်ကြားလှ၍ အောင်မြင်မှု သရဖူဆောင်းထားသူ ၁၂ဝကို သုတေသနပြုခဲ့ကြခြင်းဖြစ်၏။

သုတေသနပြုခဲ့ကြသည့် လူ၁၂ဝတွင် အိုလံပစ်ချန်ပီယံများ၊ ရေကူးသမားများ၊ ဂီတလောကတွင် ထိပ်တန်းစန္ဒရားပညာရှင်များ၊ ပန်းပုပညာသည်များ၊ ကမ္ဘာကျော် သင်္ချာဆရာများ၊ သိပ္ပံပညာသည်များ၊ အတော်ဆုံးအထွတ်အထိပ် လူချွန်လူမွန်[၃]ဆိုသူများအား လေ့လာခဲ့ကြခြင်း ဖြစ်၏။

---

၁။ Talent ၂။ Benjamin Bloom

၃။ Super Star = ‘အတော်ဆုံး အထွတ်အထိပ် လူချွန်လူမွန်’ ဟု အဓိပ္ပါယ်ယူပါသည် ။

ပညာရေးသုတေသီများ တွေ့ရှိချက်မှာ အံ့သြဖွယ်ကောင်းလှ၏။ အောင်မြင်မှု သရဖူဆောင်းထားသူများမှာ မွေးရာပါ ဉာဏ်ရည် ကောင်းလှသည်ဟု မဆိုသာပဲ ဤကဲ့သို့အောင်မြင်မှု ရရှိအောင် လေ့ကျင့်ပျိုးထောင် ပေးမှုကြောင့်ဖြစ်ကြောင်း သုတေသီများတွေ့ ရှိကြ၏။

သူတို့ဉာဏ်ရည်၊ စွမ်းရည်ကွာခြားကောင်း ကွာခြားမည်။ သို့သော်ကလေးဘဝ အတွေ့အကြုံများမှာ ထူးထူးခြားခြား တူညီ နေကြ၏။

ဘလွန်းနှင့် သူ့သုတေသီများသာ မှန်ကန်ပါက (သူတို့တွေ့ရှိ ချက်မှာ မှန်ကန်သည်ဟု ပညာရေးပါရဂူ များစွာက ထောက်ခံထား ကြပြီးဖြစ်၏။) ဖွံ့ဖြိုးကြီးထွားလာနိုင်သည့် ဉာဏ်ရည်မှာ ကလေးတိုင်း လိုလို၌ပင် ရှိပေ၏။

အခြေအနေဝန်းကျင်သာ မှန်ကန်ပါက ကလေးအများစု သည်မည်သည့်ဘာသာရပ်မဆို အောင်မြင်သရဖူ ဆောင်းနိုင် ကြမည်ဖြစ်၏။

'လူတစ်ယောက် ကြီးပွားတိုးတက်လာနိုင်တဲ့ အလားအလာကို အိုင်ကြူ[၁] စမ်းသပ်မှုတွေ၊ ဉာဏ်ရည်စစ်ဆေးချက်တွေနဲ့တင် တိုင်းတာ မရနိုင်ပါဘူး' ဟု ဘလွန်းကပြောခဲ့ပါသည်။

ဤကဲ့သို့ ဘာသာရပ်အသီးသီးတွင် အထွတ်အထိပ်ရောက် လာသူများ၊ အောင်မြင်မှုရခဲ့သူများ၊ ဖြတ်သန်းလာရသည့်ဝန်းကျင်ကို ဘလွန်းနှင့်သူ့အဖွဲ့က သုတေသနပြုကြည့်ခဲ့ကြခြင်း ဖြစ်ပေသည်။

'လူငယ်များ ဉာဏ်ရည် ပြုစုပျိုးထောင်ပေးနည်း' [၂]စာအုပ်ကို ဘလွန်းက မကြာသေးမီကပင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ယင်းစာအုပ်၌ သူတို့ သုတေသနပြုခဲ့ပုံများ၊ တွေ့ရှိချက်များကို ရေးသားထားလေ သည်။

ဘလွန်းနှင့်အဖွဲ့ လေ့လာခဲ့ကြသူ အများစုမှာ ၃၅နှစ်အောက် ဖြစ်၍ သူတို့ကလေးဘဝကို ကောင်းကောင်းမှတ်မိကြပြီး သူတို့မိဘ

---

၁။ IQ

၂။ Deveioping Talent in Young People

ဆရာအများစုမှာလည်း အသက်ရှင်လျက်ရှိသေး၍ မိဘဆရာ ရှုထောင့်မှ သုတေသနပြု လုပ်ငန်းကို တစ်ဖက်တစ်လမ်း ပါဝင်ကူညီခဲ့ကြသေး၏။

သုတေသနပြုချက်များ ပြီးဆုံး၍ တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ကြည့်လိုက်သောအခါ အလွန်ထူးခြားသည့် အချက်တစ်ချက်ကို သုတေသီများတွေ့ကြ၏။ တူညီသည့်အချက်များ၊ ပုံစံတူများ၊ အမှုတွဲ အားလုံးလိုလိုတွင် ပါဝင်နေပြီးနောက် အံ့သြဖွယ်အချက်မှာ လူချွန်လူမွန် အားလုံးမှာပင် မိမိတို့ငယ်စဉ်က ကြီးပြင်းလာရသည့် အိမ်နှင့်မိသားစု အရေးပါပုံပင် ဖြစ်လေသည်။

သို့သော် ထူးချွန်သူများ၏ မိဘ အားလုံးသည် စီမံကိန်း အကြီးအကျယ် ချမှတ်လုပ်ဆောင်ခဲ့ကြခြင်းကား မဟုတ်ချေ။

'တကယ်လို့မဟာစီမံကိန်းကြီး[၁]ချမှတ်ပြီး သူ့တို့သားမီး လူချွန်လူမွန်ဖြစ်လာအောင် လုပ်မယ်လို့ သန္နိဋ္ဌာန်ချမှတ်လုပ် ဆောင်ရင်လည်း မအောင်မြင်ဖို့များပါတယ်။ အသေအလဲတွန်းအားပေးလုပ်ကြတော့မှာကိုး' ဟု ဘလွန်းကပြောပြပါသည်။

လူချွန်လူမွန် မိဘများ လုပ်ဆောင်ချက်မှာ ဤသို့ဖြစ်၏။ ခြေလှမ်း တစ်လှမ်းစီတွင် မိမိတို့ သားသမီးများအတွက် အကောင်းဆုံးဖြစ်မည်ထင်သည်ကို လုပ်ဆောင်ပေးခဲ့ကြခြင်းသာ ဖြစ်လေသည်။

သာဓကများ တင်ပြပါမည်။

တင်းနစ်ဝါသနာအိုး မိဘနှစ်ပါးသည် သူတို့တင်းနစ်ကစားကြစဉ် တင်းနစ်ကွင်းအနီးတွင် ကလေးလက်တွန်းလှည်းကိုချထားကြ၏။

'ကျွန်မတို့သမီးလေး ပထမဆုံးသတိရနေတဲ့ အသံဟာ တင်းနစ်ဘောလုံးရဲ့ ရက်ကက်ထိတဲ့ 'ဖောင်. . . ဖောင်' ဆိုတဲ့ အသံဖြစ်မှာ သေချာပါတယ်' ဟု တင်းနစ်စူပါစတား ဖြစ်လာသူ၏ မိခင်ကြီးက ပြန်ပြောပြပါသည်။

နောက်မိချင်တစ်ဦးက သူတို့သားလေး ငယ်ရွယ်စဉ်က အနုပညာပြတိုက်ကြီးများသို့ ကလေးငယ်ကို ခေါ်ဆောင်သွားခဲ့သည်ကို

---

၁။ Master Plan

ပြန်ပြောပြ၏။

ထိုကလေးငယ်သည် အနုပညာ ဝါသနာအိုးဖြစ်လာပြီးကမ္ဘာကျော် ပန်းပုဆရာတစ်ဦး ဖြစ်လာခဲ့လေသည်။ ယင်းမှာလျှို့ဝှက်ချက်ပင် ဖြစ်တော့၏။ ဤနည်းဖြင့် ကလေးဝါသနာကို ပြုစုပျိုးထောင် ခဲ့ကြခြင်း ဖြစ်တော့၏။

မိဘလေ့လာလိုက်စားသည်ကို ကလေးငယ်ကပါ ဝါသနာပါ ပျော်မွေ့လာခြင်း ဖြစ်လေသည်။ ဘလွန်းက ဤသို့ဆို၏။

'အိမ်မှာ ဂီတသံ အမြဲကြားနေရလို့ ကလေးငယ်ဟာ မဟာ ဂီတပညာရှင်ကြီး ဖြစ်လာမယ်လို့တော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ငယ်စဉ်မှာ ဂီတသံမကြားခဲ့ရတဲ့ ကလေးဟာ ဂီတပညာမှာ ထူးချွန် မလာမှာကတော့ သေချာပါတယ်'

ကလေးငယ်ငယ် ဘဝတွင် ပညာထူးချွန်သူများ၊ ဉာဏ်ရည် ဉာဏ်သွေး အလွန်ထူးခြား ကောင်းမွန်သူများ တွေ့ရမည်ဟု သုတေ သနမပြုမီက ဘလွန်းမျှော်မှန်းထားခဲ့၏။

သို့သော်သူ သုသေသနပြုပြီး တွေ့ရှိလာရသည်ကား ကြီးလျှင် လူချွန်လူမွန် ဖြစ်လာမည့် လူများသည် ငယ်ရွယ်စဉ်က ဘာမှထူးခြားမှု မပြခဲ့ဘဲ နှစ်ရှည်လများ အပြင်းအထန် ကြိုးစားကြပြီးမှ ထိုကလေး သူငယ်များ ထူးထူးချွန်ချွန်အောင်မြင် လာကြခြင်းဖြစ်လေသည်။

ကြီးလျှင် စန္ဒရားအတီး ထူးချွန်မည့်သူများသည် စည်းချက်နှင့် ဂီတမြတ်နိုးမှုကို ငယ်ရွယ်စဉ်ကပင် ပြသခဲ့ကြသော်လည်း အသံနေ အသံထား[၁]ကို နားလည်သူမှာမူ ထက်ဝက်ပင်မရှိချေ။

သချာ ထူးချွန်မည့်သူများသည် ငယ်ရွယ်စဉ် ကျောင်းစာ သင်ကြားရေးတွင် အခက်အခဲတွေ့ကြသူကများ၏။

အိုလံပစ် ရေကူး ချန်ပီယံများသည် ငယ်ရွယ်စဉ်ကစ၍ ရေကူး တော်သူများဖြစ်သော်လည်း သူတို့အရွယ်တွင် ထူးထူးချွန်ချွန်ရှိသည် မဆိုသာချေ။

ထိုသူ အားလုံးတွင် လိုအပ်သည့် စိတ်အား၊ ကိုယ်ခန္ဓာကြံ့

---

၁။ Pitch

ခိုင်မှု ရှိကြသည်မှန်၏။ သူတို့အားလုံးတွင် တူညီသည့်အချက်မှာသူတို့ ငယ်ရွယ်စဉ်က မိဘများက ဂရုတစိုက် ယုယုယယ ပြုပြင်ထိန်းသိမ်း ပေးခဲ့ခြင်း ဖြစ်လေသည်။

မိမိတို့ ဉာဏ်ရည် ကောင်းမွန်သည်၊ အလားအလာများစွာ ရှိသည်ကို မိဘများက စောစောကတည်းက သိရှိပြီးဂရုတစိုက်မြေ တောင်မြှောက် အားပေးသွားကြသည်ကို သုတေသီများ တွေ့ရှိကြရ လေသည်။

မိဘနှစ်ပါးမှာ လက်ဦးဆရာများတည်း။ သာဓကတစ်ခု တင် ပြပါမည်။

ဂီတပညာရှင်မိခင်၏ ငါးနှစ်သမီးငယ်က စန္ဒရားကိုဆော့တီး ကြည့်၏။

မိခင်ကြီးက မကြိမ်းမောင်းသည့်အပြင် 'ဟာ. . . တယ်ဟုတ်ပါ လား' ဟု ကျေနပ်အားရစွာ ချီးကျူးပြောဆိုပြီး သမီးငယ်စန္ဒရား ဖြင့်ဆော့ ကစားခြင်းကို အားပေး၏။

ဤကဲ့သို့ စေတနာဖြင့် ရိုးရိုးသားသား ပြုပြင်ယုယပေးခြင်း များက ထူးချွန်သူများ ပေါ်ပေါက်လာစေခြင်း ဖြစ်တော့၏။

မိဘကလေးငယ်အချို့ အပြုအမူကို အားပေးချီးမြှောက်၍ အချို့ကိုမူ တမင်လျစ်လျူရှုထား၏။ မသိယောင်ဆောင်ခဲ့၏။

ကြီးပြင်းလာသောအခါ ကမ္ဘာကျော် ပန်းပုဆရာဖြစ်လာမည့်သူ ငယ်ရွယ်စဉ်ကထုလုပ်ထားခဲ့သော ပန်းပုရုပ်အားလုံးကို သူ့မိခင်က ရိုရိုသေသေသိမ်းဆည်းပေးထား၏။

သူ ရေးသားခဲ့သည့် အင်္ဂလိပ်ဘာသာ စာစီစာကုံးများကိုမူ မိခင်ကြီးက အမှုမဲ့ အမှတ်မဲ့ထားခဲ့လေသည်။

သင်္ချာထူးချွန်သည့် သားငယ် သူ့အခန်းအတွင်း သင်္ချာပုစ္ဆာများ တစ်ယောက်တည်း တွက်ချက်နေခြင်းကို မိဘကအားပေး၏။ အားကစားဝါသနာရှင် မိဘကမူ ထိုအပြုအမူကိုအားပေးနိုင်မည် မဟုတ်ချေ။

အိုလံပစ်ရေကူးချန်ပီယံတစ်ဦး ပြန်ပြောပြသည်မှာ အလွန်အ ရေးကြီးသည့် အချက်ဖြစ်ပါသည်။ သူငယ်စဉ်က သူ့ဖခင်ကြီး

အိမ်တွင်အပျော်လက်သမားလုပ်သည်ကိုကြည့်၍ မိမိသင်ခန်းစာရခဲ့ကြောင်း၊ ဖခင်ကြီးသည် တစ်စုံတစ်ရာပြုလုပ်၍ မကောင်းသေးလျှင် အကုန်ပြန်ဖျက်၍အသစ်လုပ်ကြောင်း၊ အားလုံးကျေနပ်လောက်အောင်ကောင်းသည့် အထိပြုလုပ်ကြောင်း၊ ယင်းမှာမိမိ အတွက်သင်ခန်းစာဖြစ်ကြောင်း ရေကူ ချန်ပီယံက ပြောပြပါသည်။

နောက်ဆယ်နှစ်ကြာသောအခါ ထိုသူငယ်သည် အိုလံပစ်ရေကူချန်ပီယံ ဖြစ်လာပြီး သူ့အခန်းအတွင်းတွင် ရေကူးတံဆိပ်များ အပြည့်ဖြင့် ဖြစ်လေသည်။

ထိုသူက မိမိ ငယ်စဉ်ကရခဲ့သည့် သင်ခန်းစာကို ဤသို့ပြန်ပြောပြခဲ့လေသည်။

'အဖေ့ဆီက ကျွန်တော်ရခဲ့တဲ့ သင်ခန်းစာကတော့ တစ်စုံတစ်ခုကို လုပ်သင့်လို့လုပ်ပြီးဆိုရင် အဲ့ဒီအလုပ်ကို အကောင်းဆုံးဖြစ် အောင်လုပ်ရမယ်ဆိုတဲ့ သင်ခန်းစာပဲဖြစ်ပါတယ်'

ယင်းသင်ခန်းစာမှာ ရေကူးချန်ပီယံ တစ်ဦးတည်း ရလိုက်သော သင်ခန်းစာမဟုတ်ပါ။ လူချွန်လူမွန်ဖြစ်လာသူတိုင်း ဤသဘောမျိုး လုပ်ဆောင်လာကြကြောင်း ဘလွန်းနှင့် သုတေသီများတွေ့ခဲ့ကြရလေသည်။

'တစ်စုံတစ်ခု လုပ်သင့်လို့လုပ်ပြီးဆိုရင် ထိုအလုပ်ကိုအကောင်းဆုံး ဖြစ်အောင် လုပ်ပေတော့'

မိမိတို့လေ့လာ သုတေသန လုပ်ခဲ့သူတိုင်းလိုလိုမှာ သူတို့အသက်ငယ်ငယ်ရွယ်ရွယ်က အောင်မြင်မှုသရဖူ ဆောင်းနိုင်ခဲ့ကြသည်ဖြစ်သော်လည်း လူတိုင်းပင် ပြင်းပြင်းထန်ထန် ကြိုးစား၍ အောင်မြင်မှုကို ထိုက်ထိုက်တန်တန် ရခဲ့ကြသူများ ဖြစ်၏။

မည်သူမျှအနည်းဆုံး ဆယ်နှစ်အပြင်းအထန် မကြိုးစားဘဲ အထွတ်အထိပ်သို့ ရောက်ခဲ့သည်မဟုတ်ချေ။

လူတိုင်းအားလုံး အဆင့်ဆင့်ကို ဖြတ်ကျော်ခဲ့ရကြောင်း တွေ့ရ၏။ပထမအဆင့်မှာ ပျော်ပျော် နေထိုင်ခဲ့၍ သူတို့ဝါသနာပါရာ

---

၁။ Stage of Precision

အလုပ်ကို နှစ်နှစ်ကာကာ ချစ်မြတ်နိုးလာချိန် ဖြစ်လေသည်။

ဒုတိယအဆင့်မှာ ပုံစံတကျသောအဆင့်ဖြစ်ပြီးမိမိရွေးချယ်ထားသော လုပ်ငန်းအတွက် အသေးစိပ် မည်သို့ပြုလုပ်ရမည်ကို နည်းနာများတွေ့ရှိလာချိန်ဖြစ်၏။

တတိယနှင့်နောက်ဆုံးအဆင့်မှာ ကိုယ်ပိုင် တိုးတက် ဖွံ့ဖြိုးချိန် ဖြစ်ပြီး မိမိပိုင်နည်းနာများ၊ 'စတိုင်' များ ရလာချိန်ဖြစ်ပေသည်။

အဆင့်တိုင်းတွင် မိဘများက မိမိတို့သားသမီးများနှင့် အသင့်တော်ဆုံး။ သူတို့အတွက် အကောင်းဆုံးအတွေ့အကြုံများ ရရှိလာအောင် ဖန်တီးပေးခဲ့ကြလေသည်။

ပထမအဆင့်တွင် မိမိဉာဏ်ရည် ပေါ်လွင်လာစေရန် ကလေးသဘော သဘာဝကို နားလည်သည့်ဆရာကို ရှာပေး၏။ ထိုဆရာသည်အကောင်းဆုံး အတော်ဆုံးရေကူးသမား၊ တင်းနစ်သမား ဖြစ်ချင်ဖြစ်မည်။ သို့သော် ကလေးစိတ်ပညာ နားလည်၍ ကလေးအောင်မြင်တိုင်း ချီးကျူးသူ၊ ကလေးနှင့်အလိုက်သင့် အလျားသင့် နေတတ်သူ ဖြစ်ပေသည်။

အတော်ကြာသောအခါ မိဘကလေးတိုးတက်မှုအတွက် ဆရာပြောင်းပေးလေသည်။ ဒုတိယအဆင့်မှာ ပို၍တိကျပြီး သင်ကြားနေသည့် ဘာသာရပ် (ဥပမာ- ရေကူးနည်း၊ စန္ဒယား တီးနည်း)ကို တိတိကျကျ ပုံမှန်ကျသည့်အထိ သင်ကြားပေးသူဖြစ်၏။

နောက်ဆုံးဆရာကား ဆရာဖြစ်သည့်အပြင် တပည့် ဖြစ်သူက စံအဖြစ်ထားထိုက်သူတည်း။ဉာဏ်ရည်ဉာဏ်သွေး ထူးချွန်သူများ ယင်းဉာဏ်ရည်အသုံးချနိုင်ရန် စံပြအဖြစ် သင်ကြားပေးနိုင်သည့် ဆရာဖြစ်လေသည်။

အဆင့်သုံးဆင့်စလုံးတွင် သားသမီးများပညာသင်ကြားရေး အတွက်လိုအပ်သည့်အချိန်၊ ငွေ၊ ပစ္စည်းပစ္စရတို့ကို မရရအောင် မိဘလုပ်သူများက ရှာဖွေပေးကြသည်။

မိဘအများစုသည် ဤကဲ့သို့ သားသမီးပညာရေး ဖြည့်တင်းပေး နိုင်ရန် ချွေချွေတာတာ လုပ်ခဲ့ကြသည်ကိုတွေ့ရ၏။

စန္ဒယားပညာရှင် ဖြစ်လာမည့်သူ၏ မိဘက ကားအသစ်ဝယ်

ရန်လိုအပ်နေပြီးဖြစ်သောလည်း ကားဟောင်းကိုပင် စီး၍ စန္ဒယားကြီး သားအတွက် ဝယ်ပေးခဲ့သည်။

တင်းနစ်ချန်ပီယံ ဖြစ်လာမည့်သူ မိဘက စနေ၊ တနင်္ဂနွေနေ့များတွင် အခြားအပျော်အပါး မသွားပဲ သားသမီးကို တင်းနစ်ပြိုင်ပွဲများသို့ခေါ်သွား၏။

ဤနည်းဖြင့် မိဘကခြိုးခြံခြံ သားသမီးကို ပါရမီဖြည့်ခဲ့သော်လည်း သူတို့ကိုတိုင်ကလည်း ဤသို့အနစ်နာခံ ခြိုးခြံခဲ့ရသည်ကို ကြည်ကြည်ဖြူဖြူ လုပ်ခဲ့ကြသည်ကို တွေ့ရပါသည်။

လူရည်ချွန်တစ်ဦး၏ မိခင်က ဤသို့ပြန်ပြောခဲ့ပါသည်။

"ဒီလိုနေခဲ့တာကို သားလေးပျော်မွေ့ခဲ့သလို ကျွန်မတို့လည်း ဝမ်းမြောက်ခဲ့ရတာပါပဲ၊ ဒါမှလည်းမိသားစု ပြီးသတော့မှာပေါ့"

အခြားကလေးများလိုပင် လူချွန်လူမွန်များကိုလည်းသူတို့လိုက်စားရာ ဘာသာရပ်ကို လေ့ကျင့်ပေးရန် နှိုးဆော်အားပေးနေရသည်ပင် ဖြစ်ပါသည်။

တစ်ခါတစ်ရံ အဖေကြီးက သားလေ့ကျင့်နေရာတွင်ထိုင်စောင့်ပေးနေရ၏။ သားငယ် စိတ်ပျက်အားလျော့လာသည့်အခါ အဖေက အားပေးရ၏။

ရေကူးချန်ပီယံဖြစ်လာမည့်သူ လေ့ကျင့်ခဲ့စဉ်ကအသက်ပိုကြီးသည့်အုပ်စုတွင် ဝင်ရောက်ယှဉ်ပြိုင်ရရာ ယှဉ်ပြိုင်တိုင်း ရှုံးနိမ့်နေသဖြင့် သားကဆက်လက် လေ့ကျင့်မနေလိုတော့ချေ။ လက်လျှော့လိုက်ချင်ပြီ။

အဖေကြီးက "တစ်ခါပဲ ထပ်ကြိုးစားကြည့်လိုက်ပါဦး သားရယ်၊ ရှုံးတာနဲ့လက်မြှောက်လိုက်ရတယ်ဆို ရာဇဝင်ရိုင်းတော့မှာပေါ့ " ဟု အားပေးခဲ့ရ၏။

သားငယ်နောက်တစ်ပွဲ၌ နိုင်သွားရာ သူ့ဘာသာအရှိန်ရသွားပြီး နိုင်စရာရှိလျှင် နိုင်ချင်ချင်ဖြစ်လာတော့သည်။

ထို့ကြောင့် လူရည်ချွန်မိဘများကသားသမီးအောင်နိုင်လျှင် ချီးမြှောက်၍ ရှုံးနိမ့်သောအခါ စိတ်ဓာတ်ပြန်တတ်လာအောင် အားပေး၏။

သားကကြိုးစား၍ အောင်ပွဲမခံနိုင်သည့်တိုင် ယခင်မိမိစံချိန်ထက် ကောင်းလာလျှင် ဒါအောင်ပွဲဖြစ်ကြောင်း မိဘကအားပေးခဲ့၏။

ရှုံးနိမ့်သည့်အခါ ထိုပွဲမှ သင်ခန်းစာအယူခိုင်း၏။ ဒီတစ်ခါရှုံး၊ နောက်တစ်ခါနိုင်မည်။

လေ့ကျင့်ရေးသုံးဆင့်ပြီးသောအခါတွင်မူ သူတို့နောင်ရေးသူတို့ဘာသာ ဖန်တီးသွားပေတော့မည်။ အောင်နိုင်ရေးမှာ သူတို့အပေါ်လုံးဝတည်သွားချေပြီ။

အချို့မိဘက ဤသို့ဝန်ခံကြသည်ကို တွေ့ရပါသည်။ မိမိတို့သားသမီးများအနက် ချွန်ထွက်လာသူ ဉာဏ်ကောင်းသူများပါကြောင်း၊ သို့သော်သူတို့က လူချွန်လူမွန်လို ကြိုးစားအပင်ပန်းမခံလိုကြောင်း မိဘများက ပြောပြကြသည်။

ထို့ကြောင့် လူချွန်လူမွန် ဖြစ်လာစေရန် ကြိုးစားရမှာတော့မုချဖြစ်၏။ အချို့နေရာများတွင် စွန့်လွှတ်ရမည် မုချဖြစ်၏။ ရုပ်ရှင်ရုံသွား၍ မှိန်းနေမည်လား၊ ချွေးထွက်ခံ လေ့ကျင့်မည်လား၊ဘီယာစုပ်ဇိမ်ခံမည်လား၊ အပင်ပန်းခံ လေ့ကျင့်မည်လား။

ဆယ်ကျော်သက်အရွယ် လူချွန်လူမွန်ဖြစ်လာမည့် သူများသည်သူတို့ဉာဏ်ရည် ပေါ်လာစေရန် ပျမ်းမျှ တစ်ပတ်လျှင် ၂၅ နာရီအပြင်းအထန်လေ့ကျင့်ကြရ၏။

အခြားကိစ္စရပ်တစ်ခု (ကျောင်းစာအပါအဝင်) အတွက်သုံးသည့် အချိန်ထက်များသော်လည်း သာမန်လူငယ်တစ်ဦး အပတ်စဉ် တီဗီရှေ့ အချိန်ဖြုန်းသည့် အချိန်ထက် ပိုမများသည်ကို တွေ့ရပါသည်။

လူငယ်တိုင်းလိုလို ငုပ်လျှိုးနေသည့် ဉာဏ်ရည်ဉာဏ်သွေးရှိ၍စဉ်းစားတတ်သည့်၊ အမြော်အမြင်ကောင်းသည့် မိဘများက လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် လူချွန်လူမွန်များ မွေးထုတ်ပေးခဲ့ကြခြင်းဖြစ်ကြောင်း ဘလွန်းက ရေးသားခဲ့လေသည်။

အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် လူချွန်လူမွန်ဖြစ်မလာသည့်တိုင် တစ်သက်တာ လိုက်စားသွားနိုင်သည့် ပညာရပ်တစ်ခုခုတွင်

ပျမ်းမျှလူများထက် တတ်မြောက်ကျွမ်းကျင်သည့် အပျော်တမ်းသမား တစ်ဦးဖြစ်လာနိုင်သေး၏။

အပျော်တမ်းတင်းနစ် အရိုက်ကောင်းသူ၊ အပျော်တမ်းရေကူး သမား။ အပျော်တမ်း ဂေါက်သီးရိုက်သူအဖြစ် ဘဝတွင်ပျော်ပျော် နေသွား နိုင်ဦးမည်မဟုတ်လော။

လူချွန်လူမွန်ဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ရကျိုး နပ်ပါ့ မလား။ အချိန်ကုန်လူပန်း ကြိုးစားသင့်ရဲ့လား။

မုချ ကြိုးစားထိုက်သည့် ဆိုရပါမည်။ မိမိတွင်ငုတ်လျှိုနေ သေးသော ဉာဏ်ရည်ကို ပေါ်လွင်ဖွံ့ဖြိုးခွင့် ရအောင်လုပ်ကိုလုပ်ရ မည်။ ကလေးဘဝက သင်ခန်းစာများသည် လူလတ်ပိုင်း၌ ပကတိ စိတ်များ၊ ပင်ကိုယ်စိတ်များ[၁]ဖြစ်လာ၏။

ပညာရပ်တစ်ခုခုကို အစအဆုံးတိုင် ကျွမ်းကျွမ်းကျင်ကျင် လေ့ကျင်ထားသော လူငယ်သည် ထိုဘာသာရပ်တွင် အောင်နိုင်သူ လို၊ ဆရာတစ်ဆူလို ပြုမူနေထိုင်သွားတော့မည် ဖြစ်ကြောင်းတင်ပြ လိုက်ရပါသည်။ ။

---

၁။ instinct

ခေါင်းမာသူတစ်ဦးကို ရည်ရွယ်ချက် ကောင်းနှင့်သာ ဦးတည်ပေးလိုက်လျှင် တကယ့်လူ့အဖိုးတန် ဖြစ်လာမည်မလွဲဧကန် ဖြစ်ပေသည်။

# ခေါင်မာခြင်း

ခေါင်းမာခြင်းမှာ မကောင်းသည့်အရည်အချင်း တစ်ရပ်မဟုတ်။ ကောင်းသည့်၊ မှန်ကန်သည့်ရည်မှန်းချက်နှင့်သာ ဦးတည်ပေးလိုက်လျှင် ခေါင်းမာခြင်းမှာ အလွန်တန်ဖိုးရှိသည့် အရည်အချင်းတစ်ရပ်ဖြစ်လာပေမည်။

တစ်ခုတော့ရှိသည်။ ဘာသာစကား ကန့်သတ်ချက်များကိုတော့ သတိထားရမည်။ ယခုခေတ်လူ တော်တော်များများက ခေါင်းမာခြင်းမှာ အလွန်မကောင်းသည့် အမူအကျင့်ဟု မှတ်ယူထားကြ၏။

ယင်းအယူအဆကို စာဖတ်သူခေတ္တ ဘေးချိပ်ထားပြီး ခေါင်းရှင်းရှင်းနှင့် စိတ်ကိုအကျယ်ပြန့်ဆုံး ဖွင့်[၁]ကာ ဤဆောင်းပါးကိုဖတ်ရန် ကြိုတင်သတိပေးလိုပါသည်။

စိတ်မနှံ့ခြင်းနှင့် လူကောင်းပကတိဖြစ်ခြင်း ကြားတွင် အလွန်ကျဉ်းမြောင်းသည့် မျဉ်းမျှင်မျှင်လေးသာ ရှိပေ၏ဟု ယခုခေတ်စိတ်ပညာ ပါရဂူများက ပြောကြ၏။

ဗုဒ္ဓဘာသာတစ်ဦးအနေနှင့် ယင်းအဆိုကို နှစ်နှစ်ခြိုက်ခြိုက်လက်ခံနိုင်မည်မဟုတ်ချေ။

ပေါထုဇ္ဇနော ဥမ္မတ္တကော ဟု သဗ္ဗညုတ ဘုရားရှင်ဟောကြားထားသည်မဟုတ်လော။ အထက်တန်းအရိယာကြီးများ အနေနှင့်ပုထုဇဉ်များ လုပ်ကိုင်လှုပ်ရှားနေကြသည်များမှာ အရှုးမျှာသဖွယ်သာ

---

၁။ with an open mind

မြင်ကြမည်ဖြစ်၏။

ဘာမှမသိနားမလည်သည့် ကလေးများအရုပ်လုနေကြသလို၊ အိုးပုတ်လုနေကြသလို မြင်ကြပေမည်။ ခုငိုလိုက်၊ ခုရယ်လိုက် အရှူးနှင့် ဘာခြားနားသေးသနည်း။

ထိုကြောင့်ခေတ်သစ်စိတ်ပညာ ပါရဂူများ အဆိုကိုပြင်မှဖြစ်လိမ့်မည်။ ပုထုဇဉ်မှာ အနေနှင့် စိတ်မနှံ့သူနှင့် မူမှန်သူဆိုသူမှာ အမျိုးအစားခြားနားခြင်းမဟုတ်၊ (တစ်မျိုးတစ်စားတည်းတွင်) အနုအရင့်သာ ကွာခြားခြင်းသာဖြစ်သည်[၁] ဟု တင်ပြလိုပါသည်။

တစ်နည်း-ပုထုဇဉ် မှန်သမျှ အရူးချည်းသာဖြစ်သည်။ အနုအရင့်သာကွာခြားမည်။ ယဉ်ယဉ်လေးရူးခြင်းနှင့် သွက်သွက်လည်အောင်ရူးခြင်းသာ ကွာခြားခြင်းဖြစ်သညဟုလို။

ဤခြားနားချက်ကို သဘောပေါက်လျှင် ခေါင်းမာသူနှင့် ဇွဲနပဲနှင့် အနိုင်မခံအရှုံးမပေး လုပ်ဆောင်တတ်ခြင်း အကြားတွင် မျဉ်းကြောင်းမျှင်မျှင်လေးသာ ရှိသည်ကို အလွယ်ပင်တွေ့ရလိမ့်မည်။

တစ်နည်းပြောရလျှင် ခေါင်းမာသူတစ်ဦးကို ရည်ရွယ်ချက်ကောင်းနှင့်သာ ဦးတည်ပေးလိုက်လျှင် တကယ့်လူ့အဖိုးတန် ဖြစ်လာမည် မလွဲဧကန်ဖြစ်ပေသည်။

အသက်သယ်လှေ၊ အသက်ကယ်ဘော၊ ဘာမှမပါသည့် သင်္ဘော ပင်လယ်သမုဒ္ဒရာတွင် နစ်ပြီးဆိုကြပါစို့။ အနီးအနားတွင် ကယ်တင်မည့် အခြားသင်္ဘောမရှိလျှင် သင်္ဘောတွင် ပါသူအားလုံး သေဖို့ရန်သာရှိ၏။ ဘယ်လိုထွက်ထွက်၊ အနေးနှင့်အမြန် သေတော့မည်မှာ မုချဖြစ်၏။

သေတော့မည့်အတူတူ ရတနာသုံးပါးနှလုံးသွင်းပြီး နေချင်နေ၊ ဝိပဿနာသမားအဖို့ ဖြစ်ပျက်ရှုမှတ်ချင်ရှုမှတ်။ သည်လမ်းစဉ်သာ လိုက်ရန် ရှိတော့သညမဟုတ်လော။

မိမိကိုယ်ကို ဆီ၊ ထောပတ်သုတ်၍ ငါးမန်းများ လွတ်ရာကို ခုန်ကူးပြီး ပင်လယ်ကိုလက်ပစ်ကူးရန် ကြံခြင်းမှာ ခေါင်းမာမိုက်မဲ

---

၁။ A difference in degree, not in kind

ခြင်းလော၊ အနိုင်မခံ အရှုံးမပေး စိတ်လော။

ဇနက္ကမင်းသားကို မဏိမေခလာ ကယ်သင်ခဲ့သည်ကို စာဖတ်သူတို့ သိပြီးဖြစ်ပါသည်။

ဇာတ်ကြီး ဆယ်ဘွဲ့ဝင်ကမ္ဗည်းထိုးပြီး ဇာတ်တော်ဖြစ်၍ဇနက္က၏ ဖွဲ့သတ္တိကို လူတိုင်းချီးကျူးရသော်လည်း ကယ်တင်သူမတွေ့ပဲ ပင်လယ် လက်ပစ်ကူးရင်း အသက်သေဆုံးကြရသူ အများအပြား ရှိပေမည်။ ထိုသူများကို ဘယ်လိုသက်မှတ်မည်နည်း။

ခေါင်းမာသူများလော၊ ဖွဲ့နပဲကြီးသူများလော၊ မိုက်မဲသူများလော။

အလွန်စဉ်းစားရခက်သည့်ပြဿနာဖြစ်ကြောင်း တွေ့ရပါမည်။

ဒေဝဒတ်အလောင်းသည် ဘဝတစ်ခုတွင် ကျောင်းသားအနေနှင့် ဆရာတစ်ဦးထံပညာဆည်းပူးလျှက်ရှိ၏။

တစ်ညတွင်ဆရာအိပ်ပျော်နေစဉ် သူ့ခုတင်ညောင်စောင်း ခြေတစ်ဖက်ကျိုးသွားရာ ဆရာအိပ်ရာမှနိုးသွားမည်စိုး၍ ဒေဝဒတ်အလောင်းသည် တစ်ညလုံးခုတင်ကျိုးသည်နေရာတွင် ဒူးထောက်၍ ခံထားခဲ့၏။ မိုးစင်စင်လင်းသည်အထိ ခုတင်ကို ဒူးထောက်ခံထားခဲ့ဖူးလေသည်။

ဒေဝဒတ်ဘဝတွင်လည်း သူ့သတ္တိကို အလွယ်ပင် တွေ့နိုင်ပါသည်။ သမထအားထုတ်၍ အဘိညာဉ်တန်ခိုးများရပြီး သတ္တဝါအမျိုးမျိုး ပုံသဏ္ဍာန် ဖန်ဆင်းနိုင်သည်အထိ ဒေဝဒတ် အောင်မြင်ခဲ့ဖူး၏။

မှားယွင်းသောရည်မှန်းချက်များကြောင့် သူလုပ်သမျှကိုင်သမျှမှာ ခေါင်းမာသည်။ ဇွတ်တရွတ်နိုင်သည် အပြောခံခဲ့ရခြင်းဖြစ်လေသည်။

ကျွန်တော်တို့ခေတ် ဥပမာတစ်ခု ကြည့်ကြပါစို့။

၁၉၄၀ ခုနှစ်. . .

ဥရောပနိုင်ငံကြီး တစ်ခုကို နာဇီစစ်ဘီးလူးတို့က သိမ်းပိုက်ဝါးမြိုလိုက်ပြီးဖြစ်၏။ မိမိနိုင်ငံ နိုင်ငံရေး ခေါင်းဆောင်များ အမြင်ကျဉ်းမြောင်းမှု၊ မိုက်မဲမှု၊ အာဏာငမ်းငမ်းတက်မှုများကြောင့် တိုင်းပြည်

စက်ယန္တရားမှာ သုံးမရလောက်အောင် ပျော့ညံ့နေပြီး အဘက်ဘက်မှ သာလွန်ကောင်းမွန်နေသည့် နာဇီစစ်ယန္တရားအောက် တိုင်းပြည် ပြားပြားဝပ်နေပြီး။

တိုင်းပြည်ခေါင်းဆောင်များက အညံ့ခံလိုက်ကြပြီး။ အများက လေးစားနေသည့် စစ်ခေါင်းဆောင်ကြီးဖြစ်သူ စစ်သူကြီးအဆင့် ပုဂ္ဂိုလ်ကြီးကပါ ရန်သူကိုဒူးထောက် အညံ့ခံလိုက်ကြပြီး။

မိမိရာထူးကငယ်သေးသည်။ အတွေ့အကြုံကမရှိသေး။ နောက်လိုက်ငယ်သား ပြောပလောက်အောင် မရှိပဲ ဥရောပတခွင်ကို ပြားပြားဝပ်အောင်လုပ်ဆောင်ထားနိုင်ပြီးဖြစ်သော နာဇီစစ်ယန္တရားကြီး ကို အန်တုဖက်ပြိုင်ရန်ကြံသူ ဗိုလ်မှူးချုပ်လေးတစ်ဦးကို ရူးသူ၊မိုက်သူ၊ ဇွတ်တရွတ်နိုင်သူ ၊ ခေါင်းမာသူဟု လူတိုင်းကပြောခဲ့ကြ၏။

သို့သော် မိမိရည်မှန်းချက်က ခိုင်မာမွန်မြတ်လှပြီး လုပ်နည်း လုပ်ဟန် မှန်ကန်မှုကြောင့် ဗိုလ်မှူးချုပ်ဒီဂေါလ်သည် ခေတ်သစ် ပြင်သစ် နိုင်ငံကြီးကို ပြန်လည်စည်းရုံးနိုင်ခဲ့ပြီး ဥရောပနှင့် ကမ္ဘာပေါ် မှာပင် ပြင်သစ်နိုင်ငံတော် မျက်နှာပန်းလှအောင် လုပ်ဆောင်နိုင်ခဲ့ပြီး ဖြစ်သည်ကို စာဖတ်သူတို့ မျက်မြင်ဖြစ်ပါသည်။

စာရေးသူတို့ ဗြိတိန် ဆဲင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ် တက်ရောက်ခဲ့စဉ်က ကျောင်းသားကြီးဘဝတွင် စစ်သူကြီးဆာဝီလီယံ စလင်း[၁] ရောက်၍ မိန့်ခွန်းပေးဖူးပါသည်။ စိတ်တန်ခိုး (Will Powe) ရှိရန် ခေါင်းဆောင်တစ်ဦးအတွက် အရေးကြီးကြောင်း၊ အထူးသဖြင့် စစ်ခေါင်းဆောင် တစ်ဦးအတွက် စိတ်တန်းခိုးမှာ မရှိမဖြစ် ရှိကိုရှိရမည့် အရည်အချင်းဖြစ်ကြောင်း၊ ယင်းရရှိလာအောင် ၊ တိုးတက်ရှင်သန် လာအောင်၊ ဇွတ်တရွတ် ခေါင်းမာမှု[၂]နှင့် အခြေအနေအရ လိုက်လျော ညီထွေး ပြောင်းလွယ်ပြင်လွယ် လုပ်ဆောင်တတ်မှု[၃]တိုကို မျှတပေး

---

၁။ Field Marshal Sir William Slim မြန်မာနိုင်ငံ စစ်မျက်နှာတွင် အမှတ် ၁၄ ဗြိတိသျှ တပ်မတော်ကို ဦးဆောင်ကာ ဂျပန်အား တိုက်ထုတ်ခဲ့သူ ။

၂။ thick - headed obstinacy

၃။ flexibility of mind

ခြင်း၊ ချိန်ခွင်လျှာ ဟန်ချက်ညီအောင် သမပေးခြင်း[၁]ဖြင့် စိတ်တန်းခိုး ရရှိလာမည်ဖြစ်ကြောင်း စလင်းက မိန့်ခွန်းပေးသွားဖူးပါသည်။

ဆိုလိုသည်မှာ မည်သည့်အခါတွင်မူအရ မိမိရပ်တည်ချက်ကို ခေါင်းမာမာ သဲကြီးမဲကြီးဆုပ်ကိုင်ထား၍၊ အခြေအနေအရ မည်သည့် အခါတွင် ပြောင်းလွယ်ပြင်လွယ် ဖြစ်ရမည်ကိုသိရှိရမည်၊ လုပ်ဆောင် သွားနိုင်မည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ထို့ကြောင့်စလင်းအယူအဆအရ ခေါင်းမာခြင်းမှာ ပျော့ကွက် တစ်ခု၊ မကောင်းသည့် အရည်အချင်းတစ်ရပ်မဟုတ်ကြောင်း၊ ယင်းကို ပြောင်းလွယ်ပြင်လွယ် ဖြစ်မှုနှင့် ချိန်ထိုးအသုံးချသွားလျှင် စိတ်တန်ခိုး တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း စစ်သူကြီးစလင်းက ရှင်းပြ သွားခဲ့ဖူးပါသည်။

ထို့ကြောင့် ခေါင်းမာခြင်းကို သေချာစွာ နားလည်ရန် အလွန် အရေးကြီးပါသည်။ အလွန်ခေါင်းမာတဲ့လူ၊ အလွန်ခေါင်းမာတဲ့ အကောင်ဟု အပြောခံရလျှင် မရှက်ပါနှင့်။ သိမ်ငယ်မသွားပါနှင့်။ ယင်းကိုရည်ရွယ်ချက်ကောင်း၊ မွန်မြတ်သည့် ရည်မှန်ချက်များနှင့် ဦးတည်ပေးလိုက်ပြီး (စစ်သူကြီးစလင်း ပြောသလို) ပြောင်းလွယ် ပြင်လွယ်မှုနှင့် သမပေးလိုက်လျှင် သင်သည် တကယ်ထူးချွန် လူမွန် တစ်ဦး ဖြစ်လာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

---

၁။ balance

ပုထုဇဉ်လူသားအဖို့ အသက်သေရမှာ မည်မျှ ကြောက်နေ
စေကာမူ မျိုးချစ်စိတ်က လှုံ့ဆော် ပေးသောအခါ သေရဲ
လာ၏။ အသက်စွန့်ရဲလာ၏။

# သတ္တိ

သတ္တိကို အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်၏။ ကာယသတ္တိနှင့် စိတ္တသတ္တိတို့ ဖြစ်လေသည်။

ကာယသတ္တိမှာ မိမိခန္ဓာကိုယ် နာကျင်သွားမှုထိခိုက်သွားမှာ၊ လမ်းဆုံးအနေနှင့် သေသွားမှာကို မကြောက်ပဲရင်ဆိုင်ရဲ သော သတ္တိဖြစ်လေသည်။

စိတ္တသတ္တိမှာ ပိုလေးနက်၍ မိမိအကျိုးစီးပွါးကို မည်မျှထိခိုက် သွားသွား၊ မှန်ရာကိုလုပ်ရဲသော၊ မှန်သည့်ဘက်က ရပ်တည်ရဲသော သတ္တိဖြစ်လေသည်။

ကာယသတ္တိ၏ အကောင်းဆုံးသာဓကမှာ တပင်ရွှေထီးသည် ရန်သူနယ်သို့ နားထွင်းမင်္ဂလာ သွားရောက်ပြုလုပ်ရန် ဒင်ဒင်မည် သတ္တိခဲများ ရွေးရာ၌ လက်သည်းထိပ်ကို အပ်နှင့်စိုက်ပြီး မတွန့်မဆုပ် သူများကို ရွေးချယ်သွားခြင်းမှာ တကယ့်အာဂ (ကာယ) သတ္တိ ဖြစ်လေသည်။

အနည်းငယ်တွန့်သွား၍ ရွေးချယ်ခြင်း မခံရသဖြင့်အရှက်ရပြီး မိမိဘာသာ ဝမ်းဗိုက်ကိုဓားနှင့်ခွဲ၍ အူကိုဆွဲထုတ်ကာ တစ်စကို သူတစ်ဦးအားကိုင်ထားစေပြီး အူတစ်ဆုံးပြေးသွား၍ လဲကျသေဆုံး သွားသော စစ်ဗိုလ်ကိုလည်း စာဖတ်သူတို့သတိရ နေကြပေမည်။

'ဒါ တစ်ကယ့်သတ္တိမဟုတ်၊ မိုက်ရူးရဲလုပ်ခြင်းဖြစ်သည်' ဟု ကဲ့ရဲ့ခြင်းပင်ခံခဲ့ရ၏။

စစ်မြေပြင်၌ ကာယသတ္တိအလွန်ကောင်းသူများသည်တစ်ခါ တစ်ရံ အကျင့်စာရိတ္တ ပျက်ပြားသွား၍ စိတ္တသတ္တိအရာ၌ အလွန် ပျော့ညံ့သည်ကို စာရေးသူတွေ့ဖူးပါသည်။

ကယသတ္တိဆိုရာတွင် ဘာမဆိုမကြောက်မရွံ့ ရင်ဆိုင်ရဲသော သူ ရှာမှရှားပါလိမ့်မည်။ မလုပ်ချင်သည့်အလုပ်၊ မလုပ်ရဲသည့် အလုပ် ကို မလုပ်မဖြစ်၍ လုပ်ရခြင်း၊ ဤကဲ့သို့ လုပ်ဆောင်ရဲအောင် မူလ ကြောက်စိတ်ကို ရဲဆေးတင်ပေးသည့် အချက်များစွာရှိလေသည်။

မျိုးချစ်စိတ်. . .

ယင်းမှာရဲဆေးတင်ပေးရာ၌ အကောင်းဆုံးအားဆေး တစ်ခွက် ပင်။

မိမိအသက်ကို မည်သူမျှအလဟဿ မစွန့်လို။ သေရမှာ မကြောက်သူ လေးဦးသာရှိ၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် ဆင်၊ မြင်း၊ နွားလားဉဿဘ အာဇာနည်တို့တည်း။

ပုထုဇဉ်လူသားအဖို့ အသက်သေရမှာ မည်မျှကြောက်နေစေ ကာမူ မျိုးချစ်စိတ်က လှုံဆော်ပေးသောအခါ သေရဲလာ၏။ အသက်စွန့်ရဲလာ၏။

ထို့ကြောင့်ကာယသတ္တိမှာ ပြုပြင်ပေး၍ ရနိုင်သော အရာဖြစ် လေသည်။ ယင်းနှင့်ပတ်သက်၍စစ်မြေပြင်၌ အကြိမ်ကြိမ်အသက်ကို ဖက်ရွက်ပမာ ထား၍ စွန့်စားခဲ့သော နပိုလီယံ၏ စစ်သူကြီးဒဗိုး[၁] ပြောခဲ့သည့် စကားမှာအလွန်မှတ်သားလောက်ပါသည်။

တစ်ကြိမ်က ရဲဘောသစ်တစ်ဦး စစ်မြေပြင်တွင် သူရဲဘော ကြောင်နေ၍ ဗိုလ်မှူးကြီးတစ်ဦးက အသက်သေရာမှာ ဒါလောက် ကြောက် နေရသလားဟု မပြီးနိုင်မစီးနိုင် ပြစ်တင်ကြိမ်းမောင်းနေရာ စစ်သူကြီးဒဗိုးက ကြားဝင်၍. . .

'ဘယ်သူလဲကွ အသက်သေရာမှာ မကြောက်ဘူး ပြောနေတာ၊ အသက်သေရာမှာမကြောက်တဲ့ ခွေးမသား ဒီလာခဲ့စမ်း' ဟု ဗိုလ်မှူးကြီး

---

၁။ Marshal Davout

အား စစ်သူကြီးဒပိုက သင်ခန်းစာပေးခဲ့ဖူး၏။

ဆိုလိုသည်မှာ လူတိုင်းသေရမှာကြောက်သည်ပင်။ သို့သော် သေရမှာ ကြောက်စိတ်ထက် ကြီးမြတ်သော်အကြောင်းအရာများကို ဖော်ထုတ်ပေးနိုင်လျှင် ယင်းတို့ကြောင့် မိမိအသက်ကို စွန့်၍ တိုက်ရဲခိုက်ရဲသူများ ပေါ်ထွက်လာမည်။

ဤကဲ့သို့ ငယ်သားများကို ရဲဆေးတင်ပေးရန်မှာ ခေါင်းဆောင် အလုပ်ဖြစ်၏။ ကြောက်နေသူကို ကြိမ်းမောင်းနေရုံနှင့်မပြီး။ ကြောက်စိတ်ကို လွှမ်းနိုင်သော၊ ကြောက်စိတ်ကို တဒင်္ဂဘေးချိတ် ထားနိုင်သော ရည်မှန်းချက်ကြီးများ၊ အကြောင်းကြီးများကို ခေါင်းဆောင်က ဖော်ထုတ်ပေးရန် အရေးကြီးပေသည်။

ထို့ကြောင့် ကာယသတ္တိမှာ မွေးယူ၍ရသော အရာဖြစ်၏။ စာရေးသူကိုယ်တွေ့ကို တင်ပြပါမည်။

စာရေးသူတွင်ကာယသတ္တိအလွန်ညံ့၍ မိမိကိုယ်ကို မနည်းပြင်ယူရ၏။ ဥပမာ-ဒိန်းကနဲသေနတ်သံကြားလျှင် စာရေးသူရင်ထဲ၌ ဒိတ်ကနဲဖြစ်သွားတတ်၏။ ထို့ကြောင့် စစ်ထဲဝင်ပြီး သေနတ်သံကြောက်စိတ်ကို ပြုပြင်သည့်အနေနှင့်အမြောက်တပ်သို့ဝင်ရောက်ခဲ့ခြင်းဖြစ်လေသည်။ ရိုင်ဖယ်သံထက် အဆ ၁၀၀ မက (၁၉၅၀ ပြည့်နှစ်များက အမြောက်တပ်တွင် ၂၅ ပေါင်ဒါ အမြောက်များသုံးရ၏။) ကျယ်လောင်သော အမြောက်သံများ ကြားနေကျဖြစ်သွားရာ သေနတ်သံကို မဖြုံတော့ချေ။ စစ်တပ်မှ အနားယူရာမူ စာရေးသူနားလေးကျန်ခဲ့ပါသည်။

အမြင့်တက်ရာမှာ စာရေးသူကြောက်၏။ သို့သော် တစ်ကယ်လုပ်ကြစတမ်းဆိုလျှင်တော့ လုပ်ရဲပါသည်။

မှတ်မိပါသေးသည်။တောင်တွင်းကြီးမြို့ ရွှေအိုးရပ်တွင်(၁၉၄၈ ခုနှစ်ထဲတွင် ထင်ပါသည်) အိမ်တစ်အိမ်မီးစွဲလောင်ရာ၌ စာရေးသူသည် အိမ်ခေါင်မိုးပေါ်အထိ တက်၍ မီးသတ်ဖူး၏။ မီးငြိမ်းသွားပြီး အောက်ပြန်ဆင်းသည့်အခါ ဒူးတုန်နေ၍ မနည်းမိမိဘာသာ ထိန်းပြီး ဆင်းယူရလေသည်။

ထို့ကြောင့် အမြင့်ကြောက်စိတ်ကို ကိုယ်ကနိုင်သွားစေရန်

လေထီးတပ်များ စတင်ဖွင့်လှစ်ရန် ဗော်လံတီးယားများ ခေါ်ယူရာ (၁၉၅၆ ခုနှစ်ဟုထင်ပါသည်) စာရေးသူနှင့် ဗိုလ်ကြီးမောင်မောင် (ဖောင်ကြီး သင်တန်းကျောင်းအုပ်ကြီး၊ အငြိမ်းစား ဒုဗိုလ်မှူးကြီး မောင်မောင်) တို့ တိုင်ပင်ပြီး လေထီးတပ်တွင် အမှုထမ်းရန် လျှောက်ထားခဲ့ဖူးကြလေသည်။

နှစ်ယောက်စလုံး စစ်တက္ကသိုလ်တွင် အမှုထမ်းဆောင်စဉ်က ဖြစ်၏။ ကျောင်းအုပ်ကြီးမှာ ဗိုလ်မှူးကြီးကျော်စိုး ဖြစ်၍ ကျွန်တော်တို့ လျှောက်လွှာ နှစ်စောင်စလုံးကို အထက်သို့ဆက်ပေးပို့ခဲ့ခြင်းမရှိချေ။ ဆေးထိုး၍ အသားနာမှ စာရေးသူကြောက်၏။ ပင်နီဆလင်ထိုး ရသောအခါ ဆေးခန်းရဲဘောများက ပထမအစမ်းထိုးကြည့်ပြီး ဆေးနှင့်တည့်မှ လူနာကိုပင်နီဆလင်ဆေး ထိုးပေးမြဖြစ်၏။

စာရေးသူကတော့ 'ဟေ့. . . ငါပင်နီဆလင်ထိုးနေကျပါ၊ စမ်းမနေနဲ့၊ တစ်ခါတည်းထိုးလိုက်' ဟု အမြဲပြောပြီး ဘယ်တော့မှ အစမ်းဆေးထိုးခြင်းမပြုခဲ့ချေ။

သို့သော် စိတ္တသတ္တိအရာတွင် တစ်ကြိမ်မက မိမိနောင်ရေး ဘာကြီးဖြစ်သွားသွား၊ ကိုယ်မှန်သည်ထင်သည်ကို စာရေးသူလုပ်ခဲ့သည်သာဖြစ်ပါသည်။

ပထမဆုံးစာရေးသူကြုံရသည်မှာ ဗြိတိန်ဘုရင့်စစ်တက္ကသိုလ် ဗိုလ်လောင်းဘဝတွင်ဖြစ်လေသည်။

ကျောင်းသားငယ်တိုင်းကို ကိုယ်လက်ကြံ့ခိုင်အောင် လေ့ကျင့်ပေး၍ နောက်ဆုံတွင် စစ်တက္ကသိုလ်တစ်ခုလုံး ကြည့်ရှုအားပေးသော လက်ဝှေ့ပွဲတွင် ကြိုးဝိုင်းစင်မြင့်ပေါ်တက်၍ သုံးချီလက်ဝှေ့ တက်ရောက် ထိုးကြရ၏။

စစ်တက္ကသိုလ်က စာရေးသူနှင့် ကိုကြည်အေး(ယခုကိုအေးကို)ကို လက်ဝှေ့ထိုးရန်တွဲပေး၏။

နှစ်ယောက်စလုံးက အချင်းချင်းလက်ဝှေ့ထိုးရန် ငြင်းဆန်ခဲ့ကြလေသည်။ နောင်တွင် ကိုကြည်အေး ကြံ့ခိုင်ရေး ပြုလုပ်စဉ် ဒူးနာသွား၍ လက်ဝှေ့မထိုးရတော့ချေ။ ထိုအခါတွင် ကျွန်တော့် တပ်စုမှူးက ကျွန်တော့်ကို သူ့ရုံးခန်းတွင်ခေါ်၍ -

'ယခုကြည်အေး ဒူးနာလို့ လက်ဝှေ့မထိုးရတော့ဘူး၊ တကယ်လို့ သူဒူးမနာဘူးဆိုရင် မင်း သူနဲ့ လက်ဝှေ့ထိုးမလား' ဟုမေး၏။

ကျွန်တော်က မထိုးနိုင်ကြောင်း၊ စစ်တက္ကသိုလ်တစ်ခုလုံးတွင် ကျောင်းသားငယ်ဗိုလ်လောင်း ၃၀၀ ကျော်ရှိသည့်အနက် မြန်မာ အချင်းချင်း ထိုးသတ်ခိုင်းခြင်းမှာ မကောင်းကြောင်း၊ အခြားမည်သည့် ဗိုလ်လောင်းနှင့်မဆို ကျွန်တော် ထိုးသတ်မည်ဖြစ်ကြောင်း တပ်စုမှူး အား ပြန်ရှင်းပြခဲ့ပါသည်။

ဆင်းဟတ်စ်မှာ စစ်စည်းကမ်းကြီးသည့်နေရာတွင် ကမ္ဘာကျော် ဖြစ်၏။ အမိန့်မနာခံမှုနှင့် ကျွန်တော့်ကို သူတို့ ကြိုက်သလို အရေးယူ နိုင်၏။ နောက်ဆုံး မိမိတပ်ရင်းပြန်ပို့ခြင်း[၁] အထိ အရေးယူနိုင်လေ သည်။ သို့သော် မိမိမှန်းသည်ထင်သည်ကို အလျှော့မပေးဘဲ ဇွတ်မှိတ် ၍ ရပ်တည်ခဲ့ဖူးပါသည်။ ကံအားလျော်စွာ မည်သို့မျှ အရေးယူခြင်း မခံခဲ့ရပါ။ ။

---

၁။ Return to Unit (RTU)

အကြံဉာဏ်ဆိုသည်မှာ ဗလာမှလာသည်မဟုတ်၊ လဟာ
ပြင်မှ လာသည်မဟုတ်။ အချက်အလက်များ၊ သူများ
အတွေ့အကြုံများ၊ သမိုင်းသင်ခန်းစာများမှ ရရှိခြင်း ဖြစ်
လေသည်။ အချက်အလက်များ၊ သူများ အတွေ့အကြုံ
များကို စာဖတ်ခြင်းမှသာ အများဆုံးရနိုင်၏။

# စာဖတ်ခြင်း နှင့် ကိုယ်တွေ့အကျိုး

စာဖတ်ခြင်း အကျိုးကျေးဇူးကို ဆရာ့ဆရာကြီးများ ရေးဖူးလှပြီ။

ဆရာကြီးပီမိုးနင်း၊ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်နတ်ရှင် ဆရာကြီးဇေယျ၊ ဆရာကြီးတက်တိုး စသူများ. . . ။

စာများများဖတ်ဖို့ အရေးကြီးပုံ၊ စာဖတ်ခြင်းအကျိုးကျေးဇူး၊ အထူးသဖြင့် စာရေးဆရာ ဖြစ်လိုသူများအတွက် စာဖတ်ခြင်းမှာ မလုပ်မဖြစ်လုပ်ငန်း စသည်စသည်ဖြင့်. . . ။

စာဖတ်ခြင်းမှာ စာရေးလိုသူများ၊ စာရေးဆရာဖြစ်လိုသူများ အတွက်သာမဟုတ်၊ လောကတွင် ကြီးပွားတိုးတက်လိုသူ မှန်လျှင် စာဖတ် ရမည်။ တွေးရမည်။ အကြံဉာဏ်ထုတ်ရမည်။ အကြံကောင်း ဉာဏ်ကောင်း ရသလို လက်တွေ့လည်း အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရမည်။

အကြံဉာဏ်ဆိုသည်မှာ ဗလာမှလာသည်မဟုတ်၊ လဟာပြင်မှ လာသည်မဟုတ်။ အချက်အလက်များ၊ သူများအတွေ့အကြုံများ၊ သမိုင်း သင်ခန်းစာများမှ ရရှိခြင်းဖြစ်လေသည်။ အချက်အလက်များ၊ သူများအတွေ့အကြုံများကို စာဖတ်ခြင်းမှသာ အများဆုံးရနိုင်၏။

စစ်ခေါင်းဆောင်ဖြစ်လိုသူများအတွက် စစ်ဘုရင်နပိုလီယံက ဤသို့ ပြောခဲ့ဖူး၏။

'အယ်လီဇင်းဒါး၊ဟန္နီဘော၊ စီဇာ၊ ဂတ်စ်တေဘတ်စ်၊ တြူးရိန်း၊ ယူဂျိုင်းနဲ့ ဖရက်ဒရစ်တို့တိုက်ပွဲစဉ်တွေကို စံထားပါ။ ဒါဟာ စစ်ဝိဇ္ဇာ ပညာ လျှို့ဝှက်ချက်တွေ သိဖို့နဲ့ စစ်ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်လာဖို့ တစ်ခုတည်းသောနည်းလမ်းပဲ'[၁]

တစ်ခုတည်းသောနည်းလမ်းဟု တစ်ခေတ်မှတစ်ယောက်၊ ရစု တစ်ခုမှ တစ်ယောက်ပေါ်ထွန်းခဲ့သည့် စစ်ခေါင်းဆောင်ကြီးက ဖော်ထုတ်ရေးသားခဲ့ပါသည်။

ကျွန်တော်ကိုယ်တွေ့ ကိုတင်ပြပါရစေ။

ကျွန်တော်အနေနှင့် ၁၆-နှစ်သားတွင် မြန်မာ့တပ်မတော်တွင် ဝင်ရောက်အမှုထမ်းဆောင်ခဲ့ပြီး နယ်ဘက်တွင်လည်း အလုပ်သမား ဝန်ကြီးဌာနတွင် အထူးအရာရှိအဖြစ် လည်းကောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနတွင် အထူးအရာရှိနှင့် သတင်းစာသင်တန်း ကျောင်းအုပ် ကြီးအဖြစ် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နိုင်ငံရေး ဌာနကြီးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဌာနကြီး နှစ်ခုစလုံးကို ပူးတွဲ၍ ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း ပေးအပ်သမျှတာဝန် များကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ခဲ့ခြင်းမှာ အဓိကအားဖြင့် စာများများဖတ်ခြင်းကြောင့်ဟု တင်ပြလိုပါသည်။

ယခုစာဖတ်၍ လူမှုရေးတွင် လည်းကောင်း၊ ကိုယ်ရေးကိုယ်တာ ကိစ္စများတွင်လည်းကောင်း၊ အကျိုးရှိပုံကို စာရေးသူကိုယ်တွေ့မှ သာဓကအချို့ကိုတင်ပြပါဦးမည်။

စာရေးသူ ဂျီအာနိုင်ငံ မြန်မာသံရုံးတွင် ယာယီသံရုံးတာဝန်ခံ အဖြစ် တာဝန်ထမ်းဆောင်စဉ်က ဖြစ်လေသည်။

---

၁။ Maxim 78

Read and reread the campaigns of Alexander, Hannibal, Caesar, Turenne, Eugene and Frederick. Model yourself upon them. This is the only way to become agrerat captain and to discover the secrets of the art of war. Your genius, enlightened by this study,will reject the maxims opposed to those great-men.

သံတမန်များထုံးတမ်းစဉ်လာအရ နောက်ရောက်သည့် သံအမတ်၊ သံရုံးတာဝန်ခံများ မိမိအလျင်ရောက်နှင့်သော သံအမတ်၊ သံရုံးတာဝန်ခံများအား ဝါစဉ်အရသွားရောက်တွေ့ဆုံရ၏။

မိမိတွေ့ဆုံခဲ့သည့် သူများကလည်း အပြန်အလှန်သဘောအားဖြင့် မိမိအားမိမိသံရုံးတွင် လာရောက်တွေ့ဆုံကြပါသည်။

ဤသည်မှာ မလုပ်မဖြစ် သံတမန်လုပ်ရိုးလုပ်စဉ်ဖြစ်၏။

တွေ့ဆုံကြသည့်အခါ ယမကာ၊ အချိုရည်၊ အမြည်စသည်ဖြင့် ဧည့်ဝတ်ပြု၍ အာလာပသလ္လာပ နှစ်နိုင်ငံဆက်ဆံရေး၊ မိမိအိမ်ရှင်နိုင်ငံ (ဂျီဒီအာ)နိုင်ငံ အကြောင်း သံတမန်သိသင့် သိထိုက်သည်များကို ပြောကြဆိုကြ၏။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုရအောင် ပြုလုပ်ကြရသည့် အလွန်ကောင်းသော သံတမန် အစဉ်အလာတစ်ရပ်ဖြစ်လေသည်။

ခေတ်သစ်နိုင်ငံကြီးတစ်ခုတွင် အခြားနိုင်ငံများမှ လာရောက်ဖွင့်လှစ်ထားသည့် သံရုံးများ ၁၀၀ ကျော် ရှိမြဲဖြစ်ရာ သံတမန်အသစ်က သံရုံးအစေ့သွားရောက် တွေ့ဆုံခြင်း၊ မိမိအား သံအမတ်ကြီးများက အပြန်အလှန်လာရောက်တွေ့ဆုံခြင်းကပင် ခြောက်လကျော်ခန့်ကြာပေ၏။

ခြောက်လလုံးလုံး သည်အလုပ်ကိုသာ လုပ်နေရသည်ဟု မဆိုလိုပါ။ သို့သော်ရောက်စ သံအမတ်တွက် ယင်းလုပ်ငန်းမှာ မလုပ်မဖြစ်အဓိကလုပ်ငန်းဖြစ်ပေ၏။

သံတမန်အသစ်သည် ကြားထဲအချိန်ရသလို အခြားလုပ်ငန်းများပါ လုပ်ဆောင်ရလေသည်။ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ပြောဆိုခြင်းမှာ သာမန်အားဖြင့် ၁၀ မိနစ်၊ ၁၅ မိနစ်သာကြာပါသည်။

ကျွန်တော်ဂျီဒီအာနိုင်ငံ ဘာလင်မြို့တော် ရောက်သွားစဉ် (၁၉၇၄-၇၅) က အမေရိကန် သံအမတ်ကြီးမှာ အသက် ၇၀ နီးပါးရှိပြီး ဖြစ်၍ သမ္မတ ရူးစဗဲ့ လက်ထက်မှစပြီး သမ္မတ ထရူးမင်း၊ အိုက်ဆင်ဟောင်ဝါး၊ ကက်နက်ဒီ၊ ဂျွန်ဆင်၊နစ်ဆင်၊ သမ္မတအားလုံးကိုတွေ့ဖူးသူ ဖြစ်လေသည်။ တကယ်ဝါရင့် သံတမန်ကြီးဖြစ်၏။

ကျွန်တော်ကသူ့ကို သွားရောက်ဂါရဝပြု တွေ့ဆုံရင်း စာ

အကြောင်း၊ ပေအကြောင်း ပြောကြဆိုကြရာ သူပြောသမျှ အမေ ရိကန် သမ္မတများအကြောင်း စာအုပ်အတော်များများ[၁]မှာ ကျွန်တော် ဖတ်ဖူးပြီးသားဖြစ်၏။

သမ္မတများသာမက အမေရိကန်သံတမန်ကြီးများ ဖြစ်သည့် ချားစ်ဘိုလန်၊ ဂျော့ကင်နန်၊ အာခီဆင်၊ ဂါဘရိတ် စာအုပ်များ[၂]မှာ လည်း နှစ်ဦးစလုံးဖတ်ဖူးကြရာ စာအကြောင်း ပေအကြောင်း ဆွေးနွေးကြရင်း တစ်နာရီနှင့် ၁၅မိနစ် ကြာသွားလေသည်။ ဂါရဝပြု တွေ့ဆုံခြင်း ဤမျှကြာသွား၍ အမေရိကန်သံရုံးမှ လူအားလုံးအံ့ဩ နေကြ၏။

ကျွန်တော်တို့မိသားစု ဂျီဒီအာနိုင်ငံတွင် နေစဉ်တလျှောက်လုံး အမေရိကန်သံအမတ် မိသားစုမှာ ကျွန်တော်တို့မိသားစုနှင့် အရင်းနှီး ဆုံး မိတ်ဆွေများ ဖြစ်သွားကြလေသည်။

အမေရိကန်သံအမတ်ကြီးက အပြန်အလှန်သဘောအရ သူကိုယ်တိုင် ကျွန်တော့်အား မြန်မာသံရုံးတွင် လာတွေ့ဆုံသည့် အပြင် သူ့အမေရိကန်သံရုံးမှ နံပါတ်နှစ်[၃] ဖြစ်သူကို ကျွန်တော်အား လာရောက် တွေ့ဆုံစေပါသည်။

စာရေးသူအငြိမ်းစားယူပြီး ဆောက်ဆဲအိမ်တစ်လုံး ဝယ်ယူပြင် ဆင်နေရာ အိမ်ဆောက်ပစ္စည်း ပေးနိုင်သည့် အာဏာရှိသော အရာရှိ

---

၁။ ဥပမာ-Nixon's Six Crises, Churchill, Roosevelt, Stalin (By Herbert Feis), Kennedy's Profiles in Courage, Truman (Biography), Eisenhomer's Crusade in Europe.

၂။ Witness to History by Charles Bohken, Present at the Creations by Dean Acheson. Memoirs by George F Kennan, An Ambasssdor's Journal by Kenneth Galbraith.

၃။ Counsellor- ပထမအတွင်းဝန်ထက် ရာထူးကြီးပြီး ယင်းသည်သံအမတ် ပြီးလျှင် သံရုံးတွင် ရာထူးအကြီးဆုံးသူဖြစ်၏။ Return Call အဖြစ် သံအမတ်ကြီးကကျွန်တော့်အား တွေ့ဆုံပြီးလျှင် ဝတ္တရားကျေပြီးဖြစ်၍ Counsellor ကို ကျွန်တောထံစေလွှတ်ရန် မလိုပါ။ ထုံးတမ်းလည်းမရှိပါ။ တမင်လူချင်းရင်းနှီးစေရန် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ကြီးတစ်ဦးနှင့် ကျွန်တော်သွားရောက်တွေ့ဆုံပါသည်။

ယင်းပုဂ္ဂိုလ်ကြီးမှာလည်း စာသမားတစ်ဦးပင်ဖြစ်၍ ဟန်ကြီးပန်ကြီးမနေပဲ အလွန်ဖြောင့်မှန်သည် နာမည်ရပြီးဖြစ်၍ သွားရောက်တွေ့ဆုံခဲ့ခြင်းဖြစ်၏။

စကားပြောကြရင်း စာအကြောင်းပေအကြောင်း ရောက်သွားရာ ချာချီစာအုပ်များ၊ ချာချီအကြောင်းစာအုပ်များ ပြန်ဖတ်နေကြောင်း သူကပြောပြ၏။ ကျွန်တော်ကကျွန်တော့်တွင်ရှိသော ချာချီစာအုပ်များအကြောင်း ပြောပြရာ စာအုပ်အတော်များများကို သူဖတ်ပြီးဖြစ်နေ၍ အချို့ကိုမူ သူမဖတ်ဖူးဘဲ အချို့ဆိုလျှင် သူလုံးဝမတွေ့ဖူးသည့် စာအုပ်များဖြစ်နေ၏။

ဥပမာ- ချာချီ၏လက်ထောက်များ၊ အတွင်းဝန်များ စုပေါင်းရေးသည့် စာအုပ်[၁]ဆိုလျှင် မြန်မာပြည်ကို လုံးဝရောက်မလာသည့် စာအုပ်ဖြစ်နေ၍ ပုဂ္ဂိုလ်ကြီးမတွေ့ဖူးသည်မှာလည်း မဆန်းပါ။ ယင်းစာအုပ် စာရေးသူ ရရှိလာခြင်းမှာ ဤသို့ဖြစ်၏။

စာရေးသူ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အမှုထမ်းဆောင်စဉ်ကတိုင်း၊ နယူးစ်ဝိခ်မဂ္ဂဇင်းများတွင် ယင်းစာအုပ်အကြောင်း (Review) ရေးထားသည်ကို ဖတ်ခဲ့ဖူး၏။ တစ်နေ့ ဧည့်ခံပွဲတစ်ခုတွင် ဗြိတျသျှ သံရုံး ပထမအတွင်းဝန်နှင့် စကားစပ်မိကြရာ ယင်းစာအုပ်အကြောင်း စာရေးသူက အတွင်းဝန်အားပြောပြမိ၏။

မကြာလိုက်ပါချေ။ အတွင်းဝန်ကိုယ်တိုင် စာရေးသူအား တွေ့ခွင့်တောင်း၍ နိုင်ငံခြားရေးရုံးတွင် လာရောက်တွေ့ဆုံပြီး ယင်းစာအုပ်ကို သူပါဖတ်ခြင်သောကြောင့် ဗြိတိန်မှ မှာယူလိုက်ကြောင်း၊ ကျွန်တော့်အတွက်ပါ အပိုစာအုပ်မှာယူ၍ ကျွန်တော့်အား စာအုပ်လက်ဆောင်လာပေးခြင်းဖြစ်ကြောင်း ပြောလေသည်။

အလင်းသင့်၍ ဖော်ပြရသော ဝင်စတန်းချာချီအသက် ၆၅နှစ်အရွယ် ဝန်ကြီးချုပ်ဖြစ်လာပြီး သူ့ထံတင်သည့် အမှုတွဲများအနက် ချက်ချင်းအရေးယူ ဆောင်ရွက်ဖွယ်တို့ကို ယနေ့လုပ်ဆောင်ရန်

---

၁။ Action This Day

(Action This Day) စာရွက်လေးကပ်ပြီး သူ့လက်ထောက်များထံ ပြန်ချပေးခဲ့၏။

ယနေ့လုပ်ဆောင်ရန် စာရွက်ကတ်များ ကို ပုံနှိပ်ထားဖြီအရေး ကြီးသည့် ကိစ္စတိုင်းကို ယင်းစာရွက်များ ကပ်၍ အောက်သို့ပြန်ချ ပေးသည်ကို အစွဲပြု၍ စာအုပ်အမည်ကို (Action This Day) ဟု ပေးထားခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်ဆောက်ပစ္စည်း ရောင်းချခွင့်ပေးနိုင်သူ အရာရှိကြီးအား ကျွန်တော်က (Action This Day) စာအုပ် အပါအဝင် ချာချီစာအုပ် ၄အုပ်[၁] ပေးဖတ်နိုင်ခဲ့ပါသည်။

ကျွန်တော်လိုအပ်သည့် ပစ္စည်းများကိုလည်း ယင်းပုဂ္ဂိုလ်ကြီး က သူပေးနိုင်သမျှ လျှော့လျှော့လျူလျူပင် ရောင်းချခွင့်ပြုခဲ့ပါသည်။

ကျွန်တော်ဘာရာထူးဘာအာဏာမှမရှိစဉ် စာဖတ်ခြင်းကြောင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများ ဖြစ်ပါကြောင်း တင်ပြလိုက်ရ ပါသည်။ ။

---

၁။ Valiant Years, Palladin, The Young Winston Churchill (နောက်ဆုံးစာအုပ် မူရင်းရှာမတွေ့တော့၍ စာရေးသူဘာသာပြန် ဝင်စတန် ချာချီ လူငယ်ဘဝစာအုပ်ကို ပေးခဲ့၏။)

မမှားသောရှေ့နေ၊ မသေသောဆေးသမား မရှိနိုင်သလို လူတိုင်းအမှား လုပ်မိမည်သာဖြစ်၏။ လူ့သဘာဝကိုက အများလုပ်ဖူးရမည်၊ မှားရမည်ဖြစ်လေသည်။ အရေးကြီး သည်မှာ မိမိအနေနှင့် လုပ်သမျှကို အကောင်းဆုံး ဖြစ်အောင် ကြိုးစားရန်သာဖြစ်လေသည်။

## ပထမထင်မြင်ချက်နှင့် စမ်းကြည့်ခြင်း

ပထမထင်မြင်ချက်[၁] အလွန်အရေးကြီးကြောင်း၊ လူကြီးနှင့်ပထမဆုံး အကြိမ် တွေ့ဆုံရာ၌ လူကြီးကအထင်သေးသွားလျှင် ပြန်လည် အဖတ်ဆည်ရန် မလွယ်ကြောင်း ပြောဆိုဆုံးမသည်ကို မကြာခဏ ကြားဖူးကြပေမည်။

မှန်သင့်သလောက်မှန်ကန်ပါသည်။ အထူးသဖြင့် မြင်မြင်ချင်း ဆောက်နှင့်ထွင်း ဆိုသလို မိမိလုပ်ဆောင်မှုများကြောင့် လူကြီးက မိမိကို မျက်မုန်းကျိုးမသွားဖို့ အရေးကြီးလှပါသည်။

သို့သော်ပထမထင်မြင်ချက် အရေးကြီးသလို လူကြီးသာ မဟုတ်၊ မိမိနှင့်ထိတွေ့ဖူးသူမှန်သမျှ မိမိတွင်အမှန်တကယ် ရှိသည့် အရည်အချင်းကို သိသွားဖို့ (မဏ္ဍပ်တိုင် တက်ပြရမည် မဆိုလို။ မိမိ တွင်အမှန်ရှိသည့် ကိုယ်ရည်သွေး[၂]ကို အခြားသူများ သိရှိသွား စေရန်သာ ဖြစ်ပါသည်။) မိမိမည်ကဲ့သို့ လူစားဖြစ်သည်ကို အမှန် အတိုင်း၊ အရှိအတိုင်း သိမြင်သွားဖို့က ပို၍အရေးကြီးသည်ဟု စာရေးသူထင်မြင်ပါသည်။

မိမိအမှန်တကယ် အရှိအတိုင်း သူများမြင်သွားစေလိုလျှင် အကောင်းဆုံးနည်းမှာ သဘာဝကျကျနေသွားဖို့လို၏။ လုံးဝ ဟန် မဆောင်ရ။

---

၁။ First impression ၂။ personality

လူကြီးရှေ့တွင် အနားပြာလုပ်ပြခြင်း၊ ကိုယ့်ကိုလူအထင်ကြီးအောင် တမင်တကာမရှိပဲ ရှိသလို၊ တကယ်မရှိသည့် အရည်အချင်းရှိသလို၊ တကယ်မတတ်ပဲတတ်သလို ပြောဆိုလုပ်ကိုင်ခြင်းမှာ ဟန်ဆောင် ခြင်းသာဖြစ်၏။ ကြာရှည်မခံနိုင်။

လူအထင်ကြီးသွားဖို့ထက် မိမိပင်ကိုယ် အရည်အချင်းကို အခြားသူ သိသွားဖို့က ပိုအရေးကြီးပါသည်။ မိမိတွင် ချို့ယွင်းချက်ရှိလျှင်လည်း ရှိသလိုသာနေပြပါ။ ဖုံးကွယ်နေရန်မလိုပါ။ လူတိုင်းချို့ယွင်းချက် အနည်းနှင့်အများရှိစမြဲဖြစ်၏။ အမှားလုပ်မိမှာလည်း အလွန်အမင်းကြောက်နေရန် မလိုပါ။ မမှားသောရှေ့နေ၊ မသေသောဆေးသမားမရှိနိုင်သလို လူတိုင်းအမှားလုပ်မိမည်သာ ဖြစ်၏။ လူ့သဘာဝကိုက အမှားလုပ်ဖူးရမည်၊ မှားရမည်ဖြစ်လေသည်။[၁] အရေးကြီးသည်မှာ မိမိအနေနှင့် လုပ်သမျှကို အကောင်းဆုံးဖြစ်အောင် ကြိုးစားရန်သာဖြစ်လေသည်။

ပထမထင်မြင်ချက်ကောင်းသွားအောင် လူကြီးရှေ့တွင်အစွမ်းကုန်လုပ်ပြ၍ နောင်တွင်မိမိလုပ်ဆောင်ချက်သည် လူကြီးရှေ့တွင် လုပ်ဆောင်သလောက် အဆင့်အတန်းမမီတော့လျှင် မိမိအတွက် မကောင်းတော့ချေ။ မိမိအပေါ်(လူကြီးသာ မကပဲ) အများကအထင်အမြင်မှားသွားနိုင်၏။

ပထမထင်မြင်ချက်နှင့် ပတ်သက်၍ အော်ဒီဝင်းဂိတ်[၂]လိုလူထူးလူဆန်း ရှိတတ်သေးသည်ကိုလည်း သတိပြုသင့်၏။

ဝင်းဂိတ်မှာ အလွန်စွန့်စား၊ အလွန်တော်သူဖြစ်သော်လည်း တကယ့် ဘုကန့်လန့်လူစားမျိုး ဖြစ်လေသည်။ သို့သော် ဆရာကြီးသောမတ်စ်ကာလိုင်း၏ သူရဲကောင်းအရည်အချင်း အပြည့်အဝရှိသူတည်း။ အမှန်တရားကို နှစ်နှစ်ကာကာ မြတ်နိုးပြီး အမှန်တရားအတွက် ဘာမဆို လုပ်ရဲသူဖြစ်၏။

မိမိအထက်လူကြီးနှင့် တွေ့လျှင်ဝတ်ဆင်ရန် ဝင်းဂိတ်သည် ဆီစွန်းနေသည့် ကြုံနစ်အင်္ကျီ တစ်ထည်ကို အမြဲဆောင်ထားသည်

၁။ To err is human. ၂။ Orde Wingate

ဆို၏။

လူကြီးနှင့်မှ တွေ့တော့မည်ဆိုလျှင် ဝင်းဂိတ်သည် ထိုအကျႌ ထုတ်ဝတ်၍ လူကြီးနှင့်တွေ့ဆုံ၏။ အခြားအရာရှိများက လူကြီး အထင်ကြီးအောင် စမတ်အကျဆုံးဝတ်ဆုံများ ဝတ်ဆင်၍ ရှိုးကျကျ ထွက် လာကြစဉ် ဝင်းဂိတ်ကိုတော့ ဆီစွန်းအကျႌနှင့်သာ တွေ့ရမည်။

လူကြီးကိုဂရုမစိုက်ကြောင်း၊ မထီကြောင်း၊ မမှုကြောင်း၊ လူကြီး အထင်ကြီးအောင် မိမိဂရုစိုက်မနေကြောင်း ပြသရန် ဤသို့ ပြုမူ နေထိုင်သူဖြစ်လေသည်။

သူသည်လည်း သူ့အစွန်းထွက် လုပ်ရပ်များကြောင့် ဘဝတွင် အမျိုးမျိုး ဒဏ်ရာဒဏ်ချက်များပြည့်နှက်နေအောင် ရရှိခဲ့သူဖြစ်လေ သည်။

အဘီဆီနီးယား(ယခု- အက်သီယိုပီးယား) တိုက်ပွဲပြီးကာစက (ဝင်းဂိတ်ဦးဆောင်၍ ပြောက်ကျားနည်းဖြင့် အီတလီများအား တိုက် ခိုက်ခဲ့ပြီး ဟေလီဆလေဆီဘုရင်ကို ပြန်လည်၍ အဘီဆီးနီးယား ထီးနန်းတင်ပေးနိုင်ခဲ့၏။) ဝင်းဂိတ်ရေးသားခဲ့သည့် အစီရင်ခံစာတွင် လူကြီးများ၊ အထက်စစ်အရာရှိကြီးများအား ဝေဖန်အပြစ်တင် ချက်များ ပါဝင်ခဲ့ရာ ဗြိတိသျှစစ်ရုံးချုပ်က သူ့ အစီရင်ခံစာတွင်အားလုံး ကို မီးရှို့ဖျက်စီးပစ်ခဲ့၏။

ထိုကာလမှာ ဝင်းဂိတ်ကံကြမ္မာ အနိမ့်ဆုံးအချိန်ဖြစ်ပေမည်။ အဘီဆီနီးယားမှ ရရှိခဲ့သည့် ငှက်ဖျားရောဂါက ဖိဆီးနှိပ်စက်နေစဉ် ဤကဲ့သို့ အထက်မှမတရား အနှိမ်ခံရသည်ဟု ဝင်းဂိတ်ယူဆပြီး သူ့လည်ပင်းသူ့ဓားဖြင့် လှီး၍ ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ကြိုးစား ခဲ့လေသည်။

ကံအားလျော်စွာ ဟိုတယ်ခန်းအတွင်း ဒဏ်ရာနှင့်လဲနေသော ဝင်းဂိတ်ကို ဟိုတာ်အုပ်ချုပ်သူများက အခန်းတံခါးဖျက်ဝင်ပြီး ဆေးရုံ ပို့ကုသပေးသဖြင့် ဝင်းဂိတ်ထိုစဉ်က မသေဆုံးခဲ့ရခြင်းဖြစ်လေသည်။

ဝင်းဂိတ် အရည်အချင်းကို တကယ့်ထိပ်ပိုင်း ခေါင်းဆောင်ကြီး များကသိကြ၏။ အထူးသဖြင့် ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန် ချာချီ၊ အမေရိကန်သမ္မတ ရူးစဗဲ့တ်နှင့် အမေရိကန်စစ်ဦးစီးချုပ် အဖွဲ့မှ

(ဗြိတိသျှစစ်ဦးစီးချုပ်အဖွဲ့က ဝင်းဂိတ်ကိုမလိုလားကြချေ။) အရာရှိကြီးများက ဝင်းဂိတ်ကို အထူးအားပေးခဲ့ပြီး မြန်မာနိုင်ငံစစ်မြေပြင် တွင် ခရီးရှည် ထိုးဖောက်ချီတက် တိုက်ခိုက်ခြင်းများ[၁] ပြုလုပ်နိုင်ခဲ့လေသည်။ လေယာဉ်များ၊ ဂလိုက်တာများနှင့် ရေဒီယိုအချက်ပြ ဆက်သွယ်ရေးစက်များ အကူအညီဖြင့် မြန်မာနိုင်ငံစစ်မျက်နှာ ရန်သူနောက်ပိုင်းတွင် ထိုးဖောက်တိုက်ခိုက် နိုင်ခဲ့ခြင်းဖြစ်ပေသည်။

ဝင်းဂိတ်ကို ဖော်ပြရသည်မှာအမှန်တကယ်တော်သည့်သူများမှာ တစ်ခါတစ်ရံခွစာဖြစ်နေတတ်သည်ကိုလည်း သိရှိနိုင်ရန်ဖြစ်ပါသည်။

*

'စမ်းကြည့်ခြင်း' များမှာ လူငယ်များက လူကြီးကိုအကဲစမ်းခြင်းများကို ဆိုလို၏။ တစ်ခါတစ်ရံ အရာရှိအချင်းချင်းလည်း ပညာစမ်းကြည့်တတ်သေး၏။

ဗိုလ်သင်တန်းကျောင်း စစ်တက္ကသိုလ်မှ ဆင်းခါစအရာရှိငယ်များကို အကြပ်များက ဘရင်းဂန်း၊ ဂျီသရီး၊ ဖြုတ်ပြီး (မိမိပြန်မတပ်နိုင်တော့ပါဆို၍) အရာရှိငယ်အား သေနတ်ပြန်ပြန်တပ်ခိုင်းခြင်းမျိုးဖြစ်လေသည်။

မိမိကျွမ်းကျင်စွာ လုပ်ဆောင်စေကာမူအရာရှိတစ်ဦးအနေနှင့် ယင်ဒအလုပ်မျိုးလုပ်ပြရန် မလိုပါ။ တပ်စုတပ်ကြပ်ကြီး သို့မဟုတ် စမတ်ကျသည့် တပ်ကြပ်ကြီးတစ်ဦးဦးကို (လက်နက်ငယ်သင်တန်းဆရာဖြစ်လျှင် ပိုကောင်း၏။) သေနတ်ပြန်လည်တပ်ဆင်ရန် တာဝန်ပေးသင့်ပါသည်။

ကျွန်တော်အရာရှိငယ်ဘဝက အစမ်းခံရသည်မှာ သည့်ထက်ဆိုး၏။ စမ်းတာလည်း ဟုတ်ချင်မှ ဟုတ်ပေမည်။ အမှတ်တမဲ့လုပ်ခြင်းလည်းဖြစ်နိုင်၏။ သို့သော်ကျွန်တော်ကတော့ ကျွန်တော့်ကို 'စမ်း' သည်ဟုသာ ယူဆ၍ တုံ့ပြန်ခဲ့ပါသည်။

---

၁။ Long Range Penerations (LRPs)

၁၉၅၃ - ခုနှစ် ကျွန်တော် ဗြိတိန် ဆင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ်မှ ဆင်းခါစဖြစ်လေသည်။

မြေပြင်ပစ် အမြောက်တပ်ရင်း ၂ မှာမိတ္ထီလာတွင် ဖြစ်၍ ယင်းမှာကျွန်တော်၏ မိခင်တပ်ရင်း[၁] ဖြစ်လေသည်။

တပ်ရင်းမှူးမှာ ဗိုလ်မှူးကျော်ဇော (ယခု အငြိမ်းစားဗိုလ်မှူးကြီး ကျော်ဇော) ဖြစ်ပြီး တပ်ခွဲမှူးမှာ ဗိုလ်ကြီးသက်ဝေ(ယခုပါတီဌာနချုပ်မှ ဦးသက်ဝေ) ဖြစ်လေသည်။

တပ်ရင်းတွင်ကျွန်တော်သတင်းပို့ပြီး မကြာမီ တပ်ရင်းပြေးခုန်ပစ် ပြိုင်ပွဲတွင် ကျွန်တော်ဝါးလုံးထောက် ဝင်ခုန်ရာ ခြေပွတ်တိုင်လည်သွားပြီး ဆေးရုံတွင်သွားရောက်၍ ညာဘက် ခြေထောက် ကျောက်ပတ်တီးစည်းထားရ၏။

တစ်လရှိမှ ကျောက်ပတ်တီးဖြေရမည်။

ကျွန်တော် ခြေထောက်မှ ကျောက်ပတ်တီးမဖြေရမီကျွန်တော်တို့တပ်ခွဲက စစ်ဆင်ရေးထွက်ရလိမ့်မည်။ တရုတ်ဖြူများအား တိုက်ခိုက်သည့် ဘုရင့်နောင် စစ်ဆင်ရေးတွင် မြေပြင်ပစ် အမြောက်တပ်မှ ၂၅ ပေါင်ဒါ အမြောက်များဖြင့် စစ်ဆင်ရေးပါဝင် ဆင်နွှဲရမည် ဖြစ်လေသည်။

ကျွန်တော်ကစစ်ဆင်ရေး မလိုက်ဘဲ တပ်ရင်းတွင် ကျန်မနေခဲ့ချင်။ တပ်ခွဲနှင့်အတူ စစ်ဆင်ရေးလိုက်လို၏။ ထို့ကြောင့် အရာရှိရိပ်သာထဲမှာပင် ကျွန်တော်စစ်ဆင်ရေး လိုက်ပါမည် ဖြစ်ကြောင်း တပ်ရင်းမှူးအား သတင်းပို့ရ၏။

တပ်ရင်းမှူးက 'ဟ. . . ဖြစ်ပါ့မလား၊ မင်းခြေထောက်က ကျောက်ပတ်တီးလဲ ဖြေရသေးတာမဟုတ်ဘဲ'

'ဖြစ်ပါတယ်၊ ကျွန်တော်ချိုင်းထောက်နဲ့ လျှောက်နိုင်ပါတယ်' ဟုပြောပြီး ကျွန်တော်တပ်ခွဲနှင့်အတူ စစ်ဆင်ရေး လိုက်ပါလာခဲ့ပါသည်။

ဤသို့ အနာတရဖြစ်နေစဉ် ဇွတ်စစ်ဆင်ရေး လိုက်ရသည့်

---

၁။ Mother Unit

အကြောင်းမှာ ဤသို့ဖြစ်ပါသည်။ ကျွန်တော်တို့ တပ်ရင်းမှာပင် အရာရှိတစ်ဦးသည် ခြေဖဝါးပြားနေသည်[၁]ဟု ဆရာဝန်ဆေး လက်မှတ်ဖြင့် စစ်ဆင်ရေးမလိုက်သည်ကို အရာရှိအချင်းချင်းရော ရဲဘော်များကပါ မကြည်သည်ကို ကျွန်တော်သိထား၏။ တပ်ကို ကျွန်တော်ရောက်ခါစ အရာရှိများရော ရဲဘော်များပါ ကျွန်တော် စစ်ဆင်ရေးမလိုက်လို၍ ဆရာဝန်နှင့်ပေါင်းပြီး ညာဏ်ဆင်သည်ဟု အထင်သေးသွားမည်ကိုတော့ ကျွန်တော်မခံနိုင်ပါ။ ထို့ကြောင့် ညာခြေထောက် ကျောက်ပတ်တီးစည်းပြီး ချိုင်းထောက်နှင့်ပင် ကျွန်တော် ဘုရင့်နောင်စစ်ဆင်ရေး ပါဝင် ဆင်နွှဲခဲ့ပါသည်။

စမ်းသည့်အပိုင်းရောက်ပါတော့မည်။ ရန်သူနေရာများကို ပစ်ခတ်မည့် အမြောက်စခန်း (ဆွတ်ပုံလား ဖားဆောင်းလား မမှတ်မိတော့ပါ။ သံလွင်မြစ်နံဘေး ကယားပြည်နယ်တွင်ဖြစ်၏။) စခန်း တစ်ခုတွင် တပ်စခန်းရပ်နားကြစဉ် ကျွန်တော့်အထက် အရာရှိ ငယ်က 'ခရီးရှည်ချီတက်မည်[၂] ရဲဘော်တွေ အသင့်ပြင်ကြ'ဟု အမိန့် ထုတ်၏။

ယင်းအရာရှိက ကျွန်တော့်ကို စမ်းတာဖြစ်ချင်ဖြစ်မည်အရာရှိ ငယ်မှာ လူတော်တစ်ဦးပင် ဖြစ်ပါသည်။ သူ့ကိုယ်တိုင်ကလည်း အလုပ်ဆိုလျှင် ဖိုးလုပ်ချင်မျိုးဖြစ်၏။ ဘာမဆို အလုပ်ကိုသူပဲ အလု အယက်လုပ်လို၏။ အရာရှိငယ်ဆို၍လည်း သူနှင့်ကျွန်တော်သာ တပ်ခွဲတွင်ရှိ၏။ သူကကျွန်တော့်ထက် အနည်းငယ် စီနီယာ ကျလေ သည်။

ထိုစဉ်က တပ်ရင်းမှူးမှာ စစ်ဆင်ရေးအစပိုင်းတွင် ကျွန်တော်တို့ တပ်ခွဲနှင့် ပါလာရာ အဆိုပါအရာရှိက တပ်ရင်းရှေ့မှာ အမှတ်ယူခြင်း လည်းဖြစ်နိုင်၏။

ကျွန်တော်က ချိုင်းထောက်နှင့်ပင် ခရီးရှည်ချီတက်ခြင်း (ခုနှစ် မိုင်ခန့် ခရီးအသွားအပြန်)ကို အစအဆုံးလိုက်ပါခဲ့လေသည်။

မကြာမီ ကျွန်တော့်ခြေထောက် ကျောက်ပတ်တီးဖြေပြီး ချိုင်း

---

၁။ Flat Foot ၂။ Route March

ထောက်မပါဘဲ လမ်းလျှောက်နိုင်ပြီဖြစ်၏။

ကျွန်တော်ကတပ်ခွဲမှ ရဲဘော်များကို ခေါ်ပြီး နံနက်တိုင်းလေးငါးမိုင် ကျန်းမာခြင်းပြေး၏။ ယင်းလေ့ကျင့်ခန်းကို ကျွန်တော့်အထက် အရာရှိငယ် မလိုက်နိုင်တော့ပါ။ တပ်ရင်းမှူးကလည်း တပ်ရင်းသို့ပြန်သွားပြီဖြစ်၏။ ကျွန်တော့်အတွက်တော့ မိမိအပေါ် တပ်ရင်းမှူးထင်မြင်ချက် အရေးကြီးသလို ရဲဘော်များ၏ ထင်မြင်ချက်ကလည်း အရေးကြီးပါသည်။

သူ့ကိုလည်း ကျွန်တော်မည်သို့မျှ အာဃာတ မထားခဲ့ပါ။ ကျွန်တော် အစမ်းသပ်ခံခဲ့ရပုံကိုသာ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ ။

အကြောင်းအမျိုးမျိုးကြောင့် စာရေးသားရန်နှင့် နှောင့်နှေး
နေသူများ ရေးရန်ရှိပါက မှန်ကန်ပြီး တိုင်းပြည် အကျိုး
ရှိမည်မှန်လျှင် ဘာမှ ထောင်ထားငဲ့ကွက်မနေပဲ ရေးသား
ကြပါဟု. . . . .

## စာရေးသူနှင့်နှိမ့်ချစိတ်

နှိမ့်ချစိတ်ရှိခြင်း၊ ရိုးရိုးကုတ်ကုတ်နေခြင်း၊ ကိုယ့်ကိုယ်ကိုယ် ပေါ်လွင်အောင် ရှေ့တန်းမထွက်ခြင်း၊ မဏ္ဍပ်တိုင် တက်မပြခြင်းများမှာ သူတော်ကောင်း စိတ်ထားများဖြစ်၏။

မှန်၏။ သို့သော် (လောကီတွင် နေထိုင်သူအတွက်) တစ်စုံတစ်ရာသော အတိုင်းအတာအထိသာ မှန်သည်ဟု စာရေးသူ ထင်မြင်ပါသည်။

မိမိနာမည်ပေါ်လွင်သွားမည်စိုးပြီး မိမိသိခဲ့ရသည့် အကြောင်းအရာများ၊ မိမိအတွင်းကျကျ သိခဲ့သည်တို့ကို မပြောမဆို၊ မရေးမသား နေခဲ့သော် သမိုင်းအတွက် အဆုံးရှုံးကြီး ဆုံးရှုံးရတော့မည်။

အထူးသဖြင့် မိမိဖြတ်သန်း တွေ့ကြုံခဲ့ရသည့် ကိစ္စရပ်များ၊ ပုဂ္ဂိုလ်များမှာ သမိုင်းဝင်ဖြစ်ရပ်များ၊ သမိုင်းဝင် ပုဂ္ဂိုလ်ကြီးများ ဖြစ်ခဲ့သော် အမှန်ဖြစ်ခဲ့သည်တို့ကို အမှန်အတိုင်း ရေးသားဖော်ထုတ်ခဲ့ခြင်း မပြုခြင်းသည် တာဝန်မကျေခြင်း၊ လုပ်သင့်လုပ်ထိုက်သည်ကို မလုပ်သည့် ပြစ်မမှုကျူးလွန်ခြင်း[၁]ဟုပင် စာရေးသူ ယူဆမိပါသည်။

ကျွန်တော်တို့ လူမျိုးအနေနှင့်ပင် မှတ်မှတ်သားသား ရေးသား မှတ်တမ်းတင်မှု အလွန်နည်းသည်ကို ကျွန်တော်တွေ့နေရပါသည်။

---

၁။ a sin of ommission

ဤကဲ့သို့ မှတ်မှတ်သားသား မှတ်းတမ်းတင်မှု နည်းပါးခြင်းမှာ အထက်တွင်ဆိုခဲ့သည့် မိမိကိုယ်ကို နှိမ့်ချစိတ်ကြောင့် ဖြစ်ဖွယ်ရှိပါသည်။

သာဓကတစ်ရပ် တင်ပြပါမည်။ စာရေးသူသည် စာမူတစ်ခု ပြုစုနေသည်မှာ နှစ်အတော်ကြာပြီဖြစ်ပြီး ယခုအထိ စိတ်တိုင်းမကျ၍ စာအုပ်ဖြစ်မလာသေး။ စာမူမှာကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ လမ်းညွှန်ဆိုရိုးစကားများ[၂] ဖြစ်၏။

အခြားနိုင်ငံ စစ်ခေါင်းဆောင် ကြီးများ (ဥပမာ-နပိုလီယံ၊ မဟာဖရက်ဒရစ် ဘုရင်ကြီး)အဆိုအမိန့်များ ပြည့်ပြည့်စုံစုံ ရရှိသော်လည်း မြန်မာ စစ်ခေါင်းဆောင်ကြီးများ၏ အဆိုအမိန့်(maxims) ဆိုလောက်သော ပြောစကားများ မရနိုင်အောင် ဖြစ်နေတော့၏။

လက်လှမ်းမီသမျှ သမိုင်းနှင့်အရေးတော်ပုံ ကျမ်းများတွင် မွှေနှောက်ရှာဖွေသော်လည်း မြန်မာစစ်ခေါင်းဆောင်ကြီးများ၏ လမ်းညွှန် ဆိုရိုးစကားဟုပြောစမှတ်ပြုလောက်သော အဆိုအမိန့်များ ရှာမှရှားလှတော့၏။

မြန်မာကျမ်းဂန်စာပေတွင် ပါရဂူသဖွယ်ဖြစ်နေသူ စာပေမိတ်ဆွေများအား အကူအညီတောင်း၍ ရှာဖွေခဲ့သော်လည်း ကျွန်တော် လိုသည်ကို မရနိုင်ခဲ့ချေ။

မြန်မာစစ်ခေါင်းဆောင် အချို့မှာ သတ္တိအရာတွင်လည်း ကောင်း၊ စစ်နည်းဗျူဟာ၊ စစ်မဟာဗျူဟာတွင် လည်းကောင်း၊ ကမ္ဘာကျော် မည်သည့် စစ်ခေါင်းဆောင်နှင့်မဆို ယှဉ်ပြိုင်နိုင်သူ များဖြစ်၏။ ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲကိုကြည့်ပါ။ ကမ္ဘာတွင် စံတင်ထိုက်သော တိုက်ပွဲဖြစ်သည်မှာ ဘာမျှသံသယဖြစ်ရန်မလို။

ရာဇဓိရာဇ်၊လကွန်းအိမ်၊အလောင်းဘုရားတို့မှာကမ္ဘာ့စစ်ခေါင်းဆောင်စာရင်း ဝင်နိုင်သူများ၊ ဝင်ထိုက်သူများဖြစ်၏။ သို့သော် ဆိုရိုးစကား ပြောလောက်အောင် မကျန်ခဲ့။ ဝမ်းနည်းဖွယ်ကောင်းလှ၏။

---

၁။ Maxims of Great Military Leaders

မကြာသေးမီက ပုဂ္ဂိုလ်ကြီး တစ်ဦးနှင့် စာရေးသူတွေ့ခဲ့ရပါသည်။ ပုဂ္ဂိုလ်ကြီးသည် သမိုင်းဝင်အဓိကရ ပုဂ္ဂိုလ်များနှင့်အတူ လုပ်ဖူးကိုင်ဖူးသူဖြစ်၏။ သို့သော်နှိမ့်ချမှု၊ ကိုယ့်ကိုယ်ကိုယ်သိဒ္ဓိမတင်လိုစိတ်ဖိစီးမှုကြောင့် သူ့အတွေ့အကြုံများကို ရေးလည်းမရေး မှတ်တမ်းတင်ထားခြင်းလည်းမရှိချေ။

သာဓကတစ်ရပ်တင်ပြပါမည်။

ယင်းပုဂ္ဂိုလ်သည် တော်လှန်ရေးအတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် သရက်ခရိုင်တွင် အတူအမှုထမ်းဆောင်ဖူး၏။ သူပြောပြသည့် ဖြစ်ရပ်တစ်ခုမှာ ဗိုလ်ချုပ်အတွက်ရော တပ်မတော်အတွက်ပါ အထူးတန်ဖိုးရှိလှသည့် သမိုင်းတစ်ကွေ့အတွေ့အကြုံပင်။ သို့သော် ရေးသားပြီးမဟုတ်။ နှုတ်တစ်ရာစာတစ်လုံး ဆိုရိုးစကားအတိုင်း ယင်းဖြစ်ရပ်ဘယ်တော့မှ သမိုင်းဝင်လာမည်ကို ကျွန်တော်မတွေးဝံ့တော့ပြီ။

ဖြစ်ရပ်မှာဤသို့ဖြစ်၏။

ဗိုလ်ချုပ်နှင့် အဆိုပါပုဂ္ဂိုလ် သရက်ခရိုင် (သရက်ချောင်းရွာထင်၏။) ရွာတစ်ရွာတွင် နေထိုင်ကြစဉ် ဗိုလ်ချုပ်မှာ ငယ်သားများနှင့် အတူရောနှောနေ၏။ သူ့ဘာသာသီးသန့်စားခြင်း၊ ခွဲခြားနေထိုင်ခြင်း၊ လုံးဝမရှိ။ ထို့ကြောင့်ဗိုလ်ချုပ်စခန်းချနေသော အိမ်မှလူကြီးများ အပါအဝင်ရွာလူထု မည်သူကမျှ ဗိုလ်ချုပ်အောင်ဆန်း ထိုရွာတွင် စခန်းချသွားမှန်း မသိကြရ။

နောင် ယင်းပုဂ္ဂိုလ်နှင့် ရွာလူကြီးများ ပြန်တွေ့ကြ၍ သူတို့အနေနှင့် ဗိုလ်ချုပ်အောင်ဆန်းကို အလွန်တွေ့လိုကြောင်း၊ ဗိုလ်ချုပ်အမည်ကိုကြားဖူးပြီး ကြည်ညို၍သာနေရကြောင်း၊ တစ်ခါမှ လူကိုယ်တိုင်ကို မမြင်ဖူးကြောင်း ပြောပြတော့မှ ထိုပုဂ္ဂိုလ်ကြီးက ဦးကြီးတို့ရွာမှာ ဘယ်တုန်းကစခန်းချသွားသူမှာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ကြောင်း ပြောပြသောအခါ ရွာလူကြီးများ တအံ့တသြ ဖြစ်နေကြပုံဖြစ်လေသည်။

ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည့် စကားခြောက်ခွန်းအနက် ပြောဆိုသင့်သည့်

စကားနှစ်ခွန်းကိုမူ စာရေးသူများ ရင်ဝယ်ပိုက်သင့်သည်ဟု စာရေးသူ ယူဆပါသည်။

စာအရေးအသား မပေါ်မီခေတ်က ဖြစ်သောကြောင့်ပြော စကားကိုအဓိကထား ဟောကြားတော်မူခဲ့သော်လည်း ပြောကြားခြင်း သည် မိမိသဘောထားကို ဖော်ထုတ်ခြင်း (express လုပ်ခြင်း) ဖြစ်ပြီး စာရေးသားခြင်းနှင့် တစ်သဘောပင်ဖြစ်ပေ၏။

ပြောကြား (ရေးသား) သင့်သည့် နှစ်မျိုးမှာ . . .

တစ်= မှန်ရမည်။
အကျိုးရှိရမည်။
နာလိုသည့်စကား၊နားဝင်ချိုသည့်စကားဖြစ်ရမည်။
နှစ်- မှန်ရမည်။
အကျိုးရှိရမည်၊ နားဝင်မချိုသော်လည်း
အထက်ပါနှစ်ချက်ပြည့်စုံလျှင် ပြောကြားရမည်။

ယင်းမူကြီးကို စာရေးသူများ လက်ကိုင်ထားသင့်သည်ဟု စာရေးသူယူဆပါသည်။ မှန်ဖို့နှင့် အကျိုးရှိဖို့က အဓိကဖြစ်ပြီး အကျိုး ရှိရမည် ဆိုလို၏။

ဖြစ်နိုင်ပါက လူသားအားလုံး၊ သူ့အောက်တစ်ထစ် မိမိအမျိုး သားအားလုံး၊ လူများစုကောင်းကျိုးချမ်းသာ စသည်ဖြင့် ကောက်ယူရ ပေမည်။

ပြောကြားသင့်သည့်ဒုတိယအမျိုးအစားအတွက်အကောင်းဆုံး သာဓကမှာ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် 'ပြဲနေအောင် လုပ်ရမည်' 'ဖာနိုင်ငံ' စသည်မျိုးဖြစ်ပေ၏။

ထို့ကြောင့်အကြောင်းအမျိုးမျိုးကြောင့် စာရေးသားရန် နှောင့် နှေးနေသူများ ရေးရန်ရှိပါက မှန်ကန်ပြီး တိုင်းပြည် အကျိုးရှိမည်မှန် လျှင် ဘာမှထောက်ထားငဲ့ကွက်မနေပဲ ရေးသားကြပါဟု လေးစားစွာ တိုက်တွန်းလိုက်ရပါသည်။ ။

ကလေးတွေအတွက် အားလုံးလုပ်ကိုင်ပေးတဲ့ မိဘ
တွေဟာ သူတို့ကလေးတွေ အညွန့်တုံးအောင် လုပ်နေ
ကြသလိုပါပဲ။

# အလုပ်ဂုဏ်

အလုပ်သည်ဂုဏ်ဖြစ်၏။ အလုပ်လုပ်လျှင်ဂုဏ်ရှိသည်။ အလုပ်ဟူက ဂုဏ်ရှိစွ။

ယင်းအဆိုကို ထောက်ခံသည့်ပြင် ငယ်စဉ်က စပြီးအလုပ်လုပ်မှ ဘဝတွင်တိုးတက်အောင်မြင်မည် ဖြစ်ကြောင်းကို အနှစ်၄၀ အချိန်ယူ ပြုလုပ်ခဲ့သည့် သုတေသနလုပ်ငန်း တစ်ခုက အဖြေထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

ဂျွန်နှင့် ပီတာ (အမည်ကို လျှို့ဝှက်ထားသည့်) ကြီးပြင်းလာရသည်ကို ကြည့်ပြီး အိမ်နီးချင်းများက သနားနေကြ၏။ ကလေးငယ်နှစ်ဦးအား ငယ်စဉ်တောင်ကြေးကစပြီး သူတို့မိဘများက အိမ်အလုပ်များ ခိုင်းစေလာခဲ့၏။

ဥယျာဉ်ထဲတွင် ပေါင်းသင်ရ၏။ အမှိုက်လှဲ၊ အမှိုက်စွန့်ပစ်ရ၏။ တောက်တိုမည်ရ ဝယ်ခြမ်းပေးရ၏။ အတော်ကြီးပြင်းလာသည့်အခါ ညီအစ်ကို နှစ်ယောက်စလုံး သတင်းစာပို့ရ၏။ ခြံများတွင် မြက်အငှားရိတ်ကြရ၏။

အိမ်နီးချင်းအချို့က အတင်းဆိုကြ၏။ ကရုဏာဒေါသောဖြင့် ဂျွန်နှင့် ပီတာတို့ မိဘကိုအပြစ်ပြော၏။

သို့သော်ကြီးပြင်းလာသည့်အခါ ဂျွန်နှင့်ပီတာ နှစ်ယောက်စလုံးက သူတို့အိမ်နီးချင်း ကစားဖော်များထက် ချွန်ထွက်လာကြ၏။ ဝင်ငွေပိုကောင်းသည့် အလုပ်များရကြ၏။

သူတို့အိမ်နီးချင်း ကစားဖော်များမှာငယ်စဉ်ကဘာအလုပ်မှ မလုပ်ခဲ့ကြသည့် ရွှေပေါ်မြတင်နေလာခဲ့ကြသောပေါ်ကြော့များဖြစ်သော

ကြောင့်တည်း။

ဂွန်နှင့်ပီတာသည် အလုပ်ဝင်ငွေကောင်းသည့်အပြင် ပျော်ရွှင်ချမ်းမြေ့သည့် အိမ်ထောင်ရှင်များအဖြစ် ကြီးပြင်းလာကြ၍ သူတို့မိသားစု သားသမီးများကို (အခြားကစားဖော်များက သူတို့သားသမီးချစ်သည်ထက်) ပိုမိုချစ်ကြင်နာကြသည်ကို တွေ့ကြရ၏။

နှစ်လေးဆယ်ကျော် သုတေသန

ယင်းတွေ့ရှိချက်မှာ အနှစ်လေးဆယ်ကျော် အချိန်ယူ သုတေသနပြုလုပ်ချက်မှ ရလဒ်တစ်ခုဖြစ်လေသည်။

၁၉၄၀-ပြည့်နှစ်များက စတင်ခဲ့သည့်လူမှုရေးသုတေသနလုပ်ငန်း၏ အဓိကရည်ရွယ်ချက်မှာ ဆယ်ကျော်သက်များ သောင်းကျန်းမှု၊ သရုပ်ပျက်မှု၊ လမ်းသရဲဆန်မှုများ ပပျောက်လျော့ဆင်းသွားရေးဖြစ်ပါသည်။

ဘော်စတွန်မြို့တော်မှ လူငယ် ၄၅၆ဦးကို နှစ်ပေါင်း ၄၀ကျော် စောင့်ကြည့် သုတေသန ပြုခဲ့ကြခြင်း ဖြစ်၏။ လူငယ်များတွင် ဆင်းရဲသော မိသားစုများ၊ အဖေနှင့်အမေကွဲနေသူများ၊ အိမ်ထောင်ကွဲသွားသူများပါ အများအပြားပါဝင်၏။

သူတို့လူလတ်ပိုင်း ရောက်လာသည့်အခါ အလွန်ထူးခြားသည့်အချက်တစ်ချက်ကို သုတေသီများတွေ့လာကြရလေသည်။ ငယ်စဉ်က ဉာဏ်ကောင်းမကောင်း၊ ကျောင်းကောင်းနေရမနေရ၊ လူဖြူ လူမည်းမည်သို့ ကွဲပြားခဲ့သည်ဖြစ်စေ ကလေးဘဝက အိမ်မှုကိစ္စကအစ အလုပ်လုပ်ခဲ့ကြသူများက ဘာအလုပ်မှမလုပ်ပဲ ရွှေပေါ်မြတင် နေခဲ့ကြသူများထက် ကြီးပြင်းလာသည့်အခါ တိုးတက်အောင်မြင်၏။ ပိုမိုချမ်းမြေ့သည့် အိမ်ထောင်သည်များ ဖြစ်လာကြသည့်အပြင် ပိုမိုကျန်းမာ အသက်ရှည်ကြသည်ကိုပါ သုတေသီများ တွေ့ခဲ့ကြရလေသည်။

သုတေသီခေါင်းဆောင်တစ်ဦး ဖြစ်သူ ဟားဘတ်ဆေးကျောင်းမှ စိတ်ရောဂါကုသမားတော်ကြီး ဂျော့ဗိုင်းလင့်[၁]က ဤသို့ ပြောခဲ့ပါ

---

၁။ George E. Vaillant of Harvard Medical School.

သည်။

"ငယ်စဉ်ကအလုပ်လုပ်ခဲ့ကြတဲ့ ကလေးများဟာ ကျွမ်းကျင်မှု တစ်ခုခုရလာကြပြီး သူတို့ကိုယ်သူတို့ ယုံကြည်လာကြတယ်။ သူတို့ ဟာ လူမှုရေးနယ်မှာ အသုံးကြသူများ၊ အသုံးဝင်သူများလို့ ခံစားသိရှိ လာကြပါတယ် "

"သူတို့ဘဝသူတို့ ကျေနပ်အားရနေလို့လဲ သူတို့ကိုတခြား သူများက အားရကျေနပ် လာကြတော့တာပေါ့ "

နိုင်တဲ့အလုပ်လုပ်ခိုင်း

ကာလီဖိုးနီးယားပြည်နယ် ကော်တီမာဒီရားမြို့ မိသားစုနှင့် သားသမီး များ အဖွဲ့အစည်းမှ တာဝန်ရှိသူ ဒေါက်တာ ဂျွန်အိုဘက်ဇင်စကီး[၂]က သမားတော်ကြီး ဗိုင်းလင့်ပြောသည်ကို ထောက်ခံခဲ့ပြီး ကလေးငယ် ငါးနှစ်သားကစပြီး သူနိုင်တဲ့ အလုပ်လေးတွေ လုပ်ခိုင်းပေးရင် ကြီးပြင်းလာသည့်အခါ သူတို့အဖို့ အကျိုးရှိပုံကို ဒေါက်တာ အိုဗက်ဇင် စကီးက ပြောခဲ့လေသည်။ အိုဗက်ဇင်စကီးက ဤသို့ ဆက်လက် ပြောခဲ့ပါသည်။

" သူတို့ကလည်း မိသားစုလုပ်ငန်းတွေမှာပါဝင်လုပ်ဆောင်လာ ကြတယ်ဆိုတာ သိရှိလာပြီး ဒီအသိက သူတို့အတွက်ရော မိသားစု အတွက်ပါ အလွန်တန်ဖိုးရှိပါတယ် "

ဒေါက်တာဗိုင်းလင့်တို့ သုတေသနပြုချက်မှာ အထူးအရေးကြီး ပါသည်။ လူငယ်ယောကျ်ားလေးများကို နှစ်ပေါင်း ၄၀ ကျော် အချိန်ယူ သုတေသန ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သူတို့ အသက် ၂၅ နှစ်၊ ၃၁ နှစ်၊ ၄၇ နှစ် အရွယ်များတွင် သူတို့အားလုံးကို လူချင်းတွေ့ဆုံ မေးမြန်းခဲ့ကြ၏။

ဗိုင်းလင့် ကြီးကြပ်မှုအောက်တွင် သုတေသီများက လူငယ်များ ငယ်စဉ်က အလုပ်လုပ်ခဲ့ကြပုံနှင့် ကြီးပြင်းလာသည့်အခါ စိတ်ဓာတ်

---

၂။ Dr. John E. Obedzinski of the Centre for Families and Children.

ကြုံခိုင်မှု အခြေအနေနှိုင်းယှဉ်ကြည့်ကြ၏။

လုပ်ကိုင်ခဲ့သည့် အလုပ်ကို လိုက်၍ အိမ်မှုကိစ္စ၊ အချိန်ပိုင်း အလုပ်၊ အားကစားပါဝင်လုပ်ဆောင်မှု၊ ကျောင်းတွင်ရမှတ်၊ ပြဿနာ ဖြေရှင်းနိုင်မှုဟု သူ့ကဏ္ဍနှင့်သူ အမှတ်ပေးသွား၏။

သူတို့ငယ်ငယ်က ဘာလုပ်ခဲ့သည်နှင့် ကြီးပြင်းလာသည့်အခါ ထိုသူငယ် ကြီးပွားတိုးတက်မှုတို့ တိုက်ရိုက် ပက်သက်နေသည်ကို သုတေသီများ တွေ့ကြရလေသည်။

လူအများနှင့် ဝင်ဆံ့

ငယ်စဉ်က တက်တက်ကြွကြွ အလုပ်လုပ်ခဲ့ကြသူများသည် ကြီးပြင်း လာသည့်အခါ (အလုပ်မလုပ်ကြသူများထက်) နှစ်ဆပေါင်းသင်း ဆက်ဆံရေးကောင်း၍ လူအများနှင့် ဝင်ဆံ့ပြီး ငါးဆမျှ ပိုမို ဝင်ငွေ ကောင်းသည့် အလုပ်များရကြရာ အလုပ်အကိုင်မရှိသူ (ငယ်စဉ်က အလုပ်မလုပ် ကြသူများထက်) ၁၆ ဆမျှ နည်းပါးသည်ကို တွေ့ကြ ရ၏။

ငယ်စဉ်က ရွှေပေါ်မြတင် ခြေမွေးမီးမလောင်၊ လက်မွေး မီးမလောင် နေခဲ့ကြရသူများသည် ငယ်စဉ်ကအလုပ်လုပ်ခဲ့ကြသူ များထက် ကြီးပြင်းလာသည့်အခါ ပိုမို အဖမ်းအဆီး အချုပ်အနှောင် ခံကြရပြီး ၁၀ ဆမျှ စိတ်ရောဂါရကြ၏။ ထို့ပြင် ၆ ဆမျှစော၍ သေဆုံး ကြသည်ကို တွေ့ရလေသည်။

ဉာဏ်ကောင်းမကောင်း၊ ဉာဏ်ရည်ပြကိန်း (အိုင်ကျူ) ကောင်း မကောင်း၊ ကျောင်းကောင်းကောင်း နေရ မနေရ အချက်များက ဘာမျှအရေးမကြီးဘဲ ငယ်စဉ်က အလုပ်လုပ်ခဲ့ကြသူများက ကြီးပြင်း လာသည့်အခါ (အလုပ်မလုပ်ခဲ့ သူများထက်) ပိုမို တိုးတက် အောင်မြင်ကြပြီး ဘဝအောင်မြင်မှု၊ မိသားစုအောင်မြင်မှုပါ ရကြသည် ကို သုတေသီများ တွေ့ကြရလေသည်။

ရှောင်ရန်အချက်သုံးချက်

စိတ်ပညာပါရဂူ စတီဖင်ဂလင်းကလည်း အထက်ပါကောက်ချက်ကို လှိုက်လှိုက်လဲလဲ ထောက်ခံပြီး ဤသို့ပြောခဲ့ပါသည်။

"ကလေးတွေအတွက် အားလုံးလုပ်ကိုင်ပေးတဲ့ မိဘတွေဟာ သူတို့ကလေးတွေ အညွန့်တုံးအောင် လုပ်နေကြသလိုပါပဲ။"

"ထူးဆန်းတာက ဒီအချက်ကို ကလေးတွေကိုယ်တိုင်က နားလည်နေကြတယ်။ ၁၁နှစ်သားလေးတစ်ဦးက ကျွန်တော်ကိုဒီလို ပြောဖူးပါတယ်။ မိခင်တွေဟာ သူတို့ကလေးငယ်တွေအတွက် အချက်သုံးချက်သိထားကြဖို့ လိုပါတယ်" တဲ့။

တစ်- သိပ်မရိုက်နဲ့

နှစ် - သိပ်မအော်နဲ့

သုံး - သူတို့အတွက် (ကလေးများအတွက်) သိပ်လုပ်မပေးနဲ့။

ကလေးများအား အိမ်အလုပ်များခိုင်းသည့်အခါ အောက်ပါအချက်များကို သတိထားရန် လို၏။

## လုပ်ငန်းရည်မှန်းချက်ကို သိရမည်

ကလေးငယ်အား အလုပ်လုပ်ခိုင်းခြင်းသည် တာဝန်ပေါ့သွားအောင်၊ လူကြီးတွေအလုပ် သက်သာအောင် ခိုင်းခြင်းမဟုတ်။ ကလေးငယ် တာဝန် သိတတ်လာစေရန် ကိုယ့်အား ကိုယ်ကိုးစေရန်၊ လုပ်ငန်း၊ ပြီးစီး၍ ကျေနပ်နှစ်သိမ့်မှု ရစေရန်ဖြစ်၏။ စုပေါင်းလုပ်ဆောင်ရခြင်း၊ အသင်းအဖွဲ့နှင့် လုပ်ဆောင်ရခြင်းကိုပါ နားလည်သွားအောင် ဖြစ်လေသည်။ အသင်းအဖွဲ့လိုက် လုပ်ဆောင်စိတ်ရှိသူများသည် ဘဝတွင် အအောင်မြင်ဆုံးလူသား အဖြစ် ကြီးပြင်းလာ၏။

## ငယ်စဉ်က စ၍ အလုပ် လုပ်ပါစေ

လမ်းလျှောက်တတ်သည့် နှစ်နှစ် အရွယ်ကစ၍ သင့်တော်သည့် အလုပ်ကလေးများ လုပ်စေရမည်။ ဥပမာ- ကလေးနှင့်အတူ ကစားကြပြီး 'ကိုင်း. . . ဒီကားလေး ဗီရိုထဲ သိမ်းလိုက်ကြစို့'ဟု တာဝန်ပေးပုံမျိုး ဖြစ်လေသည်။ လေးငါးနှစ်သားများကို ပစ္စည်းများ တစ်နေရာမှ တစ်နေရာသို့ ပို့စေခြင်း၊ တစ်စုံတစ်ခုရှာဖွေ အယူခိုင်းခြင်း ပြုစေနိုင်ပါသည်။ 'ကိုင်း. . . ဒါလေး မေမေ့သွားပေးလိုက်ပါဦး' ဟု တာဝန်ပေးပုံမျိုး ခိုင်းစေနိုင်ပါသည်။ လုပ်ရလွယ်ကူ၍ အလုပ်ပြီးစီးသည့်

အခါအလုပ်လုပ်သူ ကလေးငယ်ကျေနပ်မှုရသည့် အလုပ်မျိုး တာဝန်ပေး ခိုင်းနိုင်ပါသည်။

ကလေးနှင့်လိုက်သည့် 'စံ' သတ်မှတ်ထားပါ

အမှုကိစ္စများကို လူကြီးက ကလေးထက်ပိုမို သေသေသပ်သပ် လုပ်နိုင်မည် မုချဖြစ်၏။ 'ဒါဒီလိုမလုပ်ရဘူးဟ' 'မင်းလုပ်တာ မဟုတ်သေးပါဘူး၊ ဒါဒီလိုလုပ်ရတယ်ကွ' စသော အပြောမျိုး ဘယ်တော့မျှ မပြောရ။ ကလေးနှင့်တန်သလောက် လုပ်နိုင်လျှင် တော်လောက်ပြီး သဘောထားနိုင်ရမည်။

ဤသို့ဆိုခြင်းကြောင့် လျော့ရဲရဲ ဖြစ်ကတတ်ဆန်း အလုပ်များ လုပ်ခြင်းကို လက်ခံရမည်ဟုမဆိုလိုပါ။ ကလေးနှင့်တန်သည့်စံ သတ်မှတ် ထားပြီး ကလေးနှင့်အတူ မိဘသို့မဟုတ် လူကြီးတစ်ဦးကပါ ဝင်လုပ်ခြင်းမျိုး၊ နောက်ကလေးချည်း လုပ်လာနိုင်အောင် အကြိမ်ကြိမ် လုပ်စေခြင်းမျိုးကို အားပေးရမည်။

အားပေးချီးကျူးပါ

လုပ်ငန်းပြီးစီးတိုင်း ကလေးကို ချီးကျူးထောပနာပြုပါ။မွှေးမွှေးပေးပါ။ စာမေးပွဲအမှတ်ကောင်းကောင်းနှင့် အောင်သည့်အခါ အထူးဆုချခြင်းမျိုး ပြုလုပ်အားပေးပါ။

ပြင်ပအလုပ်ကိုအားပေးပါ

သူများဥယျာဉ်တွင် အချိန်အား၌ သွားရောက်ပေါင်းသင်းပေးခြင်းမျိုး၊ စုပေါင်းလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ပေးခြင်းမျိုး ရှိစေရမည်။ ဤနည်းအားဖြင့် အများနှင့်ဝင်ဆံ့လာမည်။ လူအကြောင်းသိလာမည်။ လောကအကြောင်းသိလာမည်။

မငြီးငွေ့စေနှင့်

အလုပ်ဟူက ဂုဏ်ရှိစွဆိုပြီး အလုပ်ချည်းနင်းခိုင်းနေလျှင် ငြီးငွေ့ သွားပြီး အလုပ်လုပ်စေသည့် ရည်မှန်းချက် ပျက်ပြားသွားမည်ကို

သတိပြုပါ။ ကလေးသည် အလုပ်လုပ်ရသည်ကို ပျော်ရွှင်ဂုဏ်ယူနိုင်မှ အလုပ်လုပ်ခိုင်းရကျိုး နပ်မည်ဖြစ်ပါသည်။

ထို့ကြောင့်သူ့အရွယ်နှင့်သူ ကလေးနှင့်လိုက်ဖက်သည့် အလုပ်မျိုးကို မိမိ ရင်သွေးငယ်စဉ်က စပြီး တာဝန်ပေး ခိုင်းသွားတတ်ရန် လိုအပ်လှကြောင်း တင်ပြလိုက်ရပါသည်။

(၁၉၈၆ခုနှစ်၊ မတ်လထုတ် The Reader's Digest မှ How to Rasie A happy Child ကို ပြန်ဆိုသည်။)

အလုပ်တစ်ခုကို မလုပ်ခင် လုပ်သင့် မလုပ်သင့် သေချာ စွာစဉ်းစားပါ။ လုပ်သင့်၍ လုပ်မိပြီးဆိုလျှင် ယင်း လုပ်ငန်းကို ဆုံးခန်းတိုင် အောင်မြင်အောင် လုပ်ရမည်။ မည်မျှ ကြီးကျယ်သည့်လုပ်ငန်း ဖြစ်ပါစေ၊ မည်မျှ သေးငယ်သည့် လုပ်ငန်း ဖြစ်ပါစေ စ,မိလျှင် ဆုံးခန်း တိုင် လုပ်ရမည်။

## ဒရူးမား၊ ဂျပန်ပစ်တိုင်းထောင်

မြန်မာဗုဒ္ဓဘာသာ အိမ်တိုင်လိုမှာပင် ပစ်တိုင်းထောင်ရုပ်ကို တွေ့ရမည်။ အတိတ်နိမိတ်ကောင်းသည်၊ ပစ်လိုက်တိုင်းထောင်လျက် ကျသည်။ ဘယ်တော့မှလဲမသွားဟု အတိတ်နိမိတ်ယုံကြည်သူများက ပစ်တိုင်းထောင်ရုပ်ကို ဘုရားစင်မှာတင်ထာသည်ကို စာရေးသူ တွေ့ဖူးပါသည်။

ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသည်ဟု အဆိုရှိ၍ အတိတ်နိမိတ်ကို မယုံကြည်သူ မြန်မာလူမျိုးကလည်း အရှားသား။ ထို့ကြောင့် ပစ်တိုင်းထောင်ရုပ်လို နိမိတ်ကောင်းသည် ဆိုသော ဇီးကွက်ရုပ်များကို မြန်မာအိမ်တိုင်းမှာ တွေ့နေရခြင်း ဖြစ်ပါသည်။

မြန်မာများသာ မဟုတ်၊ အရှေ့တိုင်းသား အားလုံးလိုလို အတိတ်နိမိတ်များကို ယုံကြည်လေ့ ရှိၾကပါသည်။ ဂျပန်လူမျိုးများ သည်လည်း အတိတ်နိမိတ်ယုံကြည်သူများ ဖြစ်ပါသည်။ ဂျပန်တွင် လည်းပစ်တိုင်း ထောင်ရုပ်ရှိ၏။ အောက်ခြေတွင်အလေးထည့်ထား၍ ဘယ်လိုပစ်ပစ် ထောင်လျှက်သာနေမည်။

ထူခြားသည်ကား ဂျပန်ဆိုင်များတွင် ရောင်းချသည့် ပစ်တိုင်းထောင်အရုပ် (ဂျပန်များက 'ဒရူးမား' ဟုခေါ်၏[၁])တိုင်းတွင် မျက်လုံးထည့်မထားချေ။

ဝယ်ယူသူများက အတိတ်နိမိတ် ကောင်းသည်ကို ယုံကြည်၍ ဝယ်သည်မှာမှန်၏။ သို့သော် ဂျပန်လူမျိုးတို့၏ အလွန်ခိုင်မာသည့် ဆုံးဖြတ်ချက်၊ မဖြစ်မနေလုပ်မည်ဟူသည့် ဇွဲနပဲကို ဒရူးမား ပစ်တိုင်းထောင်ရုပ်တွင် တွေ့ရမည်။

မျက်လုံး ရေးခြယ်မထားသော ဒရူးမားရုပ်ကို မည်သည့် အခါတွင် ဂျပန်လူမျိုးများ ဝယ်ယူ ဆောင်ထားသနည်း။ အရေးကြီးသည့်လုပ်ငန်းတစ်ခု လုပ်တော့မည်ဆိုလျှင် (ဥပမာ-ရောင်းဝယ်ရေးကုမ္ပဏီအသစ်တစ်ခု တည်ထောင်တော့မည် ဆိုလျှင်) ဂျပန်တစ်ဦးသည် ဒရူးမားရုပ်တစ်ရုပ် ဝယ်ယူ၍ မျက်လုံးတစ်ဖက်ကို အရုပ်ဝယ်ယူသူ ကိုယ်တိုင် ရေးထည့်လိုက်၏။ လုပ်ငန်းစပြီးဆိုသည့် အထိမ်း အမှတ်. . . .။

နောက်မျက်လုံးတစ်လုံးကို သူ့လုပ်ငန်းအောင်မြင်သည့်အခါ ရေးထည့်ရလေသည်။ လုပ်ငန်းကိုလိုက်၍ (၃) လ ကြာချင်ကြာမည်။ (၃) နှစ် ကြာချင်ကြာမည်။ ကြာပါစေ၊ ကြာချင်သမျှကြာပါစေ။ မိမိလုပ်ငန်းအောင်မြင်မှ ယင်းဒရူးမား နောက်မျက်လုံးကို လုပ်ငန်းစ, ထားသူကိုယ်တိုင် ရေးထည့်၍ မိတ်ဆွေအပေါင်းအသင်းများနှင့် အောင်ပွဲခံလေ့ရှိလေသည်။

မည်မျှ ကောင်းမွန်သည့် အလေ့အကျင့် ဖြစ်ပါသနည်း။ အတိတ်နိမိတ်ကို ယုံကြည်ပုံချင်းတူစေကာမူ ဂျပန်တို့ အတိတ်နိမိတ် ယုံကြည်မှုနောက်တွင် သံမဏိဆုံးဖြတ်ချက်ပါရှိ၏။ မဖြစ်မနေ လုပ်မည်ဟူသည့် သန္နိဋ္ဌာန်ပါရှိ၏။ စတင်လုပ်ထားသည့်အလုပ်ကို ဆုံးခန်းတိုင်လုပ်မည်ဟူသည့် ဆုံးဖြတ်ချက်ပါရှိလေသည်။

ဂျပန်များ ကြီးပွားတိုးတက်သည်ကို မအံ့သြနှင့်။ ဤကဲ့သို့ လူတိုင်းတွင် (လူတိုင်းလိုလိုတွင်) ခိုင်မာလှသည့် ဆုံးဖြတ်ချက်ရှိသည့်

---

၁။ Daruma Doll

လူမျိုး ဘယ်လူမျိုးမဆို အောင်မြင်ထိပ်တန်းရောက်မည်မှာ မြေကြီးလက်ခတ် မလွဲတည်း။

ထို့ကြောင့်ဂျပန်များ ကြီးပွားတိုးတက်ပုံကို လေ့လာလျှင် ဂျပန်လူမျိုးများ ဘာကြောင့်ပြာပုံဘဝမှ ကမ္ဘာ့ထိပ်တန်း စီးပွားရေး မဟာအင်အားကြီးနိုင်ငံ ဖြစ်လာသည်ကို လေ့လာလျှင် လူမျိုး အနေနှင့် ထိုဆိုခဲ့သည့် သံမဏိဆုံးဖြတ်ချက် ရှိခြင်းမှာ အရေးပါ လှသော အကြောင်းတစ်ရပ် ဖြစ်သည်ကို တွေ့ရမည်။

အလုပ်တစ်ခုကို မလုပ်ခင် လုပ်သင့်မလုပ်သင့် သေချစွာစဉ်းစားပါ။ လုပ်သင့်၍ လုပ်မိပြီးဆိုလျှင်လည်း လုပ်ငန်းကိုဆုံးခန်းတိုင် အောင်မြင်အောင်လုပ်ရမည်။ မည်မျှကြီးကျယ်သည့် လုပ်ငန်းဖြစ်ပါစေ၊ မည်မျှသေးငယ်သည့်လုပ်ငန်း ဖြစ်ပါစေ စ,မိလျှင် ဆုံးခန်းတိုင် လုပ်ရမည်။

ထို့ကြောင့် အပ်တစ်ချောင်းက အစ၊ အစမှအဆုံးထိ ကောင်းမွန်သေသပ်စွာလုပ်ဆောင်နိုင်လျှင် ထိုသူကြီးပွားပြီး မှတ်ပေတော့။ ဂျပန်လူမျိုးများက ဤကဲ့သို့စတင်မိသည့် လုပ်ငန်းကို အောင်မြင်ဆုံးခန်းတိုင်သည် အထိလုပ်ဆောင်မည်ဆိုသည့် စိတ်ဓာတ်ကိုဒရူးမာပစ်တိုင်းထောင်ရုပ်နှင့်သရုပ်ဖော်ထားကြလေသည်။

နောက်ထပ်ဂျပန်များ၏ ကောင်းမွန်လှသည့် အကျင့်တစ်ခုကို စာရေးသူကိုယ်တွေ့နှင့် တင်ပြလိုပါသည်။ စာရေးသူ ကိုယ်တွေ့ဆိုသော်လည်း ဂျပန်ခေတ် မင်္ဂလာဒုံစစ်တက္ကသိုလ် တက်ဖူးသူတိုင်း ယင်းအလေ့အကျင့်ကို သိရှိကြပြီးဖြစ်ပါသည်။

တစ်စုံတစ်ခုကို အထက်အရာရှိက ခိုင်းလိုက်သည်ဆိုကြပါစို့။ မိမိလုပ်ငန်းကို ခိုင်းလိုက်သည့်အတိုင်း လုပ်ဆောင်ပါမည် ဆိုသည်ကို ခိုင်းလိုက် သူအား အခိုင်းခံရသူက ပြန်လည်သတင်း ပို့ရ၏။

ဥပမာ- 'ဒီစာကိုဗိုလ်နီထံသွားပေးချေ' ဟု အထက်အရာရှိက စေခိုင်းလျှင် အခိုင်းခံရသူက သတိဆွဲလိုက်ပြီး 'စာကိုဗိုလ်နီထံ သွားပေးပါ့မယ်' ဟု အသံမာမာအမိန့်ပေးသူအား အော်ပြောကာ ပြန်လည်သတင်းပို့ခဲ့ရ၏။

ယင်းအလေ့အကျင့်လေးကို ပေါ့ပေါ့မထင်လိုက်ပါနှင့်။ အလွန်

အရေးကြီးသည့်အချက်များစွာ ပါဝင်အကြုံးဝင်နေသည်ကို တွေ့ရ မည်။ ပထမဆုံးမိမိဘာလုပ်ရမည် မိမိတာဝန်ဘာဖြစ်သည်ကို အခိုင်း ခံရသူက သေချာစွာသိနေရ၏။ သို့မှမိမိလုပ်ငန်း အောင်မြင်စွာ လုပ်ဆောင်နိုင်မည် မဟုတ်လော။ ပြဿနာကိုအတိအကျသိမှ ပြဿနာ ကို ဖြေရှင်းနိုင်မည် မဟုတ်လော။

ထို့နောက်ခိုင်းလိုက်သည့်အလုပ်ကို မဖြစ်မနေလုပ်ဆောင်ပါ မည်ဟူသည့် ဆုံးဖြတ်ချက်ကို အဆိုပါအလေ့အကျင့်တွင် တွေ့ရမည်။ ဘာကြီးဖြစ်နေနေ မိမိအားပေးအပ်သည့် တာဝန်ကို ပြီးစီးအောင် လုပ်ရမည်မှာမိမိ၏တာဝန်ဖြစ်လာပြီ။ ယင်းကိုပြန်လည် သတင်းပို့ခဲ့ ရခြင်း ဖြစ်လေသည်။

ပေးအပ်သည့်တာဝန်ကို ပြီးစီးအောင်လုပ်ဆောင်ခြင်းနှင့် ပတ်သက်ပြီး အောက်ပါဂျပန်ဆရာများ၏ အဆုံးအမကိုလည်း လေ့လာစေလိုပါသေးသည်။

'ငါ ရေလိုချင်တယ်၊ ရေစက်ပျက်နေတာငါနားမလည်ဘူး၊ ချောင်းရေခန်းနေတာ ငါမသိဘူး၊ ရေအိုးကွဲနေတာ ငါ့ကိုလာမပြောနဲ့၊ ရေကို ရအောင်ယူခဲ့၊ ဒါပဲ'

ဂျပန်ဆရာများက မိမိအားပေးအပ်သည့် တာဝန်ကိုပြီးစီး အောင် လုပ်ရန်အရေးကြီးပုံဖော်ပြခြင်းဖြစ်၏။ တာဝန်တစ်ခုပေးအပ် ခြင်းခံရလျှင် ယင်းတာဝန်ပြီးစီးအောင် လုပ်ရမည်မှာ မိမိတာဝန် ဖြစ်လာပြီး။ ဖြစ်သည့်နည်းနှင့်အောင်မြင်အောင် လုပ်ပေတော့။

စစ်အတွင်းဖြစ်သည်ကိုသတိချပ်ပါ။ဒုတိယ ကမ္ဘာစစ်ကြီးတွင် မိမိကအင်အားအဆမတန် ကြီးမားသည့် ရန်သူ(လိပ်/ကန်) ကို ရင်ဆိုင် နေရသည်ကိုလည်း သတိပြုရပါမည်။

သို့သော် ယင်းနည်းတွင်မှု ကန့်သတ်ချက်များရှိနိုင်သည်ကို သတိချပ်ရပါမည်။ အီတလီတိုင်းသား မက်စီယာဗယ်လီ ပြောသလို 'ရည်မှန်ချက်အောင် ပြီးရော၊ ကြိုက်တဲ့နည်းနဲ့လုပ်'[၁]ဟူသည့် သဘော

---

၁။ Machiavelli (1467-1529)

The End Justifies The Means

သက်ရောက်သွားနိုင်၏။ ရည်မှန်းချက်အောင်မြင်အောင် တရားတဲ့နည်းရော မတရားတဲ့နည်းပါလုပ်နိုင်သည်ဟု အဓိပ္ပါယ်ကောက်ယူသွားနိုင်သည်ကို သတိပြုရပါမည်။

သို့သော်စစ်တိုက်သည်ဆိုလျှင် ဖြစ်တဲ့နည်းနှင့်နိုင်အောင်တိုက်ရသည်ကိုလ်ည်း ထည့်သွင်းတွက်ချက်ရပါမ်ည်။

ယင်းနည်းမျိုးကို ခေတ်မီတပ်မတော်တိုင်းမှာ အသုံးပြုနေသည်ကိုလည်း တွေ့နေရပါသည်။ ဥပမာ- စာရေးသူအမေရိကန်စစ်ဦးစီးတက္ကသိုလ် တက်ရောက်ခဲ့စဉ်က 'တာဝန်ဖော်ပြသည့်အမိန့်'[၁] ကို လေ့လာခဲ့ရဖူး၏။

သာမန် စစ်အမိန့်များတွင် သူ့အပုဒ်နှင့်သူ စနစ်တကျတစ်ချက်စီဖော်ပြရ၏။ ဥပမာ- နောက်ဆုံးရသည့် သတင်းကို ပထမဆုံးဖော်ပြ၊ သူပြီးမှ မိမိရည်မှန်းချက်၊ နောက်တစ်ဆင့်မှာ နည်းလမ်းစသည်ဖြင့် ဘာပြီး ဘာလာရမည်ကို သတ်မှတ်ထား၏။ ယင်အစီအစဉ်အတိုင်း တစ်ချက်မှ ကျန်မနေခဲ့စေရ၊ ကျော်သွားခြင်းလည်းမရှိရဘဲ သတ်မှတ်ထားသည့်ပုံစံ အတိုင်းသာ ရေးသား ဖော်ပြရ၏။

'တာဝန်ဖော်ပြသည့်အမိန့်' မှာ အခြားဘာအချက် အလက်မှမလို၊ မိမိတာဝန် ဘာဖြစ်သည်ကိုသာ ဖော်ပြထားလေ သည်။ ဥပမာ-
'မင်းစစ်သုံးပန်း ဗိုလ်ချုပ်အေကို သွားကယ်ရမယ်'

ဗိုလ်ချုပ်အေကို ဖြစ်သည့်နည်းနှင့် ရအောင်ကယ်ပေတော့။ ကြိုက်တဲ့နည်းကိုသုံး၊ အောင်မြင်အောင်သာလုပ်။

မူဆိုလိုနီအား အီတလီမျိုးချစ်များက ဖမ်းဆီးအကျဉ်းချထားစဉ် ဟစ်တလာကိုယ်တိုင် ဂျာမန်တပ်မတော်မှ စွန့်စားသတ္တိ ပြောင်သူဒေါင်ဒေါင်မြည် (၁၀) ဦးခန့်ကိုလူချင်းတွေ့ဆုံပြီး အော်တိုစကော်ဇေနီ[၂]အား မူဆိုလီနီကို ကယ်ဆယ်ရန် တာဝန်ပေးခဲ့ဖူး၏။ မူဆိုလီနီကိုဘယ်မှာချုပ်ထားမှန်းပင် မည်သူမျှ သိရသည်မဟုတ်ချေ။ ယင်းတာဝန်ဖော်ပြသည့် အမိန့်ပေးစဉ်က ဟစ်တလာက စကော်ဇေနီ ကြိုက်သည့်

---

၁။ Mission Type Order

၂။ Otto Skorzeny

လက်နက်တောင်း၊ အကုန်ပေးရမည်ဟု ဂျာမန်တပ်မတော်အား အမိန့်ပေးခဲ့လေသည်။ (စာရေးသူ၏ အထူး ကွန်မန့်ဒို ရှု)

ထို့ကြောင့်ယင်းအမိန့်မျိုးကို တပ်မတော်တိုင်းမှာပင် အသုံးပြုနေကြသည်ကိုလည်း သတိချပ်ရပါမည်။ မည်သို့ဆိုစေ ရည်မှန်းချက်အောင်မြင်အောင်လုပ် ကြိုက်တဲ့နည်းကိုသုံး ဆိုသည့် သဘောမျိုးကိုတော့ အထူးဆင်ခြင်ရန်လိုပါသည်။ အထူးသဖြင့် မတရားသည့်နည်းကို မသုံးမိဖို့တော့ အထူးလိုအပ်သည်ဟု  တင်ပြလိုပါသည်။

တိုင်းပြည်တိုးတက်အောင် လုပ်ဆောင်ကြရာ၌ မိမိအားပေးအပ်သည့် တာဝန်ကို မဖြစ်မနေ ပြီးစီးအောင် လုပ်ဆောင်သည့်အကျင့်မျိုးကို လူမျိုးအနေနှင့်ပါ လုပ်ဆောင်တတ်လာရန် အရေးကြီးလှပ်ကြောင်း တင်ပြအပ်ပါသည်။ ။

ကျမ်းကိုး

Fortune Aug 1, 1988

ယခုခေတ်တွင် တကယ် တိုးတက်ချင်လျှင် အချိန်ကို ရက်နှင့်လနှင့်မတွက်ပဲ မိနစ်နှင့်စက္ကန့်နှင့် တွက်တတ်ရန် အရေးကြီးလှ ပါသည်။

# အချိန် နှင့် နေရာ

တိုင်းပြည်တစ်ပြည် တိုးတက်ကြီးပွားရေးအတွက် အချိန်နှင့်နေရာမှာ အဓိက အခန်းမှပါဝင်နေပါသည်။ ထို့ကြောင့် ယင်းနှစ်ချက်ကို တင်ပြပါမည်။

အချိန်သည် ရွှေစိန်ကျောက်သံပတ္တမြားထက် အဖိုးတန်၏။ အချိန်သည်လူကိုမစောင့်။ ဧရာဝတီမြစ်ကြီးမှ မြစ်ရေများတသွင်သွင် စီးဆင်းနေသလို အချိန်သည် ရှေ့သို့သာမှန်မှန်တိုး၍ သွားနေ၏။

ကုန်ပြီးအချိန်ကို ပြန်လိုချင်ပါသည် ဆို၍မည်သည့်နည်းနှင့်မျှ မရနိုင်တော့။ အချိန်တန်ဖိုးကို နားလည်ပြီး အချိန်ကို အကြိုးရှိအောင် အသုံးချနိုင်သည့် တိုင်းပြည်နှင့်လူမျိုး ထိပ်သို့ ရောက်မည်မုချဖြစ်၏။

ဤတွင် ကျွန်တော်တို့မြန်မာလူမျိုးတွင် ချွတ်ယွင်းချက်များရှိသည့်အနက် အချိန်ကိုမလေးမစားခြင်းသည် ထိပ်ဆုံးကပါမည်ထင်၏။

မြန်မာစော နေထွက်. . .။

မြန်မာတစ်ယောက်နှင့် အချိန်လေးစားသူ နိုင်ငံခြားသား တစ်ယောက်ကို မေးကြည့်ပါ။

'အချိန်ဘယ်လောက် ရှိပြီးလဲဟေ့'

မြန်မာ။ ။ ၁၀ နာရီ မထိုးသေးဘူး (သို့မဟုတ်) ၁၀ နာရီ ထိုးတော့မယ်ဟေ့ (သို့မဟုတ်) ၁၀ နာရီထိုးဖို့ ၁၅ မိနစ် လိုသေးတယ်ဟုဖြေလိမ့်မည်။

အချိန်လေးစားသူ။ ။ ၅ မိနစ်ပဲလိုတော့တယ် (Five to...)
၁၀ မိနစ်ကျော်သွားပြီးဟော့၊ (Its ten past...)

ယင်းသာဓကမှာစာရေးသူတို့လွန်ခဲ့သည့် အနှစ်လေးဆယ်က ဗြိတိန် ဘုရင့်စစ်တက္ကသိုလ် တက်ရောက်စဉ်က တွေ့ကြုံသိရှိခဲ့ရသော ကိုယ်တွေ့အသိ ဖြစ်ပါသည်။

အချိန်မေးလိုက်လျှင် ဖြေကြားသူက နာရီကိုဘယ်တော့မှ ထည့်မပြော။ မေးသူသည် အချိန်အတိအကျ သိလို၍သာ မေးသည်။ အချိန်အကြမ်းဖျင်းကို သိပြီးဟုဖြေကြားသူက ယူဆထား၏။

ဥပမာ- နံနက် ၁၀ နာရီခန့်တွင် အချိန်အတိအကျသိလို၍ ဂေါ်ရာလေးယောက်ကို အချိန်မေးလျှင် '၅ မိနစ်လိုတော့တယ်' ဟု သာဖြေ၏။ ၁၀ နာရီထိုးဖို့ ၅ မိနစ်လိုသေးတယ်ဟု ဘယ်တော့မှ ဖြေလိမ့်မည်မဟုတ်။

အလားတူပင် '၁၀ နာရီထိုးပြီးပြီးဟော့' ဟု ဘယ်တော့မှ မတိမကျဖြေလိမ့်မည်မဟုတ်။ '၁၀ မိနစ်ကျော်သွားပြီး' ဟူသော အဖြေရလိမ့်မည်။ ၁၀ နာရီထိုးပြီး၍ ၁၀မိနစ်ကျော်သွားပြီးဟု ဆိုလို၏။

အချိန်မေး၍ ဖြေကြားသံကြားလိုက်ရလျှင် ဖြေကြားသူ သည် အချိန်လေးစားသူဟုတ်မဟုတ် ဘူးပေါ်သလိုပေါ်တော့၏။

နောက်တစ်ချက် နိုင်ငံခြားသားများတွင် တွေ့ရသည်မှာ နံနက် စာစားလျှင် စားနေရင်းသတင်းစာ ဖတ်နေသည်မှာ စားသောက်ဆိုင် များတွင် ရိုးနေသည့်မြင်ကွင်းဖြစ်၏။ စာသောက်နေရင်း လေပန်း မနေ။ အလားတူပင် မြေအောက်ရထား ဘတ်စ်ကားစီးသူများ ခရီး သွားစဉ်စာဖတ်ကြ၏။ သတင်းစာ၊ မဂ္ဂဇင်းဖတ်ကြ၏။ အချိန်ကို အလ ဟဿမထား။

တကယ်ကြီးပွား တိုးတက်နေသူများကို လေ့လာပါ။ တစ်နေ့ ကို၁၂ နာရီအလုပ်လုပ်သူနှင့် ၁၆ နာရီထိ အလုပ်လုပ်သူများတွေ့ရ မည်။

ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလိုတော့ ဖြစ်မည်။ စာရေးသူ ကိုယ်တွေ့ ကျွန်တော်တို့လူမျိုး အချိန်မလေးစားသူများ ဖြစ်ရပ်မှန် များ တင်ပြပါဦးမည်။

အစည်းအဝေး ၁၀နာရီ ခေါ်ထားလျှင် စာရေးသူသည် ၁၀ နာရီမထိုးမီ ၁၀ မိနစ် ၅ မိနစ် အမြဲစောရောက်နေ၏။ အစည်းအဝေး ခေါ်ထားသည့် လူကြီးကရောက်မလာ။ တစ်ခါတစ်ရံ ၁ နာရီလောက် ကျမှ ယနေ့အစည်းအဝေး မလုပ်ဖြစ်တော့ကြောင်း တစ်ဦးဦးနှင့် အကြောင်းကြားတတ်၏။

ယင်းလူမျိုးများမှာ မိမိအချိန်ကိုသာ မဟုတ်၊ အခြားသူများ အချိန်ကိုပါ ဖြုန်းတီးသူဖြစ်၏။ နောက်တော့ စာရေးသူသည် ဤကိစ္စမျိုးသိမခံတော့။ ၁၀ နာရီချိန်းထားလျင် ၁၀ နာရီ ၁၀ မိနစ်လောက် ကျော်အောင်စောင့်၏။ လူကြီးမလာပါက သူ့ ကိုယ်ရေးအတွင်းဝန် (ပီအေ) လုပ်သူကို 'ကိုင်း. . . ငါ ၁၀ နာရီ မထိုးခင် ရောက်နေတယ်၊ အခု ၁၀ မိနစ်ကျော်တဲ့ အထိစောင့်တယ်၊ ငါ့မှာလည်း လုပ်စရာတွေ အများကြီးရှိတယ်၊ သွားလုပ်နေမယ်၊ မင်းဆရာလာရင် ငါ့အခေါ် ခိုင်းလိုက်တော့' ဟု ပြောခဲ့ကာ ကိုယ့်အလုပ်ကိုယ်လုပ်ရ၏။

လူကြီးကကျွန်တော့်ကို ဘယ်ကြည်တော့မည်နည်း၊ ဂရုမစိုက် ပါ။ လူ့ဘဝမှာ တစ်ရှူ တစ်ရှိုက်ကလေးသာ နေရသည်ဟု စာရေးသူ ခံယူထားပြီးဖြစ်၏။ သူ့အကြိုက်၊ လူကြီးအကြိုက်၊ လူကြီးမျက်စိကျ အောင် ဟူ၍ မည်သည့်အခါကမျှ စာရေးသူမလုပ်ခဲ့။ ကိုယ့်အလုပ် သာ ကိုယ်ဖိ၍ လုပ်စရာရှိသည်ကို လုပ်ခဲ့ပါသည်။

နောက်သာဓကတစ်ခု တင်ပြပါဦးမည်။ ကျွန်တော့် မိတ်ဆွေ ကြီး စာရေးဆရာချစ်စံဝင်းနှင့် ပတ်သက်၏။

ဆရာချစ်စံဝင်းသည် ရုပ်သေးရုပ်များကို စိတ်ဝင်စား၍ ရုပ်သေး ပညာကိုပါ အသေးစိတ်လေ့လာထားသူဖြစ်၏။

ရုပ်သေးရုပ် လုပ်သူများနှင့်ပါ ရင်းနှီးသူဖြစ်၏။ တစ်နေ့ တွင်သူ့မိတ်ဆွေ စက်ာပူမှ ကုန်သည်ကြီးတစ်ဦးအား ရုပ်သေးရုပ် တစ်ရုပ်ပြရာ ကုန်သည်ကြီးက သဘောကျသွားပြီး သူဝယ်ယူမည့် အရေအတွက်ကို ပြောပြကာ ဘယ်တော့ရနိုင် မည်နည်းဟုမေး၏။

ဆရာချစ်စံဝင်းက ရုပ်သေးရုပ်လုပ်သူများအား ပြန်မေးကြည့် ရာ ၉ လကြာလျှင် ရနိုင်မည်ဟုဖြေ၏။

စက်ာပူကုန်သည်ကြီးက 'မင်း ၉ လဆိုတဲ့အချိန်ဟာ ရုပ်သေး

ရုပ်မဟုတ်ဘူး၊ သင်္ဘောတစ်စင်းတောင် တည်ဆောက်လို့ပြီးနိုင်တယ်၊ တော်ပါပြီ မင်းရုပ်သေးရုပ်' ဟု လန်သွားဖူးလေသည်။

မည်မျှဝမ်းနည်းဖို့ ကောင်းသနည်း။ မြန်မာ့ရုပ်သေးရုပ် ကမ္ဘာ့ဈေးကွက် ရောက်နိုင်ပါလျက် အချိန်မတွက်တတ်မှုကြောင့် ဆုံးရှုံးနစ်နာခဲ့ရခြင်း ဖြစ်လေသည်။

အချိန်နားမလည်သည့်အပြင် (Mass Production) ခေါ် အရုပ်တွေ အများကြီး ထုတ်လုပ်သည့်သဘော၊ ထုနှင့်ထည်နှင့် အင်နှင့်အားနှင့် ထုတ်လုပ်သည့်သဘောကိုလည်း နားမလည်ရာ ရောက်၏။ ဈေးကွက်သဘောကိုလည်း နားမလည်ရာရောက်၏။

ယခုခေတ် ကုန်ပစ္စည်းတစ်ခုကို တီထွင်နိုင်ရုံနှင့်မပြီး။ ယင်းပစ္စည်းကို ဈေးနည်းနည်းနှင့် လူထုသုံးနိုင်ရန် ဈေးကွက်သို့ အရောက်ပို့နိုင်အောင် လုပ်နိုင်ဖို့က အဓိကဖြစ်၏။

ထို့ကြောင့် ယခုခေတ်တွင် တကယ်တိုးတက်ချင်လျှင် အချိန်ကို ရက်နှင့် လနှင့် မတွက်ပဲ မိနစ်နှင့် စက္ကန့်နှင့် တွက်တတ်ရန် အရေးကြီးလှပါသည်။

နေရာ. . . နေရာ မရှိ၍ အခြားနိုင်ငံများ မြေဈေး ခေါင်ခိုက်နေချိန်တွင် မြန်မာနိုင်ငံတွင် သဘာဝကပေးထားသည့် နေရာတွေမှာ အလျှံအပယ်ဟု ခေါ်နိုင်၏။

စင်္ကာပူ၊ ဟောင်ကောင် မည်မျှတိုးတက်နေစေကာမူ နေရာကန့်သတ်ချက်ကို မည်သို့မျှကျော်လွှား၍မရ။ အလားတူပင် ဂျပန်နိုင်ငံသည် ကမ္ဘာ့ထိပ်သီး စီးပွားရေးနိုင်ငံကြီး ဖြစ်နေပါလျက် နေရာကန့်သတ်ချက်ကို မည်သို့မျှ ကျော်လွှားနိုင်မည်မဟုတ်။

ဤသည်မှာ ပထဝီနိုင်ငံရေး (GEO-POLITICS) သဘောပင်ဖြစ်၏။

ကျွန်တော်တို့နိုင်ငံ၏ ရေမြေတောတောင် သဘာဝကို သိရှိသူနိုင်ငံခြားသားများ လက်ဖျားခါရသည်ချည်း ဖြစ်၏။

စာရေးသူ တပ်မတော်ထဲတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က အစ္စရေးအရာရှိများနှင့် မကြာခဏ ကြုံဖူးပါသည်။ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းမြစ်ကြီးများ မြင်လိုက်ရသောအခါ အစ္စရေးအရာရှိများသည်

လက်ဖျားခါ၍ "ဟာ. . . မင်းတို့နိုင်ငံ အကယ်ချမ်းသာပါလား" ဟု ပြောမပြီးတော့။

သူတို့နိုင်ငံတွင် ဂျော်ဒန်မြစ်ရေ ရရှိရေးအတွက် မကြာခဏ အိမ်နီးချင်းနိုင်ငံများနှင့် အချင်းများနေရသည် မဟုတ်လော။

တိုကျို၊ ဟောင်ကောင်၊ စင်္ကာပူတို့တွင် မြေနေရာ ကန့်သတ်ချက်များကြောင့် မြေဈေးမေးလျှင် မြေတစ်ဧက၊ တစ်ဟက်တာ ဈေးမပြော၊ စတုရန်းတစ်မီတာကို ဘယ်လောက် ဈေးဟု ပြောကြ၏။

တိုကျိုရှိ (IBM) ကုမ္ပဏီကြီးရုံးခန်းတွင် ဝန်ထမ်းများရှိသည့် အနက် လေးပုံတစ်ပုံမှာ အမြဲအပြင်ထွက်အလုပ် လုပ်နေကြသည့် အရောင်းသမားများဖြစ်၏။

ထို့ကြောင့်လူတိုင်းအတွက် စားပွဲ ကုလားထိုင် ပေးထားရန် မလို။ ပေးရန်လည်းနေရာမရှိ။ စတိုခန်းကြီးတစ်ခန်းတွင် လက်တွန်း လှည်းများ စီတန်းထားသည်ကို တွေ့ရမည်။

ယင်း လက်တွန်းလှည်းများပေါ်တွင် အလုပ်သမားတစ်ဦး ရုံးလုပ်ငန်းများလုပ်ရန် ကွန်ပျူတာ၊ လက်နှိပ်စက်၊ စက္ကူများ၊ ဖိုင် စသည့် အပြည့်အစုံရှိ၏။

အလုပ်သမားတစ်ဦးသည် အပြင်ထွက် အလုပ်လုပ်နေရာမှ ရုံးချုပ် ပြန်ရောက်လျှင် ယင်းစတိုခန်းကြီးသို့ အလျင်ဝင်ရသည်။ မိမိ ကွန်ပျူတာကို ဖွင့်ကြည့်လိုက်လျှင် ရုံးဘယ်နေရာ ဘယ်အခန်းတွင် အားလပ်နေသည်ကို သိရမည်။

ထိုအခါ ကိုယ့်လက်တွန်းလှည်းကို ယင်း လစ်လပ်နေသည့် နေရာသို့ တွန်းသွား၍ လက်တွန်းလှည်းကို စားပွဲလုပ်ကာ မိမိ အလုပ်ကို ရုံးတိုင်လုပ်နိုင်၏။

တစ်ခါသူအပြင်သွားရန်ရှိသည့်အခါ သူ့ရုံးပစ္စည်းအားလုံးကို လက်တွန်းလှည်းတွင်တင်ကာ ယင်းလှည်းကို စတိုခန်းတွင် ထားခဲ့ ရုံသာ ရှိ၏။

အပြင်မှ ပြန်လာသည့်နောက် အလုပ်သမားတစ်ဦးက နေရာလိုသည့်အခါ ကွန်ပျူတာတွင် ကြည့်၍ ယင်း လစ်လပ်သည့် နေရာတွင်ဝင်၍ အလုပ်လုပ်ပြန်၏။

မည်မျှ လက်တွေ့ကျလိုက်ပါသနည်း။

ကျွန်တော်တို့မြန်မာနိုင်ငံတွင် ယင်း ပြဿနာ လုံးဝမရှိသေးပါ။ လူဦးရေ သန်း (၅၀) ကျော်သည့်တိုင် မြန်မာနိုင်ငံ၌ နေရာ အလုံအလောက်ရှိပါသည်။ အနည်းဆုံးလူဦးရေ သန်း (၅၀) လောက်ရှိမှလည်း လူရိုသေ ရှင်ရိုသေ နိုင်ငံတစ်ခု ဖြစ်လာနိုင်သည်ကို သတိပြုရပါမည်။

သဘာဝက ကျွန်တော်တို့နိုင်ငံတွင် ပေးထားသည့်နေရာမှာ အလျှံပယ်ဟုခေါ်နိုင်၏။ နေရာအလုံအလောက်၊ ရွှေ ငွေ ကျောက်သံပတ္တမြား၊ နီလာ၊ ဆန်စပါး၊ သီးနှံမျိုးစုံ၊ ဘာလိုသေးသနည်း။

အလုပ်လုပ်ရန်သာလို၏။

အချိန်ကို အသုံးချတတ်ရန်သာလို၏။

စည်းစည်းလုံးလုံး ရှိကြရန်သာ လိုပါ၏။

ကျွန်တော်တို့ သန်း (၄၀) ကျော် မြန်မာများ စည်းလုံးညီညွတ်စွာနှင့် ကြိုးစားအလုပ်လုပ်ကြလျှင် မြန်မာနိုင်ငံသည် သဘာဝက ပေးထားသည့် မြေ၊ ရေ၊ သဘာဝနှင့် အရှေ့တောင်အာရှတွင် နိုင်ငံကြီး တစ်နိုင်ငံအဖြစ် မကြာမီ ပေါ်ထွန်းလာမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါကြောင်းတင်ပြလိုက်ရပါသည်။ ။

♦ ♦ ♦

သောင်းထိုက်